MINISTRY OF
Sports and Youth Affairs
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန
သတင်းလွှာ
Monthly Newsletter
Volume 1, No, 7, November 2022

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဇွဲကပင်အားကစားကွင်း ဖွင့်ပွဲအခမ်းအနားသို့တက်ရောက် နိုင်ငံတကာအဆင့်မီ ဇွဲကပင်အားကစားကွင်းသစ်ကြီး ဖွင့်လှစ်ပေးနိုင်သည့်အတွက် မျိုးဆက်သစ် အားကစားသမားများ မွေးထုတ်ပေးနိုင်တော့မည်



● ဘားအံ၊ နိုဝင်ဘာလ(၅)ရက်။

(၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇွဲကပင်အားကစားကွင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်(၈)နာရီတွင် ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ အဆိုပါဘောလုံးကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် မန်းငြိမ်းမောင်နှင့် စောဒန်နီရယ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမြင့်ကျိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဦးမင်းသိန်းဇံ၊ ဒေါက်တာသက်သက်ခိုင်၊ ဦးစောထွန်းအောင်မြင့်နှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးတို့က ဇွဲကပင် အားကစားကွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် မန်းငြိမ်းမောင်က ဇွဲကပင်အားကစားကွင်း အဝင်မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် စောဒန်နီရယ်က ဇွဲကပင်အားကစားကွင်း ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကောင်စီဝင် မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီးများနှင့်အတူ အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ယင်းနောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတကာအဆင့်မီ ဇွဲကပင် အားကစားကွင်းသစ်ကြီး ဖွင့်လှစ်ပေးနိုင်သည့်အတွက် နိုင်ငံတော်မှ အားထားရမည့် မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ အားကစားကွင်း ရေရှည်တည်တံ့ပြီး အားကစားပိုမိုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်ရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြစေလိုကြောင်း ပြောကြားသည်။

အခမ်းအနားတွင် ကရင်ရိုးရာယဉ်ကျေးမှုဒုံးအဖွဲ့၊ မွန်ယဉ်ကျေးမှုအဖွဲ့၊ ပအိုဝ်းယဉ်ကျေးမှုအဖွဲ့တို့က သီဆိုကပြ ဖျော်ဖြေကြပြီး အခြေခံပညာကျောင်းများမှ ကျောင်းသူများက Physical Fitness Dance ဖြင့် သရုပ်ပြ ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများက ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့်ပြည်ထောင်စုဝန်ကြီးများအား ဇွဲကပင်အားကစားကွင်းဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

အဆိုပါ ဇွဲကပင်အားကစားကွင်းကို ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ် ခြောက်လ ဘတ်ဂျက်တွင် ၇၇၆ဖြ ဒသမ ၂၂၄ ကျပ်သန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး

စာမျက်နှာ(၂)သို့ ▶

















မျက်နှာဖုံးသတင်း•••မှအဆက်

အရှေ့ဘက် ပွဲကြည့်စင် ပေ(၄၄၀ × ၃၅)၊ အနောက်ဘက်ပွဲကြည့်စင် ပေ (၄၈၀×၆၀)၊ တောင်ဘက်ပွဲကြည့်စင် ပေ(၂၈၀×၃၅)၊မြောက်ဘက်ပွဲကြည့် စင် ပေ(၂၈၀×၃၅)၊ Synthetic မီတာ ၄၀၀ ပြေးလမ်း၊ ဘောလုံးကွင်း တစ်ကွင်း၊ LED Score Board တစ်ခုနှင့် အခြားဆက်စပ်သော တည်ဆောက်ရေးလုပ်ငန်းများ ပါရှိကြောင်း သိရသည်။

ဆက်လက်၍ အဆိုပါ ဇွဲကပင် အားကစားကွင်း၌ ကရင်ပြည်နယ် ဝန်ကြီးချုပ်ဖလား၊ မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် အားကစားဝါသနာရှင်များက အမျိုးသမီး လက်ဆင့်ကမ်းပြေးပွဲနှင့် အမျိုးသားအပြေးပြိုင်ပွဲတို့ကို ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲဝင်အသင်းများကို ငွေကျပ် နှစ်သိန်းစီ ထောက်ပံ့ပေးအပ်သည်။

ယနေ့ကျင်းပသည့် ပြည်နယ်ဝန်ကြီးချုပ်ဖလား၊ မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲသို့ ပြည်နယ် အတွင်းရှိ မြို့နယ်များမှ အသင်းခုနစ်သင်း အားကစားသမား ၁၆၈ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး နိုဝင်ဘာလ ၇ ရက်အထိ ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။

■

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းရှိ စားရိပ်သာ(၁)နှင့် (၂)တို့အား လိုက်လံကြည့်ရှုစစ်ဆေး





● နေပြည်တော်၊ နိုဝင်ဘာလ(၂)ရက်။



အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နေ့လယ်(၁၂)နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Gold Camp ရှိ စားရိပ်သာ(၁)နှင့်(၂)တို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ဦးစွာ စားရိပ်သာ မီးဖိုချောင် အတွင်း/အပြင် သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် အသား/ငါး လှီးခုတ်သည့် အခန်း၊ အသီးအရွက် ထားရှိသည့် အအေးခန်း၊ အစားအသောက် ချက်ပြုတ်ရန် ပြင်ဆင်နေမှုများအား လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပြီး စားရိပ်သာ(၁)နှင့်(၂)တို့တွင် စားသောက်မည့်နေရာ ခင်းကျင်းထားရှိမှုများအား ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် စားရိပ်သာအား စနစ်တကျ သန့်ရှင်းသပ်ရပ်စွာ ထားရှိရန်လိုကြောင်း၊ အဆောက်အဦအတွင်း/အပြင် ဆေးပြန်လည်သုတ်ရန်လိုကြောင်း တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်ပြီး စားပွဲခင်းများ အသစ်ပြန်လည်လဲလှယ်ရေး၊ ပစ္စည်းတင်စင်များ အသစ်ပြန်လည် ပြုပြင်သွားရေး၊ ထမင်း/ဟင်းတင်မည့်စင်အား စတီးစင်များဖြင့် အသစ်လဲလှယ်အသုံးပြုနိုင်ရေး၊ လာမည့် ဘတ်ဂျက်တွင် စားရိပ်သာ(၂)ခုအား အကြီးစားပြုပြင်နိုင်ရေးအတွက် တွက်ချက်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိပါသည်။





## အားကစားအမျိုးအစား (၄) မျိုး

၁။ Competitive Sport - ယှဉ်ပြိုင်အားကစား

၂။ Leisure Sport - အပန်းဖြေအားကစား

၃။ Traditional Sport - ရိုးရာအားကစား (ခြင်းလုံး၊ သိုင်း၊ လက်ဝှေ့၊ နပန်း၊ ကျင်၊ ထုတ်ဆီးတိုး)

၄။ Mass Sport - လူထုအားကစား

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ကရင်ပြည်နယ်၊ ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်းအား လိုက်လံကြည့်ရှုစစ်ဆေး





● နေပြည်တော်၊ နိုဝင်ဘာလ(၃)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ကရင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နေ့လယ်(၂)နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင် အားကစားကွင်း သစ်တွင် တည်ဆောက်ပြီးစီးခဲ့သော အထူးတန်းပွဲကြည့်စင်များ၊ အစည်း အဝေးခန်းမ၊ ဧည့်တွေ့ဆောင်၊ ဆေးခန်း၊ ဒိုင်/နည်းပြများ နားနေခန်း၊ Synthetic ပြေးလမ်းနှင့် ဇွဲကပင် အားကစားကွင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအား လည်းကောင်း၊



၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု ဘတ်ဂျက်တွင် တည်ဆောက်ရန် လျာထားသည့် ရေကူးကန်၊ ဒိုင်ဗင်စင်ရေကူးကန်နှင့် အားကစားရုံတည်ဆောက်မည့် (၄၀၀ပေ x ၄၀၀ ပေ) မြေနေရာများအား လည်းကောင်း၊ ပြည်နယ်ဘတ်ဂျက်ဖြင့်တည်ဆောက်မည့်(၃၀၀ပေ x ၄၀၀ပေ) အားကစားသမား တည်းခိုဆောင်နှင့် ကားရပ်နားရန်နေရာ တည်ဆောက်မည့် မြေနေရာများအားလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးတည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ် စံချိန်/စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရေး၊ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန်နှင့် အဆိုပါ အဆောက်အအုံများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲစေရေး စနစ်တကျ ထိန်းသိမ်း စောင့်ရှောက်သွားရန် တာဝန်ရှိသူများအား လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိပါသည်။

■

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပူးတွဲလေ့ကျင့်မှု (Joint Training)ပြုလုပ်ရန် သွားရောက်မည့် အားကစားအဖွဲ့များနှင့် တွေ့ဆုံ





● နေပြည်တော်၊ နိုဝင်ဘာလ(၁၁)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက G to G အစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပူးတွဲလေ့ကျင့်မှု (Joint Training) ပြုလုပ်ရန်သွားရောက်မည့် အားကစားအဖွဲ့များနှင့်တွေ့ဆုံသည့်အခမ်းအနားအား ယနေ့နံနက်(၁၀း၀၀) နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ Multipurpose Hall ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ရှေးဦးစွာ အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီးအား မြန်မာအားကစားအဖွဲ့များမှ အဖွဲ့လိုက် ဂါရဝပြုမိတ်ဆက်ခဲ့ကြပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လမ်းညွှန်

>>




▶▶

အမှာစကားပြောကြားရာတွင် ၂၀၂၃ ခုနှစ်၊ ကမ္ဘောဒီးယားနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်မည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများကို နေပြည်တော်၌ အားကစားနည်း(၁၁)နည်းနှင့် ရန်ကုန်မြို့၌ အားကစားနည်း(၆)နည်းတို့ဖြင့် စခန်းသွင်းလေ့ကျင့်မှုများကို စနစ်တကျ ပြုလုပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် အားကစားသမားများ၏ အရည်အသွေး၊ အရည်အချင်းများ ပိုမိုတိုးတက်လာစေရန်အတွက် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် လျာထားသည့် အားကစားနည်းများအနက်မှ ဘော်လီဘော၊ ဝူရှူး၊ ပြေးခုန်ပစ်နှင့် လက်ဝှေ့အားကစားနည်းများမှ အုပ်ချုပ်/နည်းပြ (၁၅)ဦး၊ အားကစားသမား ကျား(၅၂)ဦး၊ မ(၃၄)ဦး၊ စုစုပေါင်း(၁၀၁)ဦးတို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပူးတွဲလေ့ကျင့်မှု (Joint Training) ပြုလုပ်ရန်(ပထမအသုတ်)အနေဖြင့် နိုဝင်ဘာလတွင် စေလွှတ်သွားမည်ဖြစ်ပါကြောင်း၊ SEA Gamesပြိုင်ပွဲတွင် အခြားနိုင်ငံများနှင့် ယှဉ်ပြိုင်ရာ၌ အမိနိုင်ငံ၏ဂုဏ်ကို မြှင့်တင်နိုင်စေရန်နှင့် အောင်မြင်မှု ဆုတံဆိပ်များ ပိုမိုရရှိစေရန်အတွက် Joint Training စေလွှတ်ပေးရခြင်းဖြစ်ပါကြောင်း၊ အားကစားသမားများအနေဖြင့် မိမိတို့၏ အရည်အသွေးများ ပိုမိုတိုးတက်လာစေရန် Joint Training ကာလအတွင်း လေ့ကျင့်မှုများ ပြုလုပ်ရာ၌ စိတ်ရောကိုယ်ပါနှစ်ပြီး အစွမ်းကုန် ကြိုးစားအားထုတ်ကြစေလိုကြောင်း၊ တရုတ်နိုင်ငံသို့ ရောက်ရှိနေစဉ်ကာလအတွင်း အခက်အခဲ တစ်စုံတစ်ရာရှိပါက တာဝန်ရှိသူများထံ ပွင့်ပွင့်လင်းလင်း တင်ပြပေးစေလိုကြောင်း၊ သို့မှသာ မိမိတို့အနေဖြင့် အမြန်ဆုံး ကူညီဖြေရှင်း ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ အားကစားသည် လေ့ကျင့်မှု၊ သက်လုံကောင်းမှုနှင့် ကြိုးစားအားထုတ်မှု ရှိမှသာလျှင် အောင်မြင်မှု ဆုတံဆိပ်များကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ အားကစားသမားအချင်းချင်း အသင်းအဖွဲ့ စိတ်ဓာတ်ရှိပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ကူညီရိုင်းပင်းကာ ချမှတ်ထားသော စည်းမျဉ်း/စည်းကမ်းများကို လိုက်နာ၍ ပြင်းပြင်းထန်ထန် လေ့ကျင့် ကြိုးစားကြစေလိုကြောင်း၊ နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်တို့ဖြင့် အားကစားလောက ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ကိုယ်စားပြုလက်ရွေးစင် အားကစားသမားကောင်းများဖြစ်လာအောင် အထူးကြိုးစားသွားကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်မှ အားကစားကို အားပေးပံ့ပိုးဖြည့်ဆည်းပေးနေသည့် အချိန်ကာလဖြစ်သည့်အတွက် အားကစားသမားများအနေဖြင့် အားကစားဖြင့် အမိနိုင်ငံ၏ဂုဏ်ကို မြှင့်တင်နိုင်အောင် ယခုအချိန်မှစ၍ အားသွန်ခွန်စိုက် ကြိုးစားလေ့ကျင့်သွားကြရန်လိုကြောင်း၊ ပြိုင်ပွဲများယှဉ်ပြိုင်ရာ၌ အားကစားသမားကောင်းစိတ်ဓာတ် မွေးမြူပြီး နောက်ဆုံးအချိန်အထိ မဆုတ်မနစ်သော ဇွဲ၊ စိတ်ဓာတ်တို့ဖြင့် ကြိုးစားယှဉ်ပြိုင်သွားကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

ပြီးနောက် ပြည်ထောင်စုဝန်ကြီးသည် အားကစားနည်းအလိုက် အုပ်ချုပ်/နည်းပြများနှင့် တွေ့ဆုံ၍ အားကစားသည် နိုင်ငံ၏ပုံရိပ်၊ နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာဖြစ်သည့်အတွက် မိမိတို့၏ အားကစားသမားများကို စိတ်ဓာတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုရှိစေရန်နှင့် စည်းကမ်းလိုက်နာပြီး ထူးချွန်သည့် အားကစားသမားကောင်းများဖြစ်လာစေရန် အုပ်ချုပ်/နည်းပြများအနေဖြင့် ပြုစုစောင့်ရှောက်၍ လေ့ကျင့်ပျိုးထောင် ပေးသွားရမည်ဖြစ်ကြောင်း၊ Joint Training သွားရောက်လေ့ကျင့်နေသည့် ကာလအတွင်း မိမိကစားသမားများ၏ လေ့ကျင့်ရေး၊ နေထိုင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေး စသည့် လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ တာဝန်ရှိသူများထံ နေ့စဉ်အစီရင်ခံစာ (Report) များ တင်ပြပေးရန်လိုကြောင်း မှာကြားခဲ့ပါသည်။



အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ညွှန်ကြားရေးမှူးများ၊ မြန်မာ့လက်ရွေးစင် အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။





**အားကစားလိုက်စား လူငယ်များ**
**တိုင်းကားဖြည့်ရှာ ဂုဏ်ထည့်ပါ**

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ လူငယ်ရေးရာဦးစီးဌာန၊ ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၂/၂၀၂၂) သင်တန်းဖွင့်ပွဲ အခမ်းအနားတက်ရောက်






● နေပြည်တော်၊ နိုဝင်ဘာလ(၁၄)ရက်။

ဝန်ထမ်းများ ကျန်းမာကြံ့ခိုင်ပြီး အရည်အချင်းပြည့်ဝစေရန်နှင့် ရုံးလုပ်ငန်းများ ပိုမိုကျွမ်းကျင်စွာ တတ်မြောက်စေရန် ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန၊ ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၂/၂၀၂၂) သင်တန်းဖွင့်ပွဲ အခမ်းအနားအား ယနေ့နံနက် (၀၉:၃၀) နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ Multipurpose Hall ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံအား သင်တန်းသား/သင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်ဂါရဝပြုခဲ့ကြပြီးနောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းဖွင့်အမှာစကား ပြောကြားရာတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံ့တာဝန်များကို ပုခုံးပြောင်းတာဝန်လွှဲယူမည့် လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး၊ အတွေးအခေါ် မှန်ကန်စေရေး၊ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဘက်စုံဖွံ့ဖြိုး တိုးတက်စေရန်အတွက် လူငယ်ရေးရာ ကိစ္စရပ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူငယ်ရေးရာဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအနေဖြင့် မိမိတို့ဦးစီးဌာန၏မူဝါဒ ရည်မှန်းချက်များ ပြည့်မီစေရေး အကောင်အထည်ဖော် ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်ရာတွင် ဝန်ထမ်းစည်းမျဉ်း/စည်းကမ်းများ၊ ဘဏ္ဍာရေးစည်းမျဉ်း/စည်းကမ်းများနှင့် ရုံးလုပ်ငန်းများကို အချိန်တိုအတွင်း ပိုမိုသိရှိနားလည်ပြီး ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်စေရန်အတွက် ရည်ရွယ်၍ ယခုသင်တန်းအား ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ပါကြောင်း၊ လူငယ်ရေးရာဦးစီးဌာန၏ ဆောင်ပုဒ်ဖြစ်သည့် "လူငယ်အင်အား စွမ်းပကားဖြင့် နိုင်ငံ့ဂုဏ်ရောင် အလင်းဆောင်အံ့" ဆိုသည့်အတိုင်း "ဆယ်ကျော်သက် အရွယ် မြန်မာနိုင်ငံသားလူငယ်များ" ဘက်စုံဖွံ့ဖြိုး တိုးတက်စေရေးနှင့် လူငယ်ရေးရာကိစ္စရပ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် လူငယ်ရေးရာဦးစီးဌာနကို တိုးချဲ့ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ ကဏ္ဍပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဝန်ထမ်းများအနေဖြင့် မိမိတို့၏ ကိုယ်ရည်ကိုယ်သွေးများတိုးတက်အောင် ယခုသင်တန်းတွင်သင်ကြားပို့ချမည့် သင်ခန်းစာများကို အပတ်တကုတ် ကြိုးစားသင်ယူကြရန်နှင့် ဝန်ထမ်းအချင်းချင်း နိုင်ငံ့ဝန်ထမ်းကောင်းစိတ်ဓာတ်အပြည့်အဝဖြင့် တစ်ဦးနှင့်တစ်ဦးအတူတကွ ပူးပေါင်းဆောင်ရွက်၍ တစ်ဦးကောင်း တစ်ယောက်ကောင်း စိတ်ဓာတ်မမွေးဘဲ အဖွဲ့အစည်းစိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်မွေးပြီး စည်းလုံးညီညွတ်စွာ ပေးအပ်ထားသည့် တာဝန်များကို စိတ်စေတနာ အပြည့်အဝဖြင့် ကျေပွန်အောင်ထမ်းဆောင်၍ နိုင်ငံတော်က အားထားရသည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ အခမ်းအနားအား ရုပ်သိမ်းခဲ့ပါသည်။



အဆိုပါ အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးလှိုင်၊ ဒေါက်တာစိုးဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသော ဦးထွန်းမြင့်ဦး၊ ဦးနေဝင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အဆိုပါ သင်တန်းကို(၁၄-၁၁-၂၀၂၂)ရက်နေ့မှ (၂၈-၁၁-၂၀၂၂)ရက်နေ့အထိ(၂)ပတ်ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ရာ သင်တန်းသား/သင်တန်းသူ စုစုပေါင်း (၂၂)ဦး တက်ရောက်သင်ကြားသွားမည် ဖြစ်ကြောင်း သတင်းရရှိပါသည်။

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ မြန်မာနိုင်ငံလေ့လျော်အဖွဲ့ချုပ်ရှိ (၆)ခန်းတွဲ (၄)ထပ်အိပ်ဆောင် တည်ဆောက်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေး၍ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ






● ရန်ကုန်၊ နိုဝင်ဘာလ(၂၆)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မြန်မာနိုင်ငံလေ့လျော်အဖွဲ့ချုပ်သို့ရောက်ရှိပြီး (၆)ခန်းတွဲ (၄)ထပ် အားကစားသမားအိပ်ဆောင် ဆောက်လုပ်နေမှုအခြေအနေအား လာရောက်ကြည့်ရှုစစ်ဆေး၍

- ယခုဆောက်လုပ်နေသည့် လုပ်ငန်းခွင်ကို အရည်အသွေးပြည့်ဝပြီး အချိန်မီပြီးစီးအောင် ဆောင်ရွက်ပေးရန်နှင့် ဆောက်လုပ်ရေးအဖွဲ့မှလိုအပ်ချက်များ တင်ပြလျှင်လည်း မိမိတို့ဝန်ကြီးဌာနမှ တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊
- အဆောက်အဦ အနောက်ဘက်ရှိ မြေနံရံပြိုကျမှုမဖြစ်စေရန် မြေကာနံရံနှစ်ဆင့် ပြုလုပ်ပေး၍ သဘာဝဘေးအန္တရာယ်ကို ခံနိုင်ရည်ရှိရန် လိုအပ်ကြောင်း၊ အဆောက်အဦမျက်နှာစာ လှပရေးဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။
- တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာရေးနှစ်အကုန်တွင် အပြီးသတ် တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်း တင်ပြပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံလေ့လျော် အားကစားအဖွဲ့ချုပ်ရှိ လူငယ်အားကစားသမားများနှင့် လက်ရွေးစင်အားကစားသမားအား တွေ့ဆုံ၍



အားပေးအမှာစကား ပြောကြားရာတွင်

- အားကစားသမားများအနေဖြင့် မိမိတို့ လုပ်ဆောင်ရမည့် လေ့ကျင့်ရေးအပိုင်းကို ပုံမှန်လုပ်ဆောင်နေသည်ကို သိရှိရ၍ ဝမ်းမြောက်ပါကြောင်း၊ ကျန်းမာရေးကို အထူးဂရုစိုက်ရန်လိုအပ်ကြောင်း၊
- ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရောဂါပိုးပျံ့နှံ့မှုနှုန်းမှာ လျော့သွားသော်လည်း မပေါ့ဆရန် လိုအပ်ပါကြောင်း၊
- အားကစားသမားများ အတွေ့အကြုံကောင်းများ ရရှိစေရန်အတွက် ဖိတ်ခေါ်ပြိုင်ပွဲများကိုလည်း စေလွှတ်သွားမည်ဖြစ်ကြောင်း၊
- ထိုင်းနိုင်ငံ ပတ္တယားမြို့တွင် ကျင်းပခဲ့သည့် (၁၄)ကြိမ်မြောက် အာရှနဂါးလေ့လျော်ပြိုင်ပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအသင်း၊ အင်ဒိုနီးရှားနိုင်ငံအသင်းတို့ ပါဝင်သည့်အတွက် ဒုတိယဆုတံဆိပ်များသာ ရရှိခဲ့သော်လည်း လေ့ကျင့်ထားသည့် စံချိန်တွေထက် သာလွန်သည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊
- နိုင်ငံတော်အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပူးတွဲလေ့ကျင့်ရန် စေလွှတ်ခြင်းနှင့် ပတ်သက်၍ မြန်မာ့အားကစားအောင်နိုင်ရေးအတွက် အထောက်အကူပြုအကျိုးရှိစေရန် သေချာစိစစ်၍ စေလွှတ်ပေးနေခြင်း ဖြစ်ပါကြောင်း၊
- ယခုအခါ နိုင်ငံတော်က အားကစားကိုချီးမြှောက်နေပြီး ယခင်ရွှေခေတ် နိုင်ငံ့ဂုဏ်ဆောင်ခဲ့သော အားကစားသမားကြီးများ၏ လူတွေ့မေးမြန်းခန်းတွင် ယခုခေတ် အခြေအနေနှင့် ၎င်းတို့ခေတ် အခြေအနေကိုနှိုင်းယှဉ်ပြ၍ နိုင်ငံတော်မှ အားကစားကို အားပေးနေသည့်အချိန်၌ မျိုးဆက်သစ် အားကစားသမားများ အစွမ်းကုန်ကြိုးစား၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအား စွမ်းပကားမြင့်မားစွာဖြင့် ကြိုးစားစေလိုကြောင်း ပြောကြားခဲ့မှုများကို အလေးထားသိရှိစေလိုကြောင်း၊
- အားကစားသမားများအနေဖြင့် မိမိကိုယ်ကို နိမ့်ချရန်မလိုအပ်သလို မာနထောင်လွှားရန်လဲ မလိုအပ်ဘဲ စည်းလုံးညီညွတ်မှုရှိရန် လိုအပ်ပါကြောင်း၊



- အားကစား လေ့ကျင့်မှုသည် သွားရောက် လေ့ကျင့်ရသည့်နေရာက အဓိက မဟုတ်ဘဲ ကြိုးစားလေ့ကျင့်လိုသည့် မိမိ၏ စိတ်ဆန္ဒကသာ အဓိကကျပါကြောင်း၊
- အထူးသဖြင့် လေ့လျော်အားကစားနည်းတွင် ကြိုးစားလော်ခတ်မှုနှင့် ဟန်ချက်ညီညီအချိန်ကိုက်လှုပ်ရှားတတ်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ အောင်နိုင်

စာမျက်နှာ(၈)သို့

စာမျက်နှာ(၇)သတင်း•••မှအဆက်

မည်ဖြစ်ပါကြောင်း၊

- အားကစား အောင်မြင်အောင် ဆောင်ရွက်ရာတွင်လည်း သတ်မှတ်ထားသည့် အာဟာရများနှင့် ဆေးဝါးများကိုသာ သုံးစွဲရန် လိုအပ်ပါကြောင်း၊
- မိမိသဘောဖြင့် အားရှိအောင် တားမြစ်ဆေးအမျိုးအစားပါသည့် ဆေးများကို သောက်သုံးမိလျှင် ကောင်းကျိုးထက် ဆိုးကျိုးရလဒ်များ ရရှိသွားမည်ဖြစ်ပါကြောင်း၊
- အားကစားသမား အချင်းချင်း ညီအစ်ကိုမောင်နှမသဖွယ် အတူတကွ စည်းစည်းလုံးလုံးနေထိုင် လေ့ကျင့်၍ အခက်အခဲများရှိပါကလည်း နည်းပြများမှတစ်ဆင့် တင်ပြပါက လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊
- နည်းပြ/အုပ်ချုပ်သူများ၏ သွန်သင်ဆုံးမမှုအောက်တွင် စနစ်တကျ ပျော်ရွှင်စွာ လေ့ကျင့်သွားရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ လေလှော် အားကစားအဖွဲ့ချုပ်မှ တင်ပြတောင်းခံထားသည့် Gym ခန်း၌အသုံးပြုမည့် လေ့ကျင့်ရေးစက်အမျိုးအစားကိုလည်း အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားပြီးနောက် စားရိပ်သာနှင့် အားကစားသမားများအိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါလျက် ကျိုက္ကဆံအားကစားကွင်းရှိ အမျိုးသမီးအိပ်ဆောင်၊ အမျိုးသားအိပ်ဆောင်၊ စားရိပ်သာနှင့် စားဖိုဆောင် ဆောက်လုပ်ပြီးစီးမှုတို့အား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ကြာရှည်ခိုင်ခံ့မှုရှိစေရန်နှင့် သတ်မှတ်စံချိန်စံညွှန်းအတိုင်း ကောင်းမွန်အောင် တည်ဆောက်ရန်၊ သတ်မှတ်ထားသော အချိန်ကာလအတွင်း ပြီးမြောက်စေရေးနှင့် လိုအပ်မှုအခက်အခဲများရှိပါက တင်ပြပြီး မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသွားပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါ၍ ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) သင်တန်းသား/သင်တန်းသူများနှင့်အတူ အထူးနေ့လယ်စာအား ပျော်ပျော်ရွှင်ရွှင် အတူတကွသုံးဆောင်ခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်္ဃန်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)သုဝဏ္ဏ




သို့ရောက်ရှိပြီး မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားရာတွင် လာမည့်(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် သက်ဆိုင်ရာ အားကစားနည်းအလိုက် အားကစားအဖွဲ့အားလုံးသည် အားကစားနှင့်မသင့်လျော်သည့် တားမြစ်ဆေးဝါးများကို လုံးဝမသုံးစွဲမိစေရန် နည်းပြများနှင့် အဖွဲ့ချုပ်တို့မှ အနီးကပ် ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တားမြစ်ဆေးများသုံးစွဲပြီး အောင်မြင်မှုရရှိအောင်ဆောင်ရွက်ခြင်းသည် နည်းလမ်းမှန်ကန်မှုမရှိသဖြင့် လေ့ကျင့်ထားသမျှအချည်းအနှီးဖြစ်၍ နိုင်ငံတော်၏ပုံရိပ်ကျဆင်းမှုဖြစ်ပါကြောင်း၊ (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်မှာ (၅)လသာလိုတော့သည့်အချိန်တွင် အချိန်မှန်မှန်လေ့ကျင့်မှုမှာ အဓိကကျသည့်အတွက် ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ အဖွဲ့ချုပ်များအနေဖြင့် နေပြည်တော်တွင် လေ့ကျင့်မှုများ ပြုလုပ်လိုပါကလည်း နေထိုင်စားသောက်ရေး ကိစ္စရပ်များ၊ လေ့ကျင့်မှုကိစ္စရပ်များကို စနစ်တကျ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့်အဖွဲ့ချုပ်များနှင့် ပြောဆိုညှိနှိုင်း ဆောင်ရွက်ရာတွင် ညီရင်းအစ်ကို လုပ်ဖော်ကိုင်ဖက်လိုခံယူ၍ မြန်မာ့အားကစား အာဆီယံနိုင်ငံများအကြား ရင်ဘောင်တန်းနိုင်အောင် ကြိုးစားရာမှတစ်ဆင့် ဂုဏ်ယူဝင့်ကြွားနိုင်သည်အထိ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း အဖွင့်အမှာစကား ပြောကြားပါသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မိမိတို့ တာဝန်ယူဆောင်ရွက်နေသော အားကစားနည်းအလိုက် ဆီးဂိမ်းတွင်အောင်မြင်မှုရရှိရေး၊ ပြည်တွင်း၌ တိုးတက်ပြန့်ပွားရေးအတွက် ဆောင်ရွက်ထားရှိမှုများနှင့် လိုအပ်ချက်များအား ရင်းနှီးပွင့်လင်းစွာဖြင့် ဆွေးနွေးတင်ပြခဲ့ပါသည်။

ထို့နောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံမှ အဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများတင်ပြဆွေးနွေးမှုများအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။



ထူးချွန်ပျိုမြစ် မျိုးဆက်သစ်
ပေါ်ထွက်ဖို့ရည် ကမ္ဘာ့အဆင့်မီ

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဝန်ထမ်းများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှ ဝန်ထမ်းများနှင့် ကျောင်းသား/ကျောင်းသူများ မိသားစု မိတ်ဆုံညစာစားပွဲတက်ရောက်





● ရန်ကုန်၊ နိုဝင်ဘာလ(၂၇)ရက်။

ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဝန်ထမ်းများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှ ဝန်ထမ်းများနှင့် ကျောင်းသား/ ကျောင်းသူများ မိသားစု မိတ်ဆုံညစာစားပွဲ အခမ်းအနားကို ယမန်နေ့ညနေ(၅)နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ စားရိပ်သာခန်းမ၌ ကျင်းပပြုလုပ်ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ အရာထမ်း(၃၅)ဦး၊ အမှုထမ်း(၃၇)ဦး၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ အရာထမ်း(၃၀)ဦး၊ အမှုထမ်း(၁၃၅)ဦး၊ သင်တန်းသား (၁၁၅)ဦးနှင့် သင်တန်းသူ(၁၁၄)ဦးတို့ တက်ရောက်ခဲ့ပါသည်။



အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနရှိ ဝန်ထမ်းများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများနှင့် သင်တန်းသား/ သင်တန်းသူများသည် မိမိ၏ မိသားစုဝင်များဖြစ်သည့်အတွက် ယခုလိုမိသားစုများနှင့်အတူတကွ လက်ဆုံညစာစားပွဲ ကျင်းပပြုလုပ်ရခြင်း ဖြစ်ပါကြောင်း၊ မိသားစုအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းဖြင့် တိုင်းပြည်တာဝန်များကို ထမ်းဆောင်နိုင်ကြပါစေ၊ ကိုယ်စိတ်နှလုံး သုံးပါးစလုံး အေးချမ်းပြီး မိမိကျရာတာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်ကြပါစေ၊ သင်တန်းသား/ သင်တန်းသူများ အားလုံးလည်း မိမိနိုင်ငံအတွက် အကျိုးပြုနိုင်တဲ့ အားကစားသမားကောင်းများ၊ အားကစားသမားဝန်ထမ်းကောင်းများ ဖြစ်ကြအောင် ကြိုးစားအားထုတ်ကြပါလို့ နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများ၊ ကျောင်းသား/ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ ချစ်ခင်ရင်းနှီးစွာဖြင့် အတူတကွ လက်ဆုံညစာ စားသုံးခဲ့ကြောင်း သိရှိရပါသည်။













# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်း ဆဋ္ဌမအကြိမ် စုံညီတွေ့ဆုံပွဲအခမ်းအနား တက်ရောက်





● ရန်ကုန်၊ နိုဝင်ဘာလ(၂၇)ရက်။

မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်း ဆဋ္ဌမအကြိမ် စုံညီတွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက်(၁၀)နာရီက သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပပြုလုပ်ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ အာကစားအဖွဲ့ချုပ်များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်းမှ ဥက္ကဋ္ဌ၊ အမှုဆောင်များနှင့် အသင်းဝင် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အလှူရှင်များ တက်ရောက်ကြပါသည်။





ရှေးဦးစွာ နိုင်ငံတော်သီချင်းနှင့် အတူ နိုင်ငံတော်အလံအား အလေးပြု၍ မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအဖွဲ့က ပွဲတိုင်းကျော်သီချင်းအားသံပြိုင်သီဆိုကြ၍ အခမ်းအနားအား စတင်ခဲ့ပါသည်။

အစီအစဉ်အရ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏က အဖွင့်အမှာစကားပြောကြားရာတွင်

- မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများ အသင်းအား မြန်မာ့အားကစား လောကတိုးတက်ရေး အောင်မြင်ရေးကို ကူညီပံ့ပိုး အကျိုးဆောင်ရန်၊ မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများ ချစ်ခင်ညီညွတ်စွာစုစည်းနိုင်ရန်နှင့် လူမှုရေးလိုအပ်ချက်များကို ကူညီပံ့ပိုးစောင့်ရှောက်နိုင်ရန်၊ နိုင်ငံတော်၏ အားကစားဆိုင်ရာကိစ္စရပ်များတွင်တတ်နိုင်သည့်ဘက်မှ ပါဝင်ကူညီဆောင်ရွက်ပေးရန် စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ၂၀၁၆ ခုနှစ်၊ ဧပြီလ (၈)ရက်နေ့မှ စတင်ဖွဲ့စည်း ဆောင်ရွက်နိုင်ခြင်းအားများစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊
- အသင်း စတင်ဖွဲ့စည်းချိန်မှစ၍ ယခုအထိ နိုင်ငံကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ အားကစားသမားဟောင်း (၃၁၄)ဦးအထိ အသင်းနှင့်ဆက်သွယ်၍ ပါဝင်ပူးပေါင်း ဆောင်ရွက်လာသည်ကို သိရှိရပါကြောင်း၊
- အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးသို့ သွားရောက်၍ အားကစား ဟောပြောပွဲများပြုလုပ်ခြင်း၊ ဝန်ကြီးဌာနမှ ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်ခြင်း စသည့် ဆောင်ရွက်ပေးမှုများကိုလည်း အသိအမှတ်ပြုပါကြောင်း၊
- မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း ကမ္ဘောဒီးယားနိုင်ငံမှာ ၂၀၂၃ ခုနှစ် မေလအတွင်း ကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ အောင်မြင်မှုရရှိစေရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပြင် (၃၃)ကြိမ်မြောက်နှင့် နောက်ပိုင်းကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ

▶▶
















များ၊ အာရှအဆင့် ပြိုင်ပွဲများ၊ နိုင်ငံတကာအဆင့် ဖိတ်ခေါ် ပြိုင်ပွဲများမှာ ထိုက်သင့်တဲ့ အောင်မြင်မှုရရှိစေရန် အိုလံပစ် အားကစားနည်းများအပါအဝင် အားကစားနည်းများ ရွေးချယ် သတ်မှတ်ပြီး နည်းပြ/ဒိုင်သင်တန်းများ၊ အားကစားအခြေခံ/အဆင့်မြင့်သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ အားကစားကလပ်များအား ပံ့ပိုးပေးခြင်း၊ လက်ရှိကျင်းပနေတဲ့ ပြိုင်ပွဲများအပြင် ကလပ်ပေါင်းစုံပြိုင်ပွဲများ ကျင်းပပေးခြင်း၊ ပြိုင်ပွဲအသီးသီးက ထူးချွန်တဲ့ အားကစားသမားများအား အသက်အရွယ်နှင့် ထူးချွန်မှုအလိုက် အားကစားနှင့် ကာယပညာသိပ္ပံများနှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်းတို့မှာ လက်ခံလေ့ကျင့်ပေးခြင်းတို့ကို ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊

- နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင် အားကစားသမားကြီးများအနေဖြင့်လည်း မိမိတို့၏ အတွေ့အကြုံကောင်းများနှင့် ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်ယှဉ်ပြိုင်ခဲ့၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့မှုများ၊ အောင်စိတ်နိုင်စိတ်မွေးပြီး မြန်မာဆိုတဲ့စိတ်ကို ပြိုင်ပွဲတွေမှာ ပြသယှဉ်ပြိုင်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှုများ စသည့် ကောင်းမြတ်သည့် အစဉ်အလာများကို ယခုမျိုး

စာမျက်နှာ(၁၂)သို့













စာမျက်နှာ(၁၁)···မှအဆက်

ဆက်သစ် အားကစားသမား များအား လက်ဆင့်ကမ်းပေးကြ ဖို့ ပြောကြားလိုကြောင်း၊

- နိုင်ငံတော်မှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကြီးများရဲ့ နိုင်ငံနှင့် ပြည်သူအတွက် ကြိုးစားပေးမှုကို ဂုဏ်ပြုသောအားဖြင့် အသက်(၆၀)ပြည့်မြောက်ချိန်မှစပြီး အသက်ရှင်နေသမျှကာလပတ်လုံး လစဉ်ထောက်ပံ့ ချီးမြှင့်ကြေးများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုဆိုလျှင် (၂၂၃) ဦးအား လစဉ် စုစုပေါင်းငွေကျပ်(၁၄၄)သိန်း ချီးမြှင့်ပေးနေပြီဖြစ်ပြီး ထပ်မံ၍ အသက်(၆၀)ပြည့်ပြီးသူများကို ခံစားခွင့်ရရှိနိုင်ရေးအား ဆက်လက် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း၊
- အလားတူ နိုင်ငံတော်ကချီးမြှင့်တဲ့ဘွဲ့ထူး၊ ဂုဏ်ထူးများ ရရှိရေးအား စိစစ်ထောက်ခံပေးလျက်ရှိရာ ယနေ့အထိ (၄၂၀)ဦး ရရှိပြီး ဆက်လက်၍လည်းစိစစ်ထောက်ခံ ပေးသွားမည်ဖြစ်ပါကြောင်း၊
- မြန်မာ့အားကစားလောက ပြန်လည်အောင်မြင်မှု ရရှိစေရေး အတွက် နိုင်ငံတော်အကြီးအကဲ၏ စိတ်ဝင်တစား လမ်းညွှန်ပံ့ပိုးမှုများဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အားကစားလက်ရွေးစင်ဟောင်းများအနေဖြင့်လည်း တစ်ထောင့်တစ်နေရာက ပါဝင်ပူးပေါင်း ဆောင်ရွက်ပေးကြဖို့ ဖိတ်ခေါ်အပ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်း ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာနန္ဒကျော်စွာက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် နာယက မြန်မာ့ရေကူး လက်ရွေးစင်ဟောင်း ဦးသက်ဝင်းက ဆုံးမသြဝါဒစကား ပြောကြားပါသည်။

ထို့နောက် မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများ အသင်းသို့ လှူဒါန်းငွေများ ပေးအပ်လှူဒါန်းရာ ပထမဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ လှူဒါန်းသော ငွေကျပ်(၁၀)သိန်းနှင့် စပို့ရှပ် အထည်(၂၅၀)၊ Truck Suit (၂၇)စုံပေးအပ်ရာ မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများ အသင်း ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာမှ လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပါသည်။

ဆက်လက်၍ သီရိပျံချီ ဦးအေးမြင့်ကြူ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဆွေမြင့် ပါမောက္ခ(ငြိမ်း)တို့က ငွေကျပ်(၁၀) သိန်း၊ ဦးဉာဏ်ထွန်းဦးနှင့် ဇနီးမှ ငွေကျပ်(၁)သိန်း၊ ဝဏ္ဏကျော်ထင် ဒေါက်တာနန္ဒကျော်စွာနှင့်ဇနီး၊ သမီးတို့က ငွေကျပ်(၁)သိန်း လှူဒါန်းရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ငွေကျပ်သိန်း(၂၀)၊ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က ငွေကျပ်(၁၀)သိန်း၊ မြန်မာနိုင်ငံ စားပွဲတင်

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ စုပေါင်းကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း (Fitness Dance) ကစားနေမှုအားကြည့်ရှု





● နေပြည်တော်၊ နိုဝင်ဘာလ(၂၈)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဌာနခွဲများမှ ဝန်ထမ်းများအချင်းချင်း စည်းလုံးညီညွတ်မှုရှိစေရန်နှင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပြီး အညောင်းအညာပြေစေရန်အတွက် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း (Fitness Dance) ကစားမှုများ ပြုလုပ်ဆောင်ရွက်သွားရန် ပြည်ထောင်စုဝန်ကြီး၏



လမ်းညွှန်ချက်အရ လူငယ်ရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော အရာထမ်း၊ အမှုထမ်းများသည် ယနေ့ညနေ ၄ နာရီမှ ၄ နာရီခွဲအထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လူငယ်ရေးရာဦးစီးဌာန၊ ရုံးရှေ့မျက်နှာစာတွင် စုပေါင်းကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်း ဆောင်ရွက်နေမှုများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံမှ လိုက်လံကြည့်ရှုအားပေးခဲ့ပြီး အဆိုပါ စုပေါင်းကိုယ်လက် လှုပ်ရှားလေ့ကျင့်ခန်းအား အပတ်စဉ် အစိုးရရုံးဖွင့်ရက်တိုင်း၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။





▶▶

တင်းနစ်အဖွဲ့ချုပ်က ငွေကျပ်(၅)သိန်း၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်က ငွေကျပ်(၅)သိန်း၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်က ငွေကျပ်(၅)သိန်း၊ ဦးစိုးသိန်း၊ ဦးအေးကျော်လှိုင်နှင့် ဒေါ်နန်းစုငြိမ်းစိုးတို့က ငွေကျပ်(၁၅)သိန်း တန်ဖိုးရှိ စားပွဲ၊ ကုလားထိုင်နှင့် ပရိဘောဂများလှူဒါန်းရာ မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်း ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး တို့ကလက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ဆက်လက်ပြီး အလှူရှင်အသီးသီး၏ လှူဒါန်းငွေပေးအပ်မှုများအား တာဝန်ရှိသူများက လက်ခံရယူ၍



ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ထို့နောက် မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်း၏ နှစ်ပတ်လည်မဂ္ဂဇင်း ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးကူညီခဲ့သူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်၍ ၂၀၂၁-၂၀၂၂ အတွက်ထုတ်ဝေသော မဂ္ဂဇင်းများကို အမျိုးသား ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန၊ အမျိုးသားစာကြည့်တိုက်နှင့် စာပေဗိမာန်စာကြည့်တိုက်များအား လှူဒါန်းရာ တာဝန်ရှိပုဂ္ဂိုလ်များက လက်ခံရယူခဲ့ပါသည်။

ယင်းနောက် မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်း အတွင်းရေးမှူး ဦးစိုးသိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီးနောက် ပြည်ထောင်စုဝန်ကြီးနှင့်အတူ မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်း အမှုဆောင်များနှင့်အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး နေ့လယ်စာဖြင့် တည့်ခင်းညှော်ခံ၍ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

■

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ အားကစားသမားကော်မတီမှပြုလုပ်သည့် “Stronger Together အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်






● နေပြည်တော်၊ နိုဝင်ဘာလ(၂၉)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှကြီးမှူး၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ အားကစားသမားကော်မတီမှ “Stronger Together” ခေါင်းစဉ်ဖြင့်ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကိုယနေ့နံနက်(၉)နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အားကစားသမားကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အားကစားသမားများ တက်ရောက်ကြသည်။


အခမ်းအနားတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာအားကစားသမားများအနေဖြင့် နိုင်ငံတကာအားကစား ပြိုင်ပွဲများသို့ သွားရောက်မယှဉ်ပြိုင်မီ သိရှိထားသင့်သည့်ကိစ္စရပ်များဖြစ်သော တားမြစ်ဆေးဝါး၊ အားကစား စိတ်ပညာနှင့် စပ်လျဉ်းသော အသိပညာများ ရရှိလာစေရန် ရည်ရွယ်၍ ယခုဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရခြင်း ဖြစ်ပါကြောင်း၊ အားကစားသမားတစ်ဦး၏ အခွင့်အရေးများနှင့် လိုက်နာရမည့် တာဝန်ဝတ္တရားများအပေါ် အခြေခံ၍ မိမိတို့နိုင်ငံ၏ အားကစား အဆင့်အတန်းကို တိုးတက်မြင့်မားလာစေရေးဆောင်ရွက်သွားကြရန် လိုကြောင်း၊ မြန်မာအားကစားသမားများအနေဖြင့် အခြားနိုင်ငံများနည်းတူ မိမိတို့နိုင်ငံတွင်လည်း အားကစားသမားကော်မတီဖွဲ့စည်းထားရှိသည်ကို သိရှိစေလိုပါကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် ပြိုင်ပွဲ စည်းမျဉ်း/စည်းကမ်းများနှင့် အညီ ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိရေးကို မျှော်မှန်း၍ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ယနေ့အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသော တာဝန်ရှိပုဂ္ဂိုလ်များနှင့် အတတ်ပညာရှင်၊ အသိပညာရှင်များမှ ဦးဆောင်၍ အားကစားသမား လူငယ်မောင်မယ်များနှင့် ပွင့်လင်းရင်းနှီးစွာဖြင့် အပြန်အလှန် နှီးနှောဖလှယ်ဆွေးနွေး၍ ရရှိလာမည့် အချက်အလက်များကို ပြုစုတင်ပြပြီး နောင်လာမည့် ပြည်တွင်းဖိတ်ခေါ်ပြိုင်ပွဲများ၊ အရှေ့တောင်အာရှ၊ အာရှနှင့် ကမ္ဘာ့အဆင့်အားကစားပြိုင်ပွဲများတွင် အကောင်းဆုံးဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် အမိနိုင်ငံတော်၏ဂုဏ်ကို အားကစားဖြင့်မြှင့်တင်နိုင်ပြီး ထူးချွန်ထက်မြက်သော နိုင်ငံ့လက်ရွေးစင် အားကစားမောင်







>>>






















မယ်များဖြစ်လာအောင် အထူးကြိုးစားသွားကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဆွေးနွေးပွဲအခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ အားကစားသမားကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းမှ အားကစားကော်မတီလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်းမှ အားကစားသမားဘဝအပြီး ဘဝရည်မှန်းချက် ချမှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ ဟောပြောဆွေးနွေးပို့ချခြင်း၊ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ထားဝယ်တက္ကသိုလ်စိတ်ပညာဌာန၊ ပါမောက္ခဒေါက်တာမေလွင်ငြိမ်းမှ အားကစားစိတ်ပညာဆိုင်ရာ လေ့ကျင့်ရေးနှင့်ပညာရေး ပေါင်းစပ်ဆောင်ရွက်နိုင်မှုများနှင့်စပ်လျဉ်း၍ ဟောပြောပို့ချခြင်း၊ အားကစားဆေးဘက်ဌာနခွဲ ဒုတိယ






ညွှန်ကြားရေးမှူး ဒေါက်တာထက်ဝေမှ တားမြစ်ဆေးဝါးနှင့်စပ်လျဉ်း၍ အသိပညာပေးဟောပြောဆွေးနွေးပို့ချခြင်းနှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ အားကစားသမားကော်မတီ အတွင်းရေးမှူး ဒေါ်စိုးစိုးမြာမှ အားကစားကော်မတီ၏ စည်းမျဉ်းပါ အားကစားသမားတစ်ဦး၏တာဝန်များ၊ အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ ဟောပြောဆွေးနွေးပို့ချခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်များမှ အားကစားကဏ္ဍနှင့်ပတ်သက်ပြီး အားကစားသမားများ သိသင့်သိထိုက်သည်များကို သိရှိနားလည်စေရန်နှင့် အသိပညာများတိုးပွားစေရန် အားပေး အမှာစကား ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများမှ အုပ်စု(၁၀)ဖွဲ့ခွဲ၍ Guiding Questions များကို အဖွဲ့ကိုယ်စားလှယ်များမှ ဆွေးနွေး တင်ပြခဲ့မှုများအပေါ် အား

စာမျက်နှာ(၁၆)သို့

# ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သော မကွေးတိုင်းဒေသကြီး ကိုယ်စားပြု အမျိုးသားဘောလုံးအသင်းအား သောင်းသောင်းဖျဖျ ကြိုဆို





● မကွေး၊ နိုဝင်ဘာလ(၄)ရက်။

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့် ကာယ ပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်တို့မှ ပူးပေါင်းကျင်းပသော ၂၀၂၂ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသ ကြီး အသက်(၁၆)နှစ်အောက် အမျိုး သား ဘောလုံးပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲခဲ့သော မကွေးတိုင်းဒေသကြီး ကိုယ်စားပြု အမျိုးသားဘောလုံး အသင်းအား ယနေ့မွန်းလွဲ(၂)နာရီ အချိန်က မကွေးမြို့ နတ်မောက်လမ်း တစ်လျှောက်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီး
















စာမျက်နှာ(၁၅)သတင်း...မှအဆက်

ကစားသမားကော်မတီ အတွင်းရေးမှူး ဒေါ်စိုးစိုးမြာမှ အနှစ်ချုပ်ပြန်လည်ရှင်း လင်းပြောကြားခဲ့ပြီးနောက် ပြည် ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ဆွေးနွေးပွဲတွင် ဟောပြောပို့ချပေးခဲ့ သူများကို ဂုဏ်ပြုချီးမြှင့်ငွေများပေး အပ်ခဲ့ပြီး အားကစားသမားများမှ တင်ပြဆွေးနွေးခဲ့သော အကြောင်း အရာများအနက်မှ ဖြစ်သင့်ဖြစ်ထိုက် သည့် အချက်အလက်များကို အမြန် ဆုံးပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက် ပေးသွားမည်ဟု ပြောကြားခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။















● ကချင်၊ နိုဝင်ဘာလ(၄)ရက်။

၂၀၂၂ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့ကြသော ကချင်ပြည်နယ်ဘောလုံးအသင်းအား ကချင်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အားကစားနည်းအလိုက် ဆပ်ကော်မတီများနှင့် တာဝန်ရှိသူများက ရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့်ဘင်ခရာအကအဖွဲ့များဖြင့် စည်ကားသိုက်မြိုက်စွာကြိုဆို၍ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

---

▶▶

များ၊ တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများ၊ ဘောလုံးဝါသနာရှင် ပြည်သူများမှ မကွေးတိုင်းဒေသကြီး ကိုယ်စားပြု အမျိုးသား ဘောလုံးအသင်းသားများ၊ နည်းပြအဖွဲ့ဝင်များ၊ အုပ်ချုပ်သူ တာဝန်ရှိသူများအား မကွေးတိုင်းဒေသကြီးဂုဏ်ဆောင် အသက်(၁၆)နှစ်အောက် အမျိုးသား ဘောလုံးအသင်းအား ဂုဏ်ပြုကြိုဆိုပါ၏ စာတန်းပါ ဗွီနိုင်းပိုစတာများ ကိုင်ဆောင်ကာ အိုးစည်၊ ဒိုးပတ်ဝိုင်းအကများ၊ ပန်းကုံးများ၊ သပြေပန်းများဖြင့် ကြိုဆိုဂုဏ်ပြုခဲ့ကြပါသည်။







# မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ တန်ဆောင်တိုင် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကျင်းပ






● မကွေး၊ နိုဝင်ဘာလ(၅)ရက်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ တန်ဆောင်တိုင် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် (၆)နာရီခွဲက မကွေးမြို့ ဖန်ခါးမြေ ဂေါက်ကလပ်၌ ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင့်လွင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တက်ရောက်ကာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင့်လွင်နှင့် မကွေးလေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းမောင်သိန်းတို့မှ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့ပြီး ပြိုင်ပွဲများကို ဆက်လက်ကျင်းပ ပြုလုပ်ခဲ့ပါသည်။

ယင်းနောက် ဆုပေးပွဲ အခမ်းအနားကို မကွေးမြို့ ဖန်ခါးမြေဂေါက်ကလပ်၌ ဆက်လက်ကျင်းပခဲ့ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးသန်းဆွေဝင်းက Best Loser ဆုရရှိသူနှင့် Near Line ဆုရရှိသည့် ကစားသမားများအား အမှတ်တရဂုဏ်ပြုဆုများအား လည်းကောင်း၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးဝင်းမြင့်က Par အများဆုံးဆုရရှိသည့် ကစားသမားအား အမှတ်တရ ဂုဏ်ပြုဆုများအား လည်းကောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးထွန်းခင်ကBridle အများဆုံးရရှိသည့် ကစားသမားအား အမှတ်တရ ဂုဏ်ပြုဆုများအားလည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးလင်းထွဋ်က Eagle အများဆုံးဆုရရှိသည့် ကစားသမားအား ဂုဏ်ပြုအမှတ်တရဆုများအားလည်းကောင်း၊ သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေးက သက်ကြီးတန်းပြိုင်ပွဲတွင် တတိယဆုရရှိသော ကစားသမားများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များအားလည်းကောင်း၊ လူမှုရေးရာဝန်ကြီး ဦးသန့်စင်ကိုကိုက သက်ကြီးတန်းပြိုင်ပွဲတွင် ဒုတိယဆုရရှိသော ကစားသမားများအား အမှတ်တရ ဂုဏ်ပြုဆုများအားလည်းကောင်း၊ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်က သက်ကြီးတန်းပြိုင်ပွဲတွင် ပထမဆုရရှိသော ကစားသမားများအား ဂုဏ်ပြုအမှတ်တရဆုများအား လည်းကောင်း၊ မကွေးလေတပ်စခန်း ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းမောင်သိန်းက အသင်းလိုက်ပြိုင်ပွဲတွင် တတိယဆုရရှိသော မင်းဘူးမြို့နယ် အသင်းနှင့် ဒုတိယဆုရရှိသော မြို့သစ်မြို့နယ်အသင်းတို့အား ဆုကလပ်နှင့် ငွေသားဆုများအားလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော သရက်မြို့နယ်အသင်းအား ဆုကလပ်နှင့်ငွေသားဆုများအား လည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။






အဆိုပါ ၂၀၂၂ခုနှစ်၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ တန်ဆောင်တိုင် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့်ဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် တန်ဆောင်တိုင် အကြို မီးပုံးများလွှင့်တင်ခြင်းနှင့် မီးရှူး၊ မီးပန်းများ ပစ်ဖောက်ခြင်းတို့ ပျော်ရွှင်စွာ ဆင်နွှဲဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။





# (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ





● ကရင်၊ နိုဝင်ဘာလ(၇)ရက်။

(၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ကရင်ပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈) နှစ်အောက် အမျိုးသား/ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားအား ယနေ့မွန်းလွဲ (၁၅း၀၀) နာရီတွင် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ အမျိုးသမီးမီတာ(၁၀၀) နှင့် အမျိုးသားမီတာ(၄၀၀) ဗိုလ်လုပွဲ ပွဲစဉ်များ ကိုယှဉ်ပြိုင်ကြရာ အမျိုး



သမီး မီတာ(၁၀၀)ပွဲစဉ်၌ နန်းနှင်းနှင်းလှိုင်(ဘားအံ)မှ ပထမ၊ နော်ဇူလိုင်ဖော(ဖာပွန်)မှ ဒုတိယနှင့် နန်းဟိဖောင် (လှိုင်းဘွဲ့)တို့မှ တတိယရရှိခဲ့ပြီး အမျိုးသားမီတာ(၄၀၀) ပွဲစဉ်၌ စည်သူအောင် (သံတောင်ကြီး)မှ ပထမ၊ မင်းခန့်ဦး(ဖာပွန်)မှဒုတိယနှင့် တွယ်တာမင်းပိုင်(ဖာပွန်)မှ တတိယဆုတို့ဖြင့် အသီးသီးရရှိခဲ့ကြပါသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကြက်ခြေနီတပ်ဖွဲ့ ဂုဏ်ပြုငွေအား ကရင်ပြည်နယ် ပြည်နယ်ဥပဒေချုပ်၏ ဇနီးမှလည်းကောင်း၊ ကျန်းမာရေးအဖွဲ့ ဂုဏ်ပြုငွေအား ကရင်ပြည်နယ်အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး၏ ဇနီးမှလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်၍ အားကစားနည်းအလိုက် ဆုရအားကစားသမားများအား ဆုချီးမြှင့်ကြရာ အမျိုးသမီးမီတာ (၈၀၀) ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော ချစ်စုမာ (သံတောင်ကြီး) မှပထမ၊ သက်မိုးဝေ (ဖာပွန်)မှ ဒုတိယနှင့် နန်းဟိဖောင် (လှိုင်းဘွဲ့)မှ တတိယဆုရရှိသောကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ချီးမြှင့်ငွေများကို ကရင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး၏ဇနီးမှ ပေးအပ် ချီးမြှင့်ခဲ့ပါသည်။

အမျိုးသား မီတာ(၈၀၀)ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော အောင်ကျော်ထက်(၁) (သံတောင်ကြီး)မှ ပထမ၊ မင်းခန့်အောင် (ဖာပွန်)မှ ဒုတိယနှင့် ကြည်စိုး(လှိုင်းဘွဲ့)မှ တတိယဆုရရှိသော ကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ချီးမြှင့်ငွေများကို ကရင်ပြည်နယ်အစိုးရအဖွဲ့ သယံဇာတဝန်ကြီး၏ဇနီးမှ ပေးအပ်ချီးမြှင့်

စာမျက်နှာ(၂၀)သို့

















စာမျက်နှာ(၁၉)သတင်း···မှအဆက်

ခဲ့ပါသည်။

ဆက်လက်၍ အမျိုးသမီး မီတာ(၂၀၀)ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော စုဝေဝေဖြိုး(ဖာပွန်)မှပထမ၊ နန်းနှင်းနှင်းလှိုင်(ဘားအံ)မှ ဒုတိယနှင့် မပိုင်းချစ်(ကော့ကရိတ်)မှ တတိယ ဆုရရှိသော ကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ချီးမြှင့်ငွေများကို ကရင်ပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး၏ဇနီးမှ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

အမျိုးသား မီတာ(၂၀၀) ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော ထွန်းထွန်းအောင်(သံတောင်ကြီး)မှပထမ၊ ဆန်းမင်းဇော်(ဖာပွန်)မှဒုတိယနှင့် နေမျိုးထွန်း(ဘားအံ)မှ တတိယဆုရရှိသော ကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ချီးမြှင့်ငွေများကို ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ ဇနီးမှ



ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား မီတာ(၃၀၀၀)ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော ချစ်နန်းဦး(ဘားအံ)မှ ပထမ၊ အောင်ကျော်လင်း(သံတောင်ကြီး)မှ ဒုတိယနှင့် အောင်မျိုးမင်း(လှိုင်းဘွဲ့)မှ တတိယဆုရရှိသော ကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ချီးမြှင့်ငွေများကို ကရင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးကျော်စိုးမှ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

အမျိုးသမီးမီတာ(၃၀၀၀)ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော မနဒီလွင်(သံတောင်ကြီး)မှ ပထမ၊ ဖြူဖြူဝင်း(ဘားအံ)မှ ဒုတိယနှင့် စုစုနွယ်(လှိုင်းဘွဲ့)မှတတိယဆုရရှိသော ကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ချီးမြှင့်ငွေများကို ကရင်ပြည်နယ် ပြည်နယ် ဥပဒေချုပ် ဦးရဲလွင်မှ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီး သံပြားပစ်ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော သဇင်ဦး(သံတောင်ကြီး)မှ ပထမ၊ ဒေဝီစနိုး(ဘားအံ)မှ ဒုတိယနှင့်အေးအေးသင်း (လှိုင်းဘွဲ့)မှ တတိယဆုရရှိသော ကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ချီးမြှင့်ငွေများကို ကရင်ပြည်နယ်အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုမှ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော ဝင်းသူအောင်(မြဝတီ)မှပထမ၊ ဖိုးဟေသာစေး (သံတောင်ကြီး)မှ ဒုတိယနှင့် ကောင်းမြတ်နိုင်(ဘားအံ)မှ တတိယဆုရရှိသော ကစားသမားများအား တစ်ဦးချင်းဆု





# ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော မကွေးတိုင်းဒေသကြီးကိုယ်စားပြု ဘောလုံးအသင်းအား ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ





● မကွေး၊ နိုဝင်ဘာလ(၇)ရက်။

၂၀၂၂ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမ ဆုရရှိခဲ့သော မကွေးတိုင်းဒေသကြီး ကိုယ်စားပြု ဘောလုံးအားကစား သမားများအား ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို နိုဝင်ဘာလ(၇)ရက် ညနေ(၆)နာရီက မကွေးမြို့ မြို့တော်ခန်းမဋ္ဌကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးတင့်လွင်၊ မကွေးလေတပ်စခန်း ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းမောင်သိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ နာယကနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးဂုဏ်ဆောင် အသက်(၁၆)နှစ်အောက် အမျိုးသား ဘောလုံးအသင်း အုပ်ချုပ်သူ/နည်းပြနှင့် ကစားသမားများ၊ ရပ်မိရပ်ဖနှင့် လူငယ်မောင်မယ်များ တက်ရောက်ခဲ့ကြသည်။

ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းရမည်တေးသီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က တိုင်းဒေသကြီး ဂုဏ်ဆောင် အသက်(၁၆)နှစ်အောက် အမျိုးသား ဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း(၃၀) အားလည်းကောင်း၊ မကွေးလေတပ်စခန်း ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဝင်းမောင်သိန်းက ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမား

စာမျက်နှာ(၂၂)သို့ ▶





▶▶

တံဆိပ်နှင့် ချီးမြှင့်ငွေများကို ကရင်ပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီး ရဲမှူးကြီးခင်ဇော်မှ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ အမျိုးသမီးမီတာ(၄၀၀×၄) လက်ဆင့်ကမ်းပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော (ဖာပွန်မြို့နယ်)မှပထမ၊ (သံတောင်ကြီးမြို့နယ်)မှ ဒုတိယနှင့် (ဘားအံမြို့နယ်)မှ တတိယဆုရရှိသော အသင်းများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ချီးမြှင့်ငွေများကို ကရင်ပြည်နယ် အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးစိုးလွင်မှ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

အမျိုးသား မီတာ(၄၀၀×၄) လက်ဆင့်ကမ်းပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော(သံတောင်ကြီးမြို့နယ်မှ ပထမ၊ (ဖာပွန်မြို့နယ်)မှ ဒုတိယနှင့် (ဘားအံမြို့နယ်)မှ တတိယဆုရရှိသော အသင်းများအား တစ်ဦးချင်းဆုတံဆိပ်နှင့်ချီးမြှင့်ငွေများကို ကရင်ပြည်နယ် အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းမှ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

အမျိုးသား မီတာ(၄၀၀)ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော စည်သူအောင် (သံတောင်ကြီး)မှ ပထမ၊ မင်းခန့်ဦး (ဖာပွန်)မှ ဒုတိယနှင့် တွယ်တာမင်းပိုင်(ဖာပွန်)မှ တတိယဆုရရှိသော ကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်နှင့်ချီးမြှင့်ငွေများကို ကရင်ပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်မှ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

အမျိုးသမီး မီတာ(၁၀၀)ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော နန်းနှင်းနှင်းလှိုင်(ဘားအံ)မှ ပထမ၊ နော်ဇူလိုင်ဖော(ဖာပွန်)မှ ဒုတိယနှင့် နန်းဟိဖောင်(လှိုင်းဘွဲ့)တို့မှ တတိယရရှိသော ကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ချီးမြှင့်ငွေများကို ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်မှ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ အမျိုးသမီး တံခွန်စိုက်ဒိုင်းဆုကို စုစုပေါင်းရမှတ်(၇၉)မှတ်ဖြင့် ဘားအံမြို့နယ် အမျိုးသမီးအသင်းမှရရှိခဲ့ပြီး တံခွန်စိုက်ဒိုင်းနှင့် ဆုချီးမြှင့်ငွေ (၅)သိန်းကျပ်တိတိအား ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်နန်းဘေဘီမြင့်မှ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

အမျိုးသား တံခွန်စိုက်ဒိုင်းဆုကို စုစုပေါင်းရမှတ် (၇၆)မှတ်ဖြင့် သံတောင်ကြီးမြို့နယ် အမျိုးသားအသင်းမှရရှိခဲ့ပြီး တံခွန်စိုက်ဒိုင်းနှင့် ဆုချီးမြှင့်ငွေ (၅)သိန်းကျပ်တိတိအား ကရင်ပြည်နယ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းမှလည်းကောင်း အသီးသီးပေးအပ် ချီးမြှင့်ခဲ့ကြပါသည်။

အမျိုးသား/အမျိုးသမီး စုပေါင်းတံခွန်စိုက်ဒိုင်းဆုကြီးအား စုစုပေါင်းရမှတ်(၁၄၂)မှတ်ဖြင့် ဘားအံမြို့နယ် အသင်းမှရရှိခဲ့ရာ စုပေါင်းတံခွန်စိုက်ဒိုင်းဆုကြီးနှင့် ဆုချီးမြှင့်ငွေ (၈)သိန်းကျပ်တိတိအား ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးမှ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရှိပါသည်။ ■

















စာမျက်နှာ(၂၁)သတင်း…မှအဆက်

မောင်ဆက်ပိုင်ထွန်းအား ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်(၃)သိန်းအားလည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်လင်းက ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ရှေ့တန်းအားကစားသမား မောင်ဝင်းပြည့်မောင်အား ဂုဏ်ပြုချီးမြှင့်ငွေကျပ်(၂)သိန်းအားလည်းကောင်း၊ မြို့မိ/မြို့ဖ ဒေါက်တာသန်းထိုက်ရှိန်က အကောင်းဆုံးအားကစားသမား(၂)ဦးနှင့် နည်းပြ(၄)ဦးအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်(၉)သိန်းအားလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေကျပ်သိန်း(၁၀၀)အား ပေးအပ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်ကိုကိုကလည်းကောင်း၊ မြို့မိ/မြို့ဖများကိုယ်စား ဦးမျိုးမင်းဦးက အလှူငွေကျပ်သိန်း(၂၂၀)အားပေးအပ်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်ကလည်းကောင်း အသီးသီး လက်ခံရယူခဲ့ကြပါသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီးကိုယ်စားပြု ဘောလုံးအားကစားသမားများ၊ အုပ်ချုပ်သူ/နည်းပြများနှင့် စုပေါင်းအမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး တေးသီချင်းဖြင့် ဖျော်ဖြေကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အကြီးအကဲများက တက်ရောက်လာကြသော တာဝန်ရှိသူများ၊ ဘောလုံးအားကစားသမားများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ခဲ့ကြပါသည်။

# ၂၀၂၂ခုနှစ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများနှင့် ခရိုင်များအလိုက် အသက်(၁၈)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ





● တောင်ကြီး၊ နိုဝင်ဘာလ(၈)ရက်။

ရှမ်းပြည်နယ် ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေး၊ ပြည်နယ်အတွင်းရှိ ဒေသခံ တိုင်းရင်းသားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရှိစေရေး၊ မျိုးဆက်သစ်ရှက်ပုန်းသီးအားကစားသမားများ ပေါ်ထွက်လာစေရေး ရည်ရွယ်ကာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများနှင့် ခရိုင်များအလိုက် အသက်(၁၈)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ(၁၅း၀၀)နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ပြည်နယ်အားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ




ကျော်ထွန်းနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်း၊ အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူများ၊ ပြည်နယ် ဘောလုံးဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ နည်းပြများနှင့် အားကစားသမားများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ခဲ့ကြပြီး ဝန်ကြီးချုပ်မှ အဖွင့်အမှာ စကားပြောကြားခဲ့ပါသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသော ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြပြီး ဘင်ခရာအဖွဲ့နှင့် အကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရပြီး ပထမနေ့ပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် မိုးမိတ်ခရိုင်အသင်းနှင့် လင်းခေးခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရပါသည်။

■










# ၂၀၂၂ ခုနှစ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၁၀)မြို့နယ် အလွတ်တန်းဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ





● မွန်၊ နိုဝင်ဘာလ(၁၄)ရက်။

၂၀၂၂ ခုနှစ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၁၀)မြို့နယ် အလွတ်တန်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နေ့လယ်(၂)နာရီတွင် ပြည်နယ်အားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ မွန်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ခဲ့ပါသည်။

အဆိုပါ ဗိုလ်လုပြိုင်ပွဲတွင် မော်လမြိုင်မြို့နယ်အသင်းနှင့် ချောင်းဆုံမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ မော်လမြိုင်မြို့နယ်အသင်းမှ တံခွန်စိုက်ဒိုင်းဆု ရရှိခဲ့ပါသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ ပထမ တံခွန်စိုက်ဒိုင်းဆုရရှိသော မော်လမြိုင်မြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းဆုကို မွန်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းမှလည်းကောင်း၊ ဒုတိယဆုရရှိသော ချောင်းဆုံမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညီညီစိုးမှလည်းကောင်း၊ တတိယဆုရရှိသော သံဖြူဇရပ်မြို့နယ်အသင်းအား ငွေသားဆုကို မွန်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဗိုလ်မှူးကြီးကျော်စွာမြင့်မှ လည်းကောင်း၊ ပူးတွဲတတိယဆုရရှိသော ကျိုက်မရောမြို့နယ်အသင်းအား ငွေသားဆုကို မွန်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်မှ လည်းကောင်း ဆုများကို ချီးမြှင့်ပေးခဲ့ပါသည်။









## "အားကစားစိတ်ဓာတ်"

အားကစားယှဉ်ပြိုင်ရာ၌ အနိုင်ရသူအပေါ် မနာလိုမှု(ဣဿာ) ဝန်တိုမှု (မစ္ဆရိယ) စိတ်များ မထားရပါ။အနိုင်ရလောက်သော အားကစားစွမ်းရည်ရှိ၍ အနိုင်ရခြင်းဖြစ်ကြောင်းနှင့် သူ့နည်းတူဖြစ်ဖို့ မိမိဘက်မှ ဆထက်ထမ်းပိုးကြိုးစားရဦးမည်ဖြစ်ကြောင်းတို့ကို  အမှန်အတိုင်း နားလည်လျက် အနိုင်ရသူနှင့် ထပ်တူထပ်မျှ ဝမ်းသာနိုင်အောင် ကြိုးစားရပါမည်။

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းမှ (၁၄)ကြိမ်မြောက် အာရှနဂါးလှေလှော်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများအား တွေ့ဆုံအားပေးစကားပြောကြား






● ရန်ကုန်၊ နိုဝင်ဘာလ(၁၅)ရက်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ထိုင်းနိုင်ငံ၊ ပတ္တရားမြို့တွင် ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ(၁၆)ရက်မှ (၂၂)ရက်နေ့အထိ ကျင်းပပြုလုပ်မည့် (၁၄)ကြိမ်မြောက် အာရှနဂါး လှေလှော်ပြိုင်ပွဲ (14th ASIAN Dragon Boat Championship) နှင့် ဘန်ကောက်မြို့ ကျောက်ဖရားမြစ်တွင် နိုဝင်ဘာလ(၂၂)ရက်နေ့မှ (၂၆)ရက်နေ့အထိ ကျင်းပပြုလုပ်မည့် ထိုင်းရိုးရာလှေလှော်ပြိုင်ပွဲ(Thailand Traditional Boat and International Swan Boat Race 2022)သို့ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာလှေလှော်အားကစားအဖွဲ့အား တွေ့ဆုံအားပေးစကားပြောကြားခြင်း အခမ်းအနားကို ယနေ့နံနက်(၁၁)နာရီက ရန်ကုန်မြို့ အင်းယားကန်ရှိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ရုံး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ အားကစား




နှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ အသင်းအုပ်ချုပ်/နည်းပြများ၊ အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ အသင်းအုပ်ချုပ်သူ နည်းပြများ၊ အားကစားသမားများနှင့် မိတ်ဆက်ပေးပြီး မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက ပြိုင်ပွဲနှင့်ပတ်သက်၍ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ဝန်ကြီးချုပ် ဦးစိုးသိန်းက နိုင်ငံ့ဂုဏ်ကိုဆောင်ရွက်ရန် အနိုင်ယူလိုသောစိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ရန်၊ ကျန်းမာရေးဂရုစိုက်ရန်နှင့် ကိုယ့်အချင်းချင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် စိတ်ဝမ်းမကွဲစေဘဲ သည်းခံစိတ်ထားဖို့နဲ့ အုပ်ချုပ်နည်းပြများရဲ့ စကားနားထောင်ရန် လိုအပ်ကြောင်း ပြောကြားပြီး အားကစားသမားများပြိုင်ပွဲဝင် စိတ်ဓာတ်တက်ကြွစေရန် ဝန်ကြီးချုပ်မှ ဦးဆောင်၍ သံပြိုင်ဟစ်ကြွေးကြပြီးနောက် အားကစားသမားတစ်ဦးလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် အယောက်(၄၀)ဦးအတွက် ကျပ်သိန်း(၄၀)အား ပေးအပ်ရာ ဥက္ကဋ္ဌနှင့် အားကစားသမားများက လက်ခံရယူခဲ့သည်။







" အားကစားစိတ်ဓာတ် "

အားကစားယှဉ်ပြိုင်ရာ၌ မိမိလူမျိုး၊ မိမိနိုင်ငံတော်၏ ကျေးဇူးကို စောင့်သိလျက် အမျိုးဂုဏ်ဆောင် နိုင်ငံဂုဏ်ဆောင် အားကစားသမားများဖြစ်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းယှဉ်ပြိုင်ရပါမည်။

# (၁၄)ကြိမ်မြောက် အာရှနဂါးလှေလှော်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလှေလှော်အားကစားအဖွဲ့ ပြည်ပထွက်ခွာ






● ရန်ကုန်၊ နိုဝင်ဘာလ(၁၆)ရက်။

ထိုင်းနိုင်ငံ၊ ပတ္တရားမြို့တွင် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ(၁၆)ရက်မှ (၂၂)ရက်နေ့အထိ ကျင်းပပြုလုပ်မည့် (၁၄)ကြိမ်မြောက် အာရှနဂါးလှေလှော်ပြိုင်ပွဲ ($14^{th}$ ASIAN Dragon Boat Championship)နှင့် ဘန်ကောက်မြို့ ကျောက်ဖရားမြစ်တွင် နိုဝင်ဘာလ(၂၂)ရက်နေ့မှ(၂၆) ရက်နေ့အထိကျင်းပပြုလုပ်မည့် ထိုင်းရိုးရာလှေလှော်ပြိုင်ပွဲ (Thailand Traditional Boat and International Swan Boat Race 2022) သို့ ပါဝင်ယှဉ်ပြိုင်ရန် ယနေ့နံနက် (၁၁)နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ လှေလှော်အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အား/ကာသိပ္ပံမှ သင်တန်းသား/သင်တန်းသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။



အဆိုပါပြိုင်ပွဲတွင် အိမ်ရှင်ထိုင်းအသင်း၊ ဩစတေးလျအသင်း၊ ကမ္ဘောဒီးယားအသင်း၊ တိုင်ပေအသင်း၊ ဟောင်ကောင်အသင်း၊ တရုတ်အသင်း၊ အိန္ဒိယအသင်း၊ အင်ဒိုနီးရှားအသင်း၊ မလေးရှားအသင်း၊ မြန်မာအသင်း၊ နီပေါအသင်း၊ စင်ကာပူအသင်း စုစုပေါင်း(၁၂)သင်း၊ မြန်မာအသင်းမှ အမျိုးသား(၂၂)တက် မီတာ(၂၀၀)၊ (၅၀၀)၊(၁၀၀၀) နှင့် အမျိုးသား/အမျိုးသမီး (၂၂)တက် မီတာ(၂၀၀)၊(၅၀၀)၊(၁၀၀၀)တို့ဖြင့် လည်းကောင်း အမျိုးသား(၁၂)တက် မီတာ(၂၀၀)၊(၅၀၀)၊(၁၀၀၀)၊ အမျိုးသမီး(၁၂)တက် မီတာ(၂၀၀)၊ (၅၀၀)၊ (၁၀၀၀)နှင့် အမျိုးသား/အမျိုးသမီး (၁၂)တက် မီတာ(၂၀၀)၊ (၅၀၀)၊ (၁၀၀၀)တို့ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။




# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် (၈)ခရိုင် အသက်(၁၈)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်ဖွင့်လှစ်





● ပုသိမ်၊ နိုဝင်ဘာလ(၁၆)ရက်။

၂၀၂၂ ခုနှစ် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား(၈)ခရိုင် အသက်(၁၈) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများနှင့် အသင်းနည်းပြ၊ အုပ်ချုပ်သူများ တက်ရောက်ခဲ့သည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယနေ့ကျင်းပသည့် ဘောလုံးပြိုင်ပွဲကို ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အသီးသီးမှ ဘောလုံးအားကစားသမားအချင်းချင်း

စာမျက်နှာ(၂၇)သို့









နိုဝင်ဘာ(၁၇)ရက်နေ့တွင် ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူး၍ (၁၀၂)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပပြုလုပ်။













စာမျက်နှာ(၂၆)သတင်း•••မှအဆက်

ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာစေရေး၊ ခရိုင်တစ်ခုနှင့်တစ်ခု အပြန်အလှန် ပူးပေါင်းဆောင်ရွက်လာနိုင်စေရေး အစရှိသည့် ရည်ရွယ်ချက်များအပြင် ရောဝတီတိုင်းဒေသကြီး ကိုယ်စားပြု ထူးချွန်ထက်မြက်သည့် အမျိုးသမီး ဘောလုံး အားကစားသမားကောင်း များပေါ်ထွက်လာစေရေးကို ရည်ရွယ်ပြီး ကျင်းပပြုလုပ်သော ပြိုင်ပွဲဖြစ်သည့်အတွက် ပြိုင်ပွဲဝင် အသင်းများမှ အားကစားသမားများအနေဖြင့် အားကစားသမားကောင်း ပီသစွာယှဉ်ပြိုင်ကစားကြရန် တိုက်တွန်းမှာကြား၍ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ရှစ်ခရိုင် အသက်(၁၈)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲပထမပွဲစဉ်တွင် ယှဉ်ပြိုင်ကစားကြသည့် ကျုံပျော်ခရိုင်အသင်းနှင့် မြန်အောင်ခရိုင်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးခဲ့သည်။ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ရှစ်ခရိုင် အသက်(၁၈)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၁၆ရက်မှ ၂၃ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရှစ်ခရိုင်မှ ပြိုင်ပွဲအသင်း ရှစ်သင်းက ဝင်ရောက်ယှဉ်ပြိုင်သွားကြမည်ဖြစ်သည်။

# မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက်(၂၁)နှစ်အောက် ကလပ်ပေါင်းစုံဖိတ်ခေါ် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ









● မော်လမြိုင်၊ နိုဝင်ဘာလ(၁၉)ရက်။

မွန်ပြည်နယ် ဝန်ကြီးချုပ်ဖလား အသက်(၂၁)နှစ်အောက် ကလပ်ပေါင်းစုံ ဖိတ်ခေါ်အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၃နာရီက မော်လမြိုင်မြို့ ကျောင်းသားအားကစားခန်းမဥ္စကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

ဗိုလ်လုပွဲတွင် ဒိုးကလေးကလပ်အသင်းနှင့် မြို့မ FC ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပွဲစဉ်အလိုက် ပထမ၊ ဒုတိယ၊ တတိယ အကောင်းဆုံး ကစားသမားဆုများ ရရှိကြသည့် ကလပ်အသင်းများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ဆုတံဆိပ်၊ ငွေသားဆုများနှင့် တံခွန်စိုက်ဒိုင်းဆုတို့ကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

■





## "အားကစားစိတ်ဓာတ်"

အားကစားယှဉ်ပြိုင်ရာ၌ သာမန်ပွဲသေးဖြစ်၍ ရေသာခိုပြီး ကစားခြင်းနှင့် ထိပ်တန်းပွဲကြီးဖြစ်၍ အားသွန်ပြီး ကစားခြင်းတို့ကို မပြုသင့်ပါ။ ပြိုင်ပွဲပေါ်မူတည်၍ အလျော့အတင်းဖြင့် ကစားခြင်းသည် ယှဉ်ပြိုင်မှု အလေ့အကျင့်ကို ထိခိုက်ပျက်စီးစေပါ၏။

# ၂၀၂၂ခုနှစ်၊ (၈)ခရိုင် အသက်(၁၈)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ဝန်ကြီးချုပ် တက်ရောက်ချီးမြှင့်









● ပုသိမ်၊ နိုဝင်ဘာလ(၂၃)ရက်။

၂၀၂၂ခုနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၈)ခရိုင် အသက် (၁၈)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေ(၁၅း၀၀)နာရီတွင် ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ကျင်းပပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ခရိုင်/မြို့နယ်များမှ အားကစားဝါသနာရှင်များ တက်ရောက်အားပေးခဲ့ကြပါသည်။

ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကျုံပျော်ခရိုင်အသင်းနှင့် ပုသိမ်ခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကျုံပျော်ခရိုင်အသင်းမှ (၁)ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ပထမတံခွန်စိုက် ဆုဖလားအား ဝန်ကြီးချုပ်မှ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ဆက်လက်၍ ဒုတိယဆုနှင့် နေရာလိုက် အကောင်းဆုံး အားကစားသမားဆုများအား အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။ ■



# ဖလမ်းမြို့၌ ဆောင်းရာသီတင်းနစ် ပြိုင်ပွဲကျင်းပ

● ဖလမ်း၊ နိုဝင်ဘာလ(၂၀)ရက်။

ချင်းပြည်နယ် ဖလမ်းမြို့၌ ဆောင်းရာသီ ဖလမ်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား စီနီယာ/ဂျူနီယာနှင့် တက်သစ်စတင်းနစ်ပြိုင်ပွဲ ဆုပေးပွဲကို နိုဝင်ဘာ ၁၈ ရက်က ဖလမ်းမြို့ ဗလိုင်ရပ်ကွက် မြို့မတင်းနစ်အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဖလမ်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အားကစားသမားများအား အမှာစကားပြောကြားသည်။ ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တက်သစ်စတင်းနစ်ပြိုင်ပွဲ ဒုတိယဆုရရှိသောအတွဲအား ဆုကလပ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကောင်းမြတ်ထွန်းက လည်းကောင်း၊ ဒုတိယဆုရရှိသောအတွဲအား ငွေသားဆုကို ခရိုင်ပညာရေးမှူး ဦးသွမ်လျန်ကလည်းကောင်း၊ ပထမဆုရရှိသောအတွဲအား ဆုကလပ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးမျိုးဝင်းကလည်းကောင်း၊ ပထမဆုရရှိသော အတွဲအား ငွေသားဆုကို ခရိုင်မီးသတ် ဦးစီးမှူး ဦးစာရုံမန်းကလည်းကောင်း၊ ဂျူနီယာတင်းနစ်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသောအတွဲအား ဆုကလပ်နှင့် ငွေသားဆုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရေချမ်းကလည်းကောင်း၊ ပထမဆုရရှိသောအတွဲအား ဆုကလပ်နှင့် ငွေသားဆုကို ခရိုင်စီမံ



အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီးမိုးနိုင်ကလည်းကောင်း၊ စီနီယာတင်းနစ် ပြိုင်ပွဲတွင် ဒုတိယဆုရရှိသော အတွဲအား ဆုကလပ်နှင့် ငွေသားဆုများကို အဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်လတ်က လည်းကောင်း၊ စီနီယာတင်းနစ်ပြိုင်ပွဲတွင် ပထမဆုရရှိသောအတွဲအားဆုကလပ်နှင့် ငွေသားဆုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးစောထွန်းဝင်းကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ





● တောင်ကြီး၊ နိုဝင်ဘာလ(၂၄)ရက်။

၂၀၂၂ခုနှစ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသကြီးနှင့် ခရိုင်အလိုက်အသက်(၁၈)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့ မွန်းလွဲ(၃)နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ကျင်းပသည်။



ဗိုလ်လုပွဲအဖြစ် လားရှိုးခရိုင်အသင်းနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းနှင့်တာဝန်ရှိသူများ၊ အား/ကာသိပ္ပံ(တောင်ကြီး)မှကျောင်းသား/ကျောင်းသူများ၊ အားကစားဝါသနာရှင်များကကြည့်ရှုအားပေးကြရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့ပါသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ တတိယဆုရရှိသော“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအသင်း၊ ဒုတိယဆုရရှိသော လားရှိုးခရိုင်အသင်း၊ ဂိုးအကောင်းဆုံးဆု၊ အလယ်တန်းအကောင်းဆုံးဆု၊ ရှေ့တန်းအကောင်းဆုံးဆုရရှိသူများ၊ အကောင်းဆုံးအားကစားသမားဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြပြီး ပထမဆုရရှိသော ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသင်းအားတစ်ဦးချင်းဆုတံဆိပ်များကို ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအောင်မြင့်က ချီးမြှင့်ခဲ့ကာ ပထမဆုရအသင်းအား ငွေကျပ် ရှစ်သိန်းနှင့် ဆုဖလားတို့ကို ပြည်နယ်ဝန်ကြီးချုပ်က ချီးမြှင့်ခဲ့ကြောင်း သိရသည်။ ■











၂၅/၂၆-၁၁-၂၀၂၂ ရက်နေ့များတွင် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ဧညဝတီအားကစားကွင်း၌ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲ (မီတာ ၅၀) အပြေးပြိုင်ပွဲ (ကျား/မ)၊ ကွမ်းသီးကောက်ပြိုင်ပွဲ (ကျား/မ)၊ အပ်ချည်ထိုးပြိုင်ပွဲ (ကျား/မ)များ ကျင်းပခဲ့ကြောင်း သိရသည်။ ■

**‘အားကစားစိတ်ဓာတ်’** အားကစားယှဉ်ပြိုင်ရာ၌ တားမြစ်ဆေး စသည်တို့၏ အကူကိုယူပြီး မရိုးဖြောင့်သည့်နည်းဖြင့် မယှဉ်ပြိုင်ရပါ။ အပြစ်ကင်းသည့်အလုပ်ကို ပြုလုပ်မိပါစေ။

# မွန်ပြည်နယ်၌ ဒီဇင်ဘာလူထုအားကစားလအကြို စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ





● မော်လမြိုင်၊ နိုဝင်ဘာလ(၂၇)ရက်။

ကျန်းမာရေးဝန်ကြီးဌာနက တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ပြည်သူလူထုအများပါဝင်သော နံနက်စောစောထ လမ်းလျှောက်ခြင်းဖြစ်သည့် လူထုအားကစားလှုပ်ရှားမှုကို နှစ်စဉ်ဆောင်းရာသီတွင် ကျင်းပလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက ဒီဇင်ဘာလူထုအားကစားလအကြို မွန်ပြည်နယ် မော်လမြိုင်မြို့ တောင်ဝိုင်းတောင်တက် စုပေါင်းလမ်းလျှောက်ပွဲကျင်းပသည်။





အင်အား ၃၀၀ကျော် စုပေါင်းလမ်းလျှောက်အားကစား လှုပ်ရှားမှုသည် ပြည်သူလူထု ကျန်းမာကြံ့ခိုင်စေရန်၊ ရောဂါကြိုတင်ကာကွယ်နိုင်ရန်နှင့် သက်တမ်းစေ့နေနိုင်ရန်၊ အမျိုးသား အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးနှင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ လေ့ကျင့်ရေးကျောင်း(မော်လမြိုင်)မှ ကျောင်းသား/ကျောင်းသူများ၊ အားကစားကိုစိတ်ပါဝင်စားသူ အင်အား ၃၀၀ ကျော်သည် စုရပ်ဖြစ်သည့်တောင်ဝိုင်းတောင်တက် ကားလမ်း၏ အဝင်မုခ်ဦးထိပ်မှစတင်ပြီး တောင်ဝိုင်းတောင်ပေါ်ရှိ ငြိမ်းချမ်းသစ္စာ နိမိတ္တမျက်ရှင်တော် စေတီတော်ရင်ပြင်တော်အနီးသို့ တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး တောင်ဝိုင်းတောင်ပေါ်၌ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

■

# (၁၄)ကြိမ်မြောက် အာရှနဂါးလှေလှော်ပြိုင်ပွဲတွင် မြန်မာအသင်း ငွေ(၉)ခု၊ ကြေး(၃)ခုနှင့် Thailand Traditional Boat and International Swan Boat Race 2022 တွင် ငွေ(၂)ခု၊ ကြေး(၂)ခု ရရှိပြီး ပြန်လည်ရောက်ရှိ





● ရန်ကုန်၊ နိုဝင်ဘာလ(၂၈)ရက်။

မြန်မာလှေလှော် အားကစားအဖွဲ့သည် ထိုင်းနိုင်ငံ ပတ္တယားမြို့တွင် ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ (၁၆)ရက်မှ (၂၂)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် (၁၄)ကြိမ်မြောက် အာရှနဂါးလှေလှော်ပြိုင်ပွဲ (14th ASIAN Dragon Boat Championship) ပြိုင်ပွဲတွင် ငွေ(၉)ခု၊ကြေး(၃)ခုဖြင့်လည်းကောင်း၊ ဘန်ကောက်မြို့ ကျောက်ဖရားမြစ်တွင် နိုဝင်ဘာလ (၂၂)ရက်နေ့မှ (၂၆)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သော ထိုင်းရိုးရာလှေလှော်ပြိုင်ပွဲ (Thailand Traditional Boat and International Swan Boat Race 2022) တွင် ငွေ(၂)ခု၊ ကြေး(၂)ခုဖြင့် ပွဲစဉ် (၁၇) ပွဲတွင် (၁၆)ပွဲ အနိုင်ရရှိ၍ စုစုပေါင်း ငွေ(၁၁)ခု၊ကြေး(၅)ခုဖြင့် နိုင်ငံအလိုက် အဆင့်(၄) ရရှိခဲ့ပါသည်။

အဆိုပါပြိုင်ပွဲတွင် အိမ်ရှင်ထိုင်းအသင်း၊ ဩစတေးလျအသင်း၊ ကမ္ဘောဒီးယားအသင်း၊ တိုင်ပေအသင်း၊ ဟောင်ကောင်အသင်း၊ တရုတ်အသင်း၊ အိန္ဒိယအသင်း၊ အင်ဒိုနီးရှားအသင်း၊ မလေးရှားအသင်း၊ မြန်မာအသင်း၊ နီပေါအသင်း၊ စင်ကာပူအသင်း စုစုပေါင်း(၁၂)သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး(Thailand Traditional Boat and International Swan Boat Race 2022) ပြိုင်ပွဲ၌ ဖိလစ်ပိုင်အသင်းနှင့်လာအိုအသင်း ပါဝင်ယှဉ်ပြိုင်ပြီး နိုင်ငံအလိုက် အင်ဒိုနီးရှားအသင်းမှ ပထမ၊ ထိုင်းအသင်းမှ ဒုတိယ၊ တရုတ်အသင်းမှ တတိယနှင့် မြန်မာအသင်းက စတုတ္ထရရှိခဲ့သည်။

အဆိုပါ မြန်မာအားကစားအဖွဲ့သည် ယမန်နေ့ည (၈း၄၅)နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဥပဒေချုပ်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဦးဌေးအောင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြိုဆိုခဲ့ကြောင်း သိရှိရသည်။

# တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၄)ခရိုင် တင်းနစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

● တနင်္သာရီ၊ နိုဝင်ဘာလ(၁၈)ရက်။

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၄)ခရိုင် တင်းနစ်ပြိုင်ပွဲကို ကော့သောင်းမြို့၌ (၁၆-၁၁-၂၀၂၂)ရက်နေ့မှ (၁၈-၁၁-၂၀၂၂)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာ အသင်းလိုက် ပထမတံခွန်စိုက်ဆုဖလားကို မြိတ်ခရိုင်အသင်းက ရရှိသွားပြီး ဒုတိယဆုကိုကော့သောင်းခရိုင်အသင်းမှ ရရှိသွားပါသည်။

ဗိုလ်လုပွဲအပြီး ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲကို တာဝန်ယူဆောင်ရွက်ပေးသော ဒိုင်လူကြီးများအား ဂုဏ်ပြုဆုငွေကို တနင်္သာရီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးမိုးနိုင်က လည်းကောင်း၊ ဒုတိယဆုရရှိသော ကော့သောင်းခရိုင်အသင်းကို ကော့သောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ချိုက တစ်ဦးချင်းဆုနှင့် ငွေသားဆုများကို လည်းကောင်း၊ ပထမဆုရရှိသော မြိတ်ခရိုင်အသင်းကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား ကော့သောင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးအောင်က တစ်ဦးချင်းဆု၊ ငွေသားဆုနှင့်တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။ ■



# နိုင်ငံတော်၏ဂုဏ်ကို ရှက်ပုန်းသီး အားကစားသမားများဖြင့် မြှင့်တင်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလို

● လယ်ဝေး၊ နိုဝင်ဘာလ(၂၄)ရက်။

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် အေလာ(အ ‧ ထ ‧ က)သို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်(၉)နာရီခွဲကကျင်းပရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးမြင့်စိုး၊ နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်လွင်ဦးနှင့်တိုင်းဒေသကြီး၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ လယ်ဝေးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။




ဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင်က အမှာစကားပြောကြားရာတွင် ထူးချွန်ထက်မြက်သော ရှက်ပုန်းသီး အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးတို့ကို ရည်ရွယ်၍ အားကစားပစ္စည်းများ ပေးအပ်ရခြင်းဖြစ်ကြောင်း၊ သို့မှသာ အားကစားကို စိတ်ပါဝင်စားသူ များပြားလာပြီး ကျန်းမာကြံ့ခိုင်သည့် လူငယ်လူရွယ်များ ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ လူတစ်စုအားကစားမှ လူထုအားကစားသို့ဖြစ်အောင် အဘက်ဘက်မှ ကြိုးပမ်းအားထုတ်လျက်ရှိရာ ပြည်သူလူထုအားလုံးက အတူလက်တွဲဆောင်ရွက်ကြစေလိုပါကြောင်း၊ ပြည်ထောင်စုနယ်မြေ အားကစားနှင့် ကာယပညာဦးစီးဌာနအနေဖြင့် နွေရာသီအားကစားသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများတွင် နေပြည်တော်ကောင်စီ ကိုယ်စားပြုယှဉ်ပြိုင်ရာ ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်ခုနစ်ခု စုစုပေါင်း ဆုတံဆိပ် ၁၅ခု ရရှိခဲ့သည်ကိုလည်း မှတ်တမ်းတင်ပါကြောင်း၊ အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလောက ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ရင်သန်ထက်မြက်ရေး၊ အားကစားစိတ်ဓာတ်ရင့်သန်ခိုင်မာစေရေး၊ နိုင်ငံတော်၏ ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်ရေးတို့အတွက် ထူးချွန်ထက်မြက်သည့် အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက အေလာ(အ ‧ ထ ‧ က)သို့ အားကစားပစ္စည်းများပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေယဉ်မွန်က လက်ခံရယူ၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ကျောင်းသား/ကျောင်းသူလေးများက မြန်မာ့သိုင်း၊ Fitness Dance နှင့် လမ်းလျှောက်ကြမယ်သီချင်းများဖြင့် တင်ဆက်ဖျော်ဖြေရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



"ကိုယ်စိတ်နှစ်ပါး ရွှင်ကျန်းမာ၊
စရိတ်မျှ သက်သာ သက်ရှည်ကာ၊
ကိုယ်လက်လှုပ်ရှား အားသည်ခါ၊
အချိန်မှန် လမ်းလျှောက်ကစားပါ"

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲ တတိယလုပွဲ လာရောက်ကြည့်ရှုအားပေး








● နေပြည်တော်၊ နိုဝင်ဘာလ(၂)ရက်။


၂၀၂၂ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ(၃)နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှု အားပေးခဲ့ကြပါသည်။

ယနေ့တတိယလုပွဲ ပွဲစဉ်အဖြစ် ညနေ(၃)နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တနင်္သာရီ တိုင်းဒေသကြီးအသင်းမှ ရန်ကုန်တိုင်းဒေသကြီး အသင်းကို (၆)ဂိုး-(၅)ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး တတိယရရှိခဲ့ကြောင်း သိရှိရပါသည်။

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား/ကျောင်းသူများ လေ့လာရေးခရီးစဉ် ဆောင်ရွက်ခြင်းအခမ်းအနား တက်ရောက်







● နေပြည်တော်၊ နိုဝင်ဘာလ(၃)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနသည် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိရာ လူငယ်များ၏ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ သိပ္ပံနည်းပညာ၊ လူမှုရေး စသည့် လူငယ်ကဏ္ဍများတွင် ပိုမိုဖြည့်ဆည်းမြှင့်တင်ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများဖြစ်သည့် အ.ထ.က (၇)နေပြည်တော်၊ အ.ထ.က(၉) နေပြည်တော်၊ အ.ထ.က(၁၀) နေပြည်တော်ကျောင်းများမှ ကျောင်းသား/ကျောင်းသူများအား ဖိတ်ခေါ်၍ ယနေ့ နေ့လယ်(၁၂:၃၀) နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ လေ့လာရေးခရီးစဉ်အား စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီးနောက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မှတ်တမ်း(မော်ကွန်းသစ်)ဗီဒီယိုအားပြသခြင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန Fitness Dance သရုပ်ပြအဖွဲ့မှ သရုပ်ပြသခြင်းနှင့် ကျောင်းသားလူငယ်များအား အဖွဲ့များခွဲ၍ နည်းပြများနှင့်အတူ Fitness Dance စုပေါင်းကစားခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

ထို့နောက် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ မြန်မာ့အားကစား လှုပ်ရှားမှုများပြခန်း (အားကစားပြတိုက်နှင့် ပြခန်း)အား

စာမျက်နှာ(၃၄)သို့

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် အလေးမအားကစားနည်း ဆန်းစစ်ပြိုင်ပွဲ လာရောက်ကြည့်ရှုအားပေး





● နေပြည်တော်၊ နိုဝင်ဘာလ(၃)ရက်။

၂၀၂၃ခုနှစ်၊ ကမ္ဘောဒီးယားနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် နေပြည်တော်အားကစား လေ့ကျင့်ရေးစခန်းမှ ပဏာမလက်ရွေးစင် အားကစားသမားများနှင့် လူငယ်အားကစား လေ့ကျင့်ရေးစခန်းမှ အားကစားသမားများအား အလေးမ အားကစားနည်း ပြိုင်ပွဲအသွင်ဆန်းစစ်ခြင်းကို ယနေ့ နံနက်(၈)နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အလေးမ အားကစားရုံ၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်း အတွင်းဝန် ဦးကျော်ဆန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အလေးမအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဥက္ကာအေးနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှု အားပေးခဲ့ကြပါသည်။

အဆိုပါ အလေးမအားကစားနည်းပြိုင်ပွဲ အသွင်ဆန်းစစ်ပြိုင်ပွဲသို့

▶▶











▶ စာမျက်နှာ(၃၃)သတင်း၏မှအဆက်

လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သော မကွေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့၏ယှဉ်ပြိုင်ကစားခဲ့မှုများအား သွားရောက်ကြည့်ရှု အားပေးခဲ့ကြပါသည်။

အဆိုပါ လေ့လာရေးခရီးစဉ်ဆောင်ရွက်ခြင်း အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ/ဆရာမများနှင့် ကျောင်းသား/ ကျောင်းသူအင်အား စုစုပေါင်း(၃၀၀)ကျော် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။ ■

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် ဒေါက်တာစိုးဝင်း ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား တက်ရောက်









● နေပြည်တော်၊ နိုဝင်ဘာလ(၄)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန နှစ်စဉ်နှစ်တိုင်းပြုလုပ်ကျင်းပလျက်ရှိသည့် ဝန်ထမ်းမိသားစုများ၏ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် (၁၀)နာရီတွင် နေပြည်တော်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁)ခန်းမ၌ ကျင်းပပြုလုပ်ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ဒေါက်တာ စိုးဝင်းနှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးထွန်းမြင့်ဦး၊ ဦးနေဝင်း၊ အားကစားနှင့်



လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများနှင့် အရာထမ်းများ တက်ရောက်၍ လှူဖွယ်ပစ္စည်းများအား ဆပ်ကပ်လှူဒါန်းခဲ့ကြပါသည်။

ဦးစွာ ပျဉ်းမနားမြို့ ဒက္ခိဏာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာစာရ မထေရ်မြတ်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ သံဃာတော်အရှင်သူမြတ်တို့မှ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူခြင်း၊ ဆရာတော်ကြီးများအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆပ်ကပ်လှူဒါန်း

စာမျက်နှာ(၃၈)သို့






နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းမှ အလေးမအားကစားသမား ကျား(၂)ဦး၊ မ(၅)ဦး၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်းမှ အလေးမအားကစားသမား ကျား(၂)ဦး၊ မ(၂)ဦးနှင့် အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ)မှ အလေးမ အားကစားသမား ကျား(၁)ဦး၊ စုစုပေါင်း အားကစားသမား(၁၂)ဦးတို့သည် ပြိုင်ပွဲအမျိုးအစားအလိုက် (ကျား)ဝိတ်တန်း(၄)မျိုး၊ (မ)ဝိတ်တန်း(၆)မျိုးတို့တွင် အသီးသီး ဝင်ရောက်ယှဉ်ပြိုင်အရွေးချယ်ခံခဲ့ကြောင်း သတင်းရရှိပါသည်။ ■



၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့သည် အမိမြန်မာနိုင်ငံတော်၏ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခါသမယပင်ဖြစ်ပါသည်။ (၇၅)နှစ်မြောက်သည့် စိန်ရတုလွတ်လပ်ရေးနေ့တွင် ပုံမှန်ကျင်းပမြဲဖြစ်သည့် လွတ်လပ်ရေးနေ့ အခမ်းအနားများထက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး နိုင်ငံတော်မှ စီမံဆောင်ရွက်လျက်ရှိပါသည်။

စိန်ရတု လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုဝန်ကြီးဌာနများ၏ စစ်ရေးပြစစ်ကြောင်းများ၊ ဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဂုဏ်ပြုယာဉ်များက ဗိုလ်ရှုခံရင်ပြင်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်အား ချီတက်အလေးပြုကြမည်ဖြစ်ပါသည်။ ၎င်းအပြင် ပြည်ထောင်စုဝန်ကြီးဌာနအလိုက် ပြခန်းများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ ဂုဏ်ပြုယာဉ်များနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ ရိုးရာအစားအသောက်များနှင့် ဒေသထွက်ကုန်များအား ခင်းကျင်းပြသရောင်းချမည့် အစီအစဉ်များကိုလည်း ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ တောင်ဘက်တပေါင်းကွင်းအတွင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ၎င်းအပြင် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး(အလွတ်တန်းဖိတ်ခေါ်) အားကစားပြိုင်ပွဲများကိုလည်း ဝဏ္ဏသိဒ္ဓိ Sport Complex အတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မိဘပြည်သူများအနေဖြင့် စိတ်ဝင်စားမှု မြင့်မားလျက်ရှိနေကြောင်း သိရှိရသည်။

**လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကျင်းပမည့် အားကစားပြိုင်ပွဲများ**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများကိုလည်း ဝဏ္ဏသိဒ္ဓိ Sport Complex အတွင်း ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ(၅)ရက်နေ့မှ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့အထိ ကျင်းပပေးသွားမည်ဖြစ်ကြောင်းသိရှိရသည်။ ပြိုင်ပွဲများအား အမျိုးအစား(၂)မျိုး ခွဲခြားကျင်းပပေးသွားမည်ဖြစ်ပြီး ပထမတစ်မျိုးမှာ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများဖြစ်ပြီး၊ ဒုတိယတစ်မျိုးမှာ ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) အားကစားပြိုင်ပွဲများ ဖြစ်ပါသည်။

**ဝန်ကြီးဌာနပေါင်းစုံပြိုင်ပွဲများ**

ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများအဖြစ် ဘော်လီဘော (ကျား/မ)ပြိုင်ပွဲအား ဒီဇင်ဘာလ



# jzifonf;m;aerñ
# pd;m;upm;yGJ



**ကိုဌေး (ကနောင်)**

(၁၄)ရက်နေ့မှ(၂၇)ရက်နေ့အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)တွင် လည်းကောင်း၊ ဘောလုံး(ကျား)ပြိုင်ပွဲအား ဒီဇင်ဘာလ(၁၆)ရက်နေ့မှ(၃၀) ရက်နေ့အထိ ဝဏ္ဏသိဒ္ဓိကွင်းနှင့် လေ့ကျင့်ရေးကွင်း (၁/၃)တို့တွင်လည်းကောင်း၊ ပိုက်ကျော်ခြင်း (ကျား) ပြိုင်ပွဲအား ဒီဇင်ဘာလ (၁၉) ရက်နေ့မှ (၂၈) ရက်နေ့အထိ လက်ဝှေ့ပြိုင်ပွဲရုံတွင် လည်းကောင်း၊ ဖူဆယ်(ကျား)ပြိုင်ပွဲအား ဒီဇင်ဘာလ(၂၀)ရက်နေ့မှ(၂၉) ရက်နေ့အထိ ဖူဆယ်ပြိုင်ပွဲရုံတွင် လည်းကောင်း၊ လွန်ဆွဲ(ကျား/မ)ပြိုင်ပွဲအား ဒီဇင်ဘာလ(၃၀)ရက်နေ့မှ ဇန်နဝါရီလ(၄)ရက်နေ့အထိ လေ့ကျင့်ရေးကွင်း(၃)တွင် လည်းကောင်း၊ ထုပ်ဆီးတိုး(မ)ပြိုင်ပွဲအားဒီဇင်ဘာလ(၃၁)ရက်နေ့မှ ဇန်နဝါရီလ(၄) ရက်နေ့အထိ လေ့ကျင့်ရေးကွင်း(၁)နှင့်(၃)ကြားတွင်လည်းကောင်း၊ အပြေး(ကျား/မ) ပြိုင်ပွဲ မီတာ(၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀) အား ဇန်နဝါရီလ (၄) ရက်နေ့တွင် လေ့ကျင့်ရေးကွင်း (၁) တွင်လည်းကောင်း ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်)ပြိုင်ပွဲများ**

ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ပြိုင်ပွဲများအဖြစ် ဘော်လီဘော(ကျား/မ)ပြိုင်ပွဲအား ဒီဇင်ဘာလ(၅)ရက်နေ့မှ (၁၃) ရက်နေ့အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)တွင်လည်းကောင်း၊U-18 ဘောလုံး(မ)ပြိုင်ပွဲအား ဒီဇင်ဘာလ(၅) ရက်နေ့မှ (၁၉)ရက်နေ့အထိ ဝဏ္ဏသိဒ္ဓိကွင်းနှင့် လေ့ကျင့်ရေးကွင်း (၁/၃) တို့တွင်လည်းကောင်း၊ ပိုက်ကျော်ခြင်း (ကျား)ပြိုင်ပွဲအား ဒီဇင်ဘာလ(၂၉) ရက်နေ့မှ ဇန်နဝါရီလ(၂) ရက်နေ့အထိ လက်ဝှေ့ပြိုင်ပွဲရုံတွင် လည်းကောင်း၊ ဂေါက်သီးရိုက်(ကျား)ပြိုင်ပွဲအား ဒီဇင်ဘာလ(၂၄)ရက်နေ့မှ(၂၆) ရက်နေ့အထိ နေပြည်တော်၊ စည်ပင်ဂေါက်ကွင်းတွင် လည်းကောင်း၊ မြန်မာ့သိုင်း(ကျား/မ)ပြိုင်ပွဲအား ဒီဇင်ဘာလ(၃၀)ရက်နေ့မှ ဇန်နဝါရီလ(၁) ရက်နေ့အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)တွင်လည်းကောင်း၊ U-25 ပြေးခုန်ပစ်(ကျား/မ) ပြိုင်ပွဲအား ဒီဇင်ဘာလ(၃၀)ရက်နေ့မှ ဇန်နဝါရီလ(၃)ရက်နေ့အထိ ဝဏ္ဏသိဒ္ဓိကွင်းနှင့် လေ့ကျင့်ရေးကွင်း(၁)တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်ပါသည်။

**ထိုက်တန်သည့် ဆုကြေးများ ချီးမြှင့်ပေးသွားမည်**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျင်းပပေးမည့် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး(အလွတ်တန်းဖိတ်ခေါ်) အားကစားပြိုင်ပွဲများအားသတ်မှတ်ကာလအတွင်း ကျင်းပသွားမည်ဖြစ်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးကိုယ်စားပြု အားကစားအသင်းအဖွဲ့များအနေဖြင့် အောင်မြင်မှုရရှိရေး ကြိုတင်ပြင်ဆင် စခန်းသွင်းလေ့ကျင့်စေလျက်ရှိနေကြပြီ ဖြစ်ပါသည်။ ပြိုင်ပွဲတွင် အားကစားနည်းအလိုက် အောင်မြင်မှုရရှိကြသည့် အားကစားအသင်းအဖွဲ့များအား နိုင်ငံတော်အနေဖြင့် ယခင်ကျင်းပသည့် အားကစားပြိုင်ပွဲများထက် ထိုက်တန်စွာဆုများချီးမြှင့်ပေးအပ်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်းလည်း သိရှိရပါသည်။

**လွတ်လပ်ပျော်ရွှင်စွာ လာရောက်အားပေးကြပါစို့**

သို့ဖြစ်၍ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်းနှင့် ၂၀၂၃ခုနှစ် ဇန်နဝါရီလ(၄)ရက်နေ့အထိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းအတွင်း ကျင်းပမည့် အားကစားပြိုင်ပွဲများတွင် အားပေးသည့် ပရိသတ်များ၊ အားကစားနည်းအလိုက် ပြိုင်ပွဲဝင်ကြမည့် အားကစားသမားများဖြင့် စည်ကားနေတော့မည်ဖြစ်ရာ အားကစားဝါသနာပါသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို လွတ်လပ်စွာ အခမဲ့လာရောက်ကြည့်ရှု အားပေးနိုင်ပါကြောင်းနှင့် လာရောက် ကြည့်ရှုအားပေးကြပါရန်လည်း တိုက်တွန်းနှိုးဆော် သတင်းကောင်းပါးလိုက်ရပါကြောင်း။

**ကိုဌေး (ကနောင်)**




**အမျိုးသားအားကစား တိုးတက်ရေး**
**လူချွန်လူကောင်း ပျိုးထောင်ပေး**

















စာမျက်နှာ(၃၅)သတင်း • • • မှအဆက်

ခြင်း၊ ဆရာတော် မထေရ်မြတ်ကြီးထံမှ အနုမောဒနာတရားနာကြား၍ ရေစက် သွန်းလောင်း အမျှပေးဝေခြင်း၊ ဗုဒ္ဓ သာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားအား ရုပ်သိမ်းခဲ့ပြီး ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများ ပြုလုပ်ခဲ့ပါသည်။ ဆက်လက်၍ တရားနာ လာရောက်ကြသူများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေး မွေးခဲ့ကြောင်း သတင်းရရှိပါသည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနဒုတိယဝန်ကြီးဦးမျိုးလှိုင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)နှင့်(C)တို့၌ လျှာထိုးကြမ်းခင်း ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေ လိုက်လံကြည့်ရှုစစ်ဆေး

● နေပြည်တော်၊ နိုဝင်ဘာလ(၂၁)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ယနေ့နံနက်(၉း၃၀)နာရီတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဘတ်ဂျက်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်းရှိ ဝဏ္ဏသိဒ္ဓိ(A)ရုံ၌ မဏိကမ္ဘာကုမ္ပဏီနှင့် ဝဏ္ဏသိဒ္ဓိ(C)ရုံ၌ ခန့်တည်ကြည်ကုမ္ပဏီတို့ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လျှာထိုးကြမ်းခင်းပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေအား သတ်မှတ်အရည်အသွေး၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိ၊ မရှိ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။















မြန်မာ့အားကစား ကမ္ဘာတစ်လွှား
စွမ်းအားညီညီ တက်လုမ်းမည်

## အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ရုပ်ရှင်ဂီတသဘင်အနုပညာရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် အင်အားဖြည့်အစားအစာများ၊ အလှူငွေများ ထောက်ပံ့လှူဒါန်းကူညီဖြည့်ဆည်းပေး





● နေပြည်တော်၊ အောက်တိုဘာလ(၂၆)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)တွင် လာရောက်တည်းခိုနေထိုင်လျက်ရှိသည့် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ(၂၆)ရက်နေ့မှ (၃၀)ရက်နေ့အထိ ကျင်းပပြုလုပ်မည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုပဒေသာကပွဲတွင် ရုပ်ရှင်ဂီတသဘင် အနုပညာရှင်များ ပါဝင်တင်ဆက်မည့် ဒေါ်နွဲ့နွဲ့စန်းဦးဆောင်သည့် အမေများအဖွဲ့နှင့် ဦးဒိန်းဒေါင် ဦးဆောင်သည့် ဟာသလူရွှင်တော်များ အဖွဲ့တို့အား ကျန်းမာရေးစောင့်ရှောက်မှု အနေဖြင့် နေပြည်တော် အားကစားဆေးဘက်ဌာနခွဲမှ ဆရာဝန်၊ သူနာပြုများနှင့်အတူ ဆီးချို၊ သွေးတိုးရောဂါ စစ်ဆေးပေးခြင်းနှင့် သွေးပေါင်ချိန်တိုင်းတာပေးခြင်းများ၊ အင်အားဖြည့်အာဟာရဖြစ်စေရန်အတွက် ငှက်ပျောသီး၊ ကြက်ဥ၊ သောက်ရေသန့်များ၊ အလှူငွေများနှင့် အခြားလိုအပ်သည်များအား ကူညီဖြည့်ဆည်းထောက်ပံ့လှူဒါန်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။





## အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲ စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေး တက်ရောက်





● နေပြည်တော်၊ နိုဝင်ဘာလ(၂၈)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ဦးဆောင်သည့် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲအား စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများ၊ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးအား ယနေ့နံနက်(၁၀) နာရီတွင် နေပြည်တော်၊ ရုံးအမှတ်(၃၁)ရှိ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။



ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲအား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ခေါ်ယူသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ မိမိတို့ဌာန၏ အဓိကတာဝန်ကြီး(၂)ရပ်မှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးဖြစ်ပါကြောင်း၊ ယခုအခါ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကို တိုးချဲ့ဖွဲ့စည်းခဲ့ချိန်မှစ၍ လူငယ်/လူရွယ်များ၏ ကျန်းမာကြံ့ခိုင်မှု၊ အသိပညာ ဗဟုသုတပြည့်စုံကြွယ်ဝမှု၊ အရည်အချင်းပြည့်ဝမှု၊ မျိုးချစ်စိတ်/နိုင်ငံချစ်စိတ်ရှိမှုများအပါအဝင် လူငယ်လူရွယ်များအား ဘက်စုံထောင့်စုံမှ အရည်အသွေး မြှင့်တင်ပေးနိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် နှစ်စဉ် ဒီဇင်ဘာလအား လူထုအားကစားလအဖြစ် သတ်မှတ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူထုစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက် ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ၊ ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများ၊ Physical Fitness Dance များ

>>>









စုပေါင်း ဆောင်ရွက်မှာဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားရေးအသိဖြင့် ဝန်ကြီးဌာနများအားလုံး အင်ပြည့်အားပြည့် ပူးပေါင်းဆောင်ရွက်ပေးသွားရန် တိုက်တွန်းပြောကြားလိုကြောင်း၊ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲသို့ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များအပါအဝင် တစ်နိုင်ငံလုံးရှိပြည်သူတစ်ရပ်လုံး အင်တိုက်အားတိုက် ပူးပေါင်းပါဝင်လှုပ်ရှားကြရန် အထူးလိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးမှ ဆွေးနွေးတင်ပြရာတွင် ဒီဇင်ဘာလူထုလမ်းလျှောက်ပွဲကို နှစ်စဉ်နှစ်တိုင်း ဒီဇင်ဘာလ အပတ်စဉ် စနေနေ့တိုင်း လူထုအားကစားလှုပ်ရှားမှုအဖြစ် စုပေါင်းလမ်းလျှောက်ပွဲအားဆောင်ရွက်ပါကြောင်း၊ နေပြည်တော်တွင် စုပေါင်းလမ်းလျှောက်ပွဲများအား ၂၀၀၆ ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သော်လည်း ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်များတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားနေသည့်အတွက် ဆောင်ရွက်ခြင်း မပြုနိုင်ခဲ့ပါကြောင်း၊ ယခုနှစ်တွင် ကိုဗစ်-၁၉ရောဂါအတိုင်းအတာတစ်ခုအထိ လျော့နည်းလာသောကြောင့် စုပေါင်းလမ်းလျှောက်ပွဲနှင့်အားကစားပွဲများ ပြန်လည်ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာလ၏ အပတ်စဉ်စနေနေ့တိုင်း ဝဏ္ဏသိဒ္ဓိအားကစားဝင်းအတွင်း နံနက်(၅း၄၅)နာရီတွင် စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ စုပေါင်းလမ်းလျှောက်ပွဲနှင့် ပတ်သက်သည့်ကိစ္စရပ်များအား အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပါသည်။





ဆက်လက်၍ လူထုအားကစားနှင့် ပညာပေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဌေးအောင်က ပြောကြားရာတွင် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲများ စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ချမှတ်ထားသောလုံခြုံရေးတာဝန်များ၊ စည်းမျဉ်း/စည်းကမ်းများ၊ သတင်းမှတ်တမ်းရိုက်ကူးရာတွင် ဌာနအလိုက် အစီအစဉ်တကျ လုလုပပ ညီညီညာညာဖြင့် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး ဆောင်ရွက်နိုင်ရန် စနစ်တကျ ပြုလုပ်ထားပါကြောင်း၊ ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ်ပွဲများအပြင် ဝတ္တုတို၊ ဆောင်းပါး၊ ကဗျာ၊ ဓာတ်ပုံပြိုင်ပွဲများကိုလည်း ဝန်ကြီးဌာနများမှ စိတ်ပါဝင်စားသူများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း ရှင်းလင်းတင်ပြသွားပါသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ဝန်ကြီးဌာနကိုယ်စားလှယ်များမှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကို လုံခြုံမှုအပြည့်ဖြင့် ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ရေး ကိစ္စရပ်များနှင့်ပတ်သက်ပြီး အသီးသီးဆွေးနွေးတင်ပြခဲ့ကြပါသည်။

၎င်းနောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနကိုယ်စားလှယ်များမှ အထွေထွေဆွေးနွေးချက်များကို ပေါင်းစပ်ညှိနှိုင်းပြီး ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသော ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားကာ အခမ်းအနားအားရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

■







# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် စစ်ရေးပြ လမ်းလျှောက်လေ့ကျင့်နေသည့်အဖွဲ့အား လိုက်လံကြည့်ရှုအားပေး





● နေပြည်တော်၊ နိုဝင်ဘာလ(၁၀)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ယနေ့နံနက်(၁၀)နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ Training Center No.(1) တွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ စစ်ကြောင်းဖြင့် ချီတက်လမ်းလျှောက်စစ်ရေးပြမည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းများမှ တပ်ခွဲ(၁)ခွဲ၊ အင်အား (၁၆၅)ဦးတို့၏ ကြိုတင်ပြင်ဆင်လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့ပြီး စစ်ရေးပြလမ်းလျှောက်လေ့ကျင့်နေသည့် အဖွဲ့များအတွက် စားသောက်ရေးနှင့် လေ့ကျင့်ရေးတွင် အဆင်ပြေစေရန် အချိုရည်၊ လိမ်းဆေး၊ အားဆေးနှင့် အခြားလိုအပ်သည်များကို ပံ့ပိုးကူညီထောက်ပံ့ဖြည့်ဆည်းပေးသွားရန် တာဝန်ရှိသူများကို ပြောကြားခဲ့ပါသည်။

■

# တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပူးတွဲလေ့ကျင့်မှုပြုရန် မြန်မာအားကစားအဖွဲ့ ဒုတိယအသုတ် ပြည်ပထွက်ခွာ






● ရန်ကုန်၊ နိုဝင်ဘာလ(၁၆)ရက်။

မြန်မာ-တရုတ် နှစ်နိုင်ငံ အားကစားပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဆားမြို့တွင် ပူးတွဲလေ့ကျင့်မှုပြုရန် ဒုတိယအသုတ်အနေဖြင့် ထွက်ခွာမည့် မြန်မာဝူရှူးအားကစားအဖွဲ့အား အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးသည် နှုတ်ဆက်အမှာစကားပြောကြားရာ၌ မိမိကျန်းမာရေးအား အထူးဂရုစိုက်စေရန်၊ အားကစားသမားအချင်းချင်း ညီအစ်ကိုမောင်နှမ အရင်းအချာအတိုင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် စိတ်ဝမ်းမကွဲစေဘဲ နေထိုင်ကြစေရန်၊ ပူးတွဲလေ့ကျင့်သည့် ပညာရပ်များအား နောင်လာမည့်မျိုးဆက်သစ်များအား မွေးထုတ်ပေးနိုင်ရန်အတွက် အစွမ်းကုန်လေ့လာသင်ယူစေပြီး၊SEA Games တွင်လည်း အောင်မြင်မှုရရှိစေရန်နှင့် အရေးပေါ် အခက်အခဲကိစ္စရပ်များရှိပါက အသင်းအုပ်ချုပ်သူနှင့်တာဝန်ရှိသူများအား အဆင့်ဆင့်တင်ပြသတင်းပို့ရန် ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌကလည်း အားကစားသမားများအား လိုအပ်ချက်များ မှာကြား၍ တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၅၀ စီအား ပေးအပ်ခဲ့ပါသည်။

အဆိုပါ အားကစားအဖွဲ့သည် ယနေ့ နေ့လယ် (၁၃း၅၀)နာရီတွင် လေယာဉ်အမှတ် MU 2032 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ မြန်မာနိုင်ငံ



# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် ဝန်ထမ်းများ တွေ့ဆုံဆွေးနွေးထုတ်ဖော်ပွဲ အခမ်းအနားကျင်းပ





● နေပြည်တော်၊ နိုဝင်ဘာလ(၂၅)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် ဝန်ထမ်းများတွေ့ဆုံဆန္ဒထုတ်ဖော်ပွဲ အခမ်းအနားကို ယနေ့နံနက်(၉)နာရီတွင် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦး၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း/အမှုထမ်းများ တက်ရောက်ကြသည်။



ဦးစွာ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် ယခင်ဝန်ကြီးဌာနလက်ထက်များတွင် ဝန်ထမ်းများဆန္ဒထုတ်ဖော်ပွဲအခမ်းအနားများကို ပုံမှန်ဆောင်ရွက်ခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါအခြေအနေများကြောင့် ယခုနောက်ပိုင်းတွင် ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းမရှိပါကြောင်း၊ ဝန်ထမ်းများ၏ လိုအပ်ချက်များနှင့် အခက်အခဲများကို သက်ဆိုင်ရာတာဝန်ခံ ညွှန်ကြားရေးမှူးများမှတစ်ဆင့် စာဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ တင်ပြလာခဲ့ခြင်းအပေါ် ကူညီဖြေရှင်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဝန်ထမ်းများ၏ ရာထူးတိုးမြှင့်ခန့်ထားရေးကိစ္စကို တစ်နှစ်လျှင်(၂)ကြိမ်နှင့် ပြောင်းရွှေ့နေရာချထားရေးကိစ္စများကို တစ်နှစ်လျှင်(၃)ကြိမ် သတ်မှတ်ပြီး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းကိစ္စများနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပြင်ပသို့ ပေါက်ကြားမှုမရှိစေရန်အတွက် လူမှုကွန်ရက် စာမျက်နှာများပေါ်သို့ တင်ပြခြင်းများ မပြုလုပ်ကြရန်လိုကြောင်း၊ ဝန်ထမ်းများမှ ခွင့်တောင်းခံခြင်းကိစ္စများ၊ လုံခြုံရေးကိစ္စများနှင့် ဒေသအာဏာပိုင် ခွင့်ပြုချက်ဖြင့်ခရီးသွားလာရမည့် ကိစ္စများကိုလည်း ညွှန်ကြားချက်များ ထုတ်ပြန်ထားပြီးဖြစ်သည့်အတွက် သေချာစွာလိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရရုံးအဆောက်အဦများ၊ အားကစားကွင်း/အားကစားရုံများ၌ လျှပ်စစ်မီးများသုံးစွဲရာတွင် မီးဘေး အသိ/သတိရှိရန်လိုအပ်ပြီး စည်းကမ်းတကျသတိပြုသုံးစွဲကြရန်လိုကြောင်း၊ ဝန်ထမ်းအိမ်ရာများ/ ရုံးအဆောက်အဦများနှင့် အားကစားကွင်း/အားကစားရုံများ သန့်ရှင်းသာယာ လှပရေးကိုလည်း ဂရုစိုက် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများ စားဝတ်နေရေးနှင့်ပတ်သက်ပြီး သက်ဆိုင်ရာဌာနခွဲများ၏ တင်ပြမှုအရ ဝန်ထမ်းနာရေးဖြစ်ပေါ်ပါက ငွေကျပ်တစ်သိန်း (၁၀၀၀၀၀ိ/-)နှုန်းဖြင့် လည်းကောင်း၊ ကလေးမီးဖွားသူများကို ငွေကျပ်ငါးသောင်း (၅၀၀၀၀ိ/-)နှုန်းဖြင့် လည်းကောင်း ကူညီထောက်ပံ့မှုများကို

စာမျက်နှာ(၄၄)သို့ ▶

▶▶

ဝူရှူးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသစ္စာ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးတို့က ပို့ဆောင်နှုတ်ဆက်ခဲ့ကြပါသည်။

ယင်းအားကစားအဖွဲ့တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေသန့်(အုပ်ချုပ်သူ)နှင့်အတူ နည်းပြ(၁)ဦး၊ အမျိုးသား အားကစားသမား (၁၀)ဦး၊ အမျိုးသမီးအားကစားသမား (၅)ဦး၊ စုစုပေါင်း(၁၇)ဦးတို့ လိုက်ပါသွားကြပါသည်။

တတိယအသုတ် အနေဖြင့် ၂၁-၁၁-၂၀၂၂ ရက်နေ့တွင် မြန်မာပြေးခုန်ပစ်အားကစားအဖွဲ့နှင့် မြန်မာလက်ဝှေ့ အားကစားအဖွဲ့တို့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့သို့ ထွက်ခွာမည်ဖြစ်ကြောင်း သိရှိရသည်။

■














စာမျက်နှာ(၄၃)သတင်း•••မှအဆက်

ပြုလုပ် ဆောင်ရွက်ခဲ့ပါကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေဆဲကာလအတွင်းတွင်လည်းMask နှင့် Hand Gel များကို ဝန်ထမ်းများအား ထောက်ပံ့ပေးခဲ့ပါကြောင်း၊ အငြိမ်းစား ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်နာရေးကိစ္စရပ်များကို ကူညီဆောင်ရွက်နိုင်စေရန်အတွက် အားကစားနှင့်ကာယပညာဦးစီးဌာန အငြိမ်းစားဝန်ထမ်းဟောင်းများ အသင်းကိုလည်း စီမံ ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း၊ ဝန်ထမ်းများမှ မိမိတို့အားပေးအပ်ထားသော တာဝန်နှင့်ဝတ္တရားများကို ဝန်ထမ်းစည်းမျဉ်း/စည်းကမ်း၊ ဥပဒေ/နည်းဥပဒေများအတိုင်း စနစ်တကျလိုက်နာပြီး တာဝန်ကျေပွန်အောင် ထမ်းဆောင်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် သက်ဆိုင်ရာဌာနခွဲအသီးသီးမှ ဝန်ထမ်းများ၏တင်ပြချက်များအပေါ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးမှ ဖြည့်စွက်ရှင်းလင်းဖြေကြားခဲ့ပြီးနောက် ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးကပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ပြီး ဝန်ထမ်းများ ကျန်းမာပျော်ရွှင်စွာဖြင့် ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင်ဦးစီးဌာန၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်၊ မူဝါဒနှင့် ရှေ့လုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြား၍ အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။









# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၂/၂၀၂၂)သင်တန်းဆင်းပွဲ အခမ်းအနားတက်ရောက်







● နေပြည်တော်၊ နိုဝင်ဘာလ(၂၈)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနမှ ဖွင့်လှစ်သည့် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၂/၂၀၂၂) သင်တန်းဆင်းပွဲ အခမ်းအနားအား ယနေ့မွန်းလွဲ (၃း၃၀)နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လူငယ်ရေးရာဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။



ဦးစွာ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် ဝန်ထမ်းများ တစ်ဦးချင်းလုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေရန် သာမက မိမိတို့ဦးစီးဌာန၏ မူဝါဒရည်မှန်းချက်များပြည့်မီစေရေး အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်ရာတွင် ဝန်ထမ်းစည်းမျဉ်း/စည်းကမ်းများ၊ ဘဏ္ဍာရေးစည်းမျဉ်း/ စည်းကမ်းများနှင့် ရုံးလုပ်ငန်းများကို အချိန်တိုအတွင်း ပိုမိုသိရှိနားလည်ပြီး ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်စေရန်အတွက် ရည်ရွယ်၍ ယခုသင်တန်းအား ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ပါကြောင်း၊ လူငယ်ရေးရာဦးစီးဌာန၏ ဆောင်ပုဒ်ဖြစ်သည့် "လူငယ်အင်အားစွမ်းပကားဖြင့် နိုင်ငံ့ဂုဏ်ရောင်အလင်းဆောင်အံ့" ဆိုသည့်အတိုင်း "ဆယ်ကျော်သက်အရွယ် မြန်မာနိုင်ငံသား လူငယ်များ" ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူငယ်ရေးရာကိစ္စရပ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန်အတွက်လူငယ်ရေးရာဦးစီးဌာနကို တိုးချဲ့ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ ကဏ္ဍပေါင်းစုံမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့်ဝန်ထမ်းများအနေဖြင့် မိမိတို့၏ ကိုယ်ရည်ကိုယ်သွေးများ တိုးတက်အောင် ယခုသင်တန်းတွင် သင်ကြားပို့ချခဲ့သည့် သင်ခန်းစာများကို လက်တွေ့အသုံးချပြီး ဝန်ထမ်းအချင်းချင်း နိုင်ငံ့ဝန်ထမ်းကောင်းစိတ်ဓာတ်၊မိသားစုစိတ်ဓာတ်ဖြင့် ရိုင်းပင်းကူညီပြီး တစ်ဦးနှင့်တစ်ဦး အတူတကွ ပူးပေါင်းဆောင်ရွက်၍ စည်းလုံးညီညွတ်စွာဖြင့် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို စိတ်စေတနာအပြည့်အဝထားပြီး ကျေပွန်အောင် ထမ်းဆောင်၍ နိုင်ငံတော်ကအားထားရသည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက သင်တန်းသား/သင်တန်းသူများကိုယ်စား သင်တန်းသား/သင်တန်းသူ(၂)ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပြီးနောက် ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းက သင်တန်းတွင် ထူးချွန်ဆုရရှိခဲ့သည့် (မသန်စွမ်းလူငယ်ဌာနခွဲ)မှ ဒေါ်ဇင်မွန်လှိုင်အား သင်တန်းထူးချွန်ဆုကို ပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့ပါသည်။

အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ လူငယ်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမင်းညွှန့်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အဆိုပါသင်တန်းကို(၁၄-၁၁-၂၀၂၂)ရက်နေ့မှ(၂၈-၁၁-၂၀၂၂)ရက်နေ့အထိ (၂)ပတ်ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသား/ သင်တန်းသူ စုစုပေါင်း(၂၂)ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။





# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးငွေအောင် မြန်မာ့အားကစားလှုပ်ရှားမှုများပြခန်းသို့ လာရောက်ကြည့်ရှုလေ့လာ





● နေပြည်တော်၊ နိုဝင်ဘာလ(၃၀)ရက်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးငွေအောင်သည် ယနေ့ မွန်းလွဲ(၁း၃၀)နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မြန်မာ့အားကစားလှုပ်ရှားမှုများပြခန်းအတွင်းရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက် မြန်မာ့အားကစား လှုပ်ရှားမှုများပြခန်းအားလည်းကောင်း၊ မြန်မာ့အားကစား မော်ကွန်းခန်းမအတွင်းရှိ မှတ်တမ်းတင် ထားရှိထားသော နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ ပုံတူရုပ်ထုများအား လာရောက်လေ့လာကြည့်ရှုနေစဉ် လူထုအားကစားနှင့် ပညာပေးဌာနခွဲမှ တာဝန်ခံ ညွှန်ကြားရေးမှူး ဦးငွေအောင်မှ လိုက်လံရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိပါသည်။

# အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးမှ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိ တိုက်တာဝန်ခံများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကျင်းပ





● နေပြည်တော်၊ နိုဝင်ဘာလ(၁)ရက်။

နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)အိမ်ရာ/အဆောင်များ ကြီးကြပ်ကွပ်ကဲရေးကော်မတီဥက္ကဋ္ဌ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးမှ Cluster အလိုက် Buildings တစ်ခုချင်းစီ၏ တိုက်တာဝန်ခံများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးအား ယနေ့နံနက် (၉း၃၀)နာရီတွင် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း (Gold Camp)ရှိ Multipurpose Hall ၌ ကျင်းပပြုလုပ်ခဲ့ရာ စီမံ/ဘဏ္ဍာဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးစန်းချို၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၂)မှ ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုး၊ ဒုတိယညွှန် ကြားရေးမှူးများ၊ တိုက်တာဝန်ခံများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။



ဦးစွာ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက Gold Camp အတွင်း နေထိုင်လျက်ရှိသော ဝန်ထမ်းများမှ ဂိတ်လုံခြုံရေးကို ပေါင်းစပ်ကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ မိမိတို့အဆောင်လုံခြုံရေးကို အဆောင်တွင်နေထိုင်သူအားလုံး၌ တာဝန်ရှိကြောင်းနှင့် အဆောင်သို့ ပြင်ပဧည့်သည်များလာရောက်ပါက သက်ဆိုင်ရာတာဝန်ရှိသူများထံ အချိန်နှင့်တစ်ပြေးညီသတင်းပေးပို့ရမည်ဖြစ်ကြောင်း၊ Main Gate တွင် တာဝန်ကျဝန်ထမ်းများသည်(Gold Camp)အတွင်း ဝင်/ထွက်သူများကို သေချာစွာစစ်ဆေးမေးမြန်းပြီး စနစ်တကျမှတ်တမ်းရေးသွင်းထားရှိရန်လိုကြောင်း၊Cluster များတွင် နေထိုင်သည့် ဝန်ထမ်းများအချင်းချင်း ခိုက်ရန်ဖြစ်ပွားမှုမရှိစေရေးနှင့် ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက သက်ဆိုင်ရာညွှန်ကြားရေးမှူးများ(သို့မဟုတ်) အိမ်ရာကော်မတီသို့ သတင်းပေးပို့တင်ပြရမည်ဖြစ်ပြီး တာဝန်ရှိသူများမှ အကြီးအကဲများထံ ဆက်လက်တင်ပြပေးသွားမည်ဖြစ်ကြောင်း၊ Gold Camp သို့ လာရောက်သည့် ပြင်ပမော်တော်ယာဉ်များကိုလည်း ဂိတ်တာဝန်ကျဝန်ထမ်းများမှ သေချာစွာ စစ်ဆေးမေးမြန်းပြီး ဧည့်မှတ်တမ်းတွင် စာရင်းရေးသွင်းထားရှိရန်လိုကြောင်း၊ တာဝန်ချိန်အတွင်း ထူးခြားဖြစ်စဉ်များပေါ်ပေါက်လာပါက တာဝန်ရှိသူများထံ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့တင်ပြရမည်ဖြစ်ကြောင်း၊ Cluster များတွင် နေထိုင်သည့် ဝန်ထမ်းများအနေဖြင့် (၂)ပတ်လျှင်(၁)ကြိမ်မိမိတို့အဆောင်ရှိ ရေ၊ မီး၊ မိလ္လာနှင့် သန့်ရှင်းရေးကိစ္စရပ်များကို အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မီးဘေးလုံခြုံမှု ရှိစေရန်အတွက်

>>>

# မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် စစ်ကိုင်းမြို့၌ အခြေခံမြားပစ်သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ









● စစ်ကိုင်း၊ နိုဝင်ဘာလ(၁၂)ရက်။

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသ ကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံမြားပစ်အဖွဲ့နှင့် စစ်ကိုင်း တိုင်းဒေသကြီး အားကစားနှင့်ကာယ ပညာဦးစီးဌာနတို့ပူးပေါင်း၍ အခြေခံ မြားပစ်သင်တန်းကို စစ်ကိုင်းမြို့ ပိုးတန်းအားကစားခန်းမ၌ နိုဝင်ဘာ ၉ ရက်က ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် စစ်ကိုင်း တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်က အမှာစကားပြောကြား ပြီး မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ အားကစားနှင့် ကာယ ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေး မှူးချုပ် ဦးကျော်ဦးက မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်အနေဖြင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာ ရေးအတွက် တိုင်းဒေသကြီး/ပြည် နယ်များ၌ နှစ်စဉ် အားကစားသင်တန်း များ ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ယခုစစ်ကိုင်းတိုင်းမှာဖွင့်သည့် အခြေ ခံမြားပစ်သင်တန်းကိုလည်း နောက် ဆုံးပေါ် နည်းစနစ်များဖြင့် သင်ကြား ပြသပေးသွားမှာဖြစ်၍ သင်တန်းသား မောင်/မယ်များအနေဖြင့် ကြိုးစား လေ့လာသင်ယူစေလိုကြောင်း ဆွေး နွေးပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယညွှန်ကြား ရေးမှူးချုပ်က သင်တန်းသားများ အတွက် ဝတ်စုံများကို လည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက သင်တန်းအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်းကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ သည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၉ ရက်မှ ၂၆ ရက်ထိ စာတွေ့/လက် တွေ့ သင်ကြားပြသ ပို့ချပေးသွားမှာ ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရှိ ခရိုင်/မြို့နယ်များမှ သင်တန်းသား/ သင်တန်းသူ(၄၉)ဦး တက်ရောက်ကြ ကာ သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီးနှင့် တာဝန်ရှိသူ များ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်း သား/သင်တန်းသူများ တက်ရောက်ခဲ့ ကြကြောင်း သိရသည်။





---

▶▶

အဆောင်မှမထွက်ခင် မီးခလုတ်များ နှင့် Breaker များအား သေချာစွာ စစ်ဆေးပြီးမှ အပြင်သို့ ထွက်ခွာရမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် နေပြည်တော် အား ကစား လေ့ကျင့်ရေးစခန်း (Gold Camp) အိမ်ရာ/အဆောင်များ ကြီး ကြပ်ကွပ်ကဲရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌများက Gold Campအတွင်း ရှိ Cluster များတွင်နေထိုင်သည့် ဝန်ထမ်းများအနေဖြင့် အိမ်ရာကော် မတီမှ ချမှတ်ထားသော စည်းမျဉ်း/ စည်းကမ်းများကို သေချာစွာလိုက်နာ ဆောင်ရွက်ပြီး နေထိုင်သွားကြရန် လိုကြောင်း၊ ဂိတ်တာဝန်ကျဝန်ထမ်း များအနေဖြင့်လည်း ချမှတ်ထားသော စည်းမျဉ်း/စည်းကမ်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ပြီး Gold Camp အတွင်းသို့ ဝင်/ထွက် သူများကို စနစ်တကျ စစ်ဆေးမေးမြန်း ရန်လိုကြောင်း၊ ဝန်ထမ်း စည်းမျဉ်း/ စည်းကမ်း၊ ဥပဒေနှင့်နည်းဥပဒေများ ကိုလည်း လိုက်နာဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ တာဝန်ကျဝန်ထမ်းသည် ဂျူတီချိန်အတွင်း အရက်သေစာ သောက်စားခြင်းများ မပြုလုပ်ကြရန် နှင့်တာဝန်ချိန်အတွင်း မိမိတို့တာဝန် ကို ကျေပွန်စွာထမ်းဆောင်ရမည်ဖြစ် ကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများမှ အဆောင် အတွင်း/အပြင် သန့်ရှင်းရေးကိစ္စရပ် များ၊ အမှိုက်စွန့်ပစ်မှု၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းမှု၊ လျှပ်စစ်မီးသုံးစွဲမှု၊ ရေသုံးစွဲမှုနှင့် အဆောင်ပတ်ဝန်းကျင် သန့်ရှင်းသာယာမှုရှိစေရေး စသည့် ကိစ္စရပ်များကို အသီးသီးတင်ပြခဲ့ ကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက လိုအပ်သည်များကို ပေါင်းစပ်ကူညီဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ပြီး အစည်းအဝေးအားရုပ်သိမ်း ခဲ့ကြောင်း သတင်းရရှိပါသည်။

# စခန်းသွင်းလေ့ကျင့်နေသည့် ကာယဗလလက်ရွေးစင်အားကစားသမားများအား ကြည့်ရှုစစ်ဆေး





● ရန်ကုန်၊ နိုဝင်ဘာလ(၁၂)ရက်။
အားကစားနှင့် လူငယ်ရေးရာ
ဝန်ကြီးဌာန၊ အားကစားနှင့် ကာယ
ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေး
မှူးချုပ် ဦးကျော်ဦး၊ အားကစားနှင့်
ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်း
အုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်
နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး
အားကစားနှင့် ကာယပညာဦးစီးဌာန
ညွှန်ကြားရေးမှူး ဦးအောင်မိုးတို့သည်
ယနေ့နံနက် (၁၁)နာရီက ရန်ကုန်
တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ဝင်းအတွင်းရှိ မြန်မာနိုင်ငံ ကာယ
ဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်သို့
ရောက်ရှိရာ အားကစားသမားများ၏
နေထိုင်၊ စားသောက်မှုနှင့်လေ့ကျင့်
နေမှုများအား အဆင်ပြေမပြေမေးမြန်း
ကြည့်ရှု၍ ဆုတံဆိပ်ရရှိမှုကို အစွမ်း
ကုန်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်
သည်များကို တာဝန်ရှိသူများနှင့်အတူ
ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်
ချက်ကို မှာကြားခဲ့သည်။







ဆက်လက်၍ အစည်းဝေးခန်းမ၌
ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး
နှင့်ညွှန်ကြားရေးမှူးများ မြန်မာနိုင်ငံ
ကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့
ချုပ်ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းနှင့်
ဒေါ်ရီရီဝင်း၊ အမှုဆောင်များ၊ နည်းပြ/
အုပ်ချုပ်သူများ တက်ရောက်ကြပြီး
ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းက
အောင်မြင်မှုရရှိရေးကိစ္စရပ်များ၊ အဖွဲ့
ချုပ်မှ ပြင်ဆင်ဆောင်ရွက်ထားသည့်
ကိစ္စရပ်များအား ရှင်းလင်းတင်ပြပြီး
ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဦးက
လေ့ကျင့်ရေး၊ အောင်နိုင်ရေးနှင့်
ဆေးဝါးများကိုလည်း ယခင်နှစ်များ
နည်းတူ ပံ့ပိုးသွားမှာဖြစ်ကြောင်း၊
တားမြစ်ဆေးသုံးစွဲခြင်း ကိစ္စရပ်နှင့်
စပ်လျဉ်း၍ လုံးဝရှောင်ကြဉ်စေလို
သည့်အတွက် အားကစားသမားများ
တိတိကျကျ လိုက်နာမှုရှိစေရန် အုပ်
ချုပ်သူ/နည်းပြများက အနီးကပ်
ကြပ်မတ် ဆောင်ရွက်စေလိုကြောင်း၊
အဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊
အတွင်းရေးမှူး၊ နည်းပြနှင့် အား
ကစားသမားများအား တားမြစ်ဆေးဝါး
မသုံးစွဲကြောင်း ခံဝန်ကတိပြုလက်
မှတ်ရေးထိုးပြီးဖြစ်ပါကြောင်း၊ အား
ကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး၏ သဘောထား
မှာလည်း တားမြစ်ဆေးဝါး သုံးစွဲပြီးရ
သော ဆုတံဆိပ်မျိုးကို မလိုလားပါ
ကြောင်း၊ တားမြစ်ဆေးဝါး သုံးစွဲတွေ့ရှိ
ခဲ့လျှင် ထိထိရောက်ရောက် အရေး
ယူသွားမည်ဖြစ်ပါကြောင်း၊လာမည့်
SEA Games အတွက် အတန်း(၁၅)
တန်း စခန်းဝင်လေ့ကျင့်လျက်ရှိသည်
ကို သိရှိရပါကြောင်း၊ အုပ်ချုပ်သူ/
နည်းပြများအနေဖြင့်လည်း အား
ကစားသမားများအား မှန်မှန်ကန်ကန်
ရွေးချယ်စေလိုကြောင်း၊ မိမိတို့ဝန်ကြီး
ဌာနအနေဖြင့် အားကစားသမား ရွေး
ချယ်ရာ၌ အဖွဲ့ချုပ်၏ တင်ပြလာ
သည့်အပေါ် အဆင့်ဆင့်စိစစ်ရွေးချယ်
ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း
ပြောကြားခဲ့သည်။
ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ
ဦးကျော်သန်းနှင့် ဒုတိယဥက္ကဋ္ဌ
ဒေါ်ရီရီဝင်းတို့က အားကစားသမား
များ တားမြစ်ဆေးဝါး သုံးစွဲရေးကိစ္စနှင့်
စပ်လျဉ်း၍ လမ်းညွှန်ချက်အတိုင်း
လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါ
ကြောင်းနှင့် အထွေထွေဆွေးနွေး
တင်ပြခဲ့သည်။
ယင်းနောက် ဒုတိယညွှန်ကြား
ရေးမှူးချုပ် ဦးကျော်ဦးသည် လက်
ရွေးစင်အားကစားသမားများ လေ့
ကျင့်နေမှုအား ကြည့်ရှုအားပေးပြီး
တစ်ဦးချင်းစီအား လိုက်လံနှုတ်ဆက်
အားပေးစကား ပြောကြားခဲ့ကြောင်း
သိရှိရသည်။





# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ရန်ကုန်မြို့တွင် စခန်းသွင်းလေ့ကျင့်နေသော ဂျူဒိုအားကစားသမားများအား သွားရောက်ကြည့်ရှုစစ်ဆေး





● ရန်ကုန်၊ နိုဝင်ဘာလ(၁၄)ရက်။

ယနေ့နံနက် (၉)နာရီခွဲတွင် တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းအတွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ဂျူဒိုအားကစားခန်းမ၌ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေးအတွက် စခန်းသွင်းလေ့ကျင့်နေသော ဂျူဒိုအားကစားသမားများ၏ လေ့ကျင့်နေမှုများအား အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၂) ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုးတို့ လာရောက်ကြည့်ရှုစစ်ဆေးကြပါသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့(ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီး လမ်းညွှန်မှာကြားချက်အတိုင်း ကျန်းမာရေးကို အထူးဂရုစိုက်ရန် လိုအပ်ပါကြောင်း၊ စားသောက် နေထိုင်ရေးကိစ္စရပ်များကိုလည်း အတတ်နိုင်ဆုံး အဆင်ပြေစေရန် ဆောင်ရွက်ပေးထားပါကြောင်း၊ ဂျပန်နည်းပြဆရာ၏ သင်ကြားပြသပေးမှုများကို အထူးဂရုစိုက် လေ့လာသင်ယူလိုက်နာမှတ်သားထားပြီး လေ့ကျင့်မှုများကို သေချာ ဆောင်ရွက်ကြစေရန်နှင့် နောက်ပိုင်းတွင် မိမိတို့၏ နည်းပြဆရာများနှင့် မိမိတို့ကိုယ်တိုင် လေ့ကျင့်မှုများပြုလုပ်နိုင်ရန် ဆောင်ရွက်စေလိုကြောင်း၊ ဂျူဒိုအားကစားနည်းသည် ရွှေတံဆိပ်များကို ဆွတ်ခူးပေးသည့် အားကစားနည်းဖြစ်သည့်အတွက် များစွာဂုဏ်ယူချီးကျူးပါကြောင်း၊ ယခုယှဉ်ပြိုင်မည့် SEA Games ပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်များ ရရှိနိုင်အောင် ကြိုးစားကြစေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း ပြိုင်ပွဲအထောက်အကူပြုဝတ်စုံများကို ပံ့ပိုးပေးထားပါကြောင်း၊ တားမြစ်ဆေးဝါးများကို လုံးဝမသုံးစွဲရန် လိုအပ်ပါကြောင်း၊ စည်းကမ်းရှိပြီး နည်းစနစ်မှန်မှန် ပြင်းပြင်းထန်ထန် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသွားပါသည်။

ဆက်လက်၍ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၂) ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုးက ဂျူဒိုအားကစားအဖွဲ့သည် စည်းကမ်းရှိပြီး အမိန့်နာခံတတ်သည့် အားကစားအဖွဲ့ဖြစ်ပြီး အားကစား လေ့ကျင့်မှုအပိုင်း၌လည်း ကြိုးစားဆောင်ရွက်သည့် အားကစားအဖွဲ့ဖြစ်သည့်အတွက် ချီးကျူးပါကြောင်း၊ ယခုဝင်ရောက်ယှဉ်ပြိုင်မည့် SEA Games တွင်လည်း အကောင်းဆုံးယှဉ်ပြိုင်နိုင်ရန်အတွက် မိမိကိုယ်ကို အကောင်းဆုံးဖြစ်အောင် ကြိုးစားယှဉ်ပြိုင်ကြပြီး ဆုတံဆိပ်များ ရရှိအောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသွားပါသည်။

ထို့နောက် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်၊ အတွင်းရေးမှူး ဦးမောင်မောင်ထွေးဦးမှ ရန်ကုန်မြို့တွင် လက်ရှိစခန်းသွင်း လေ့ကျင့်နေသော အားကစားသမားများ၏ လေ့ကျင့်နေမှု အခြေအနေများအား တင်ပြခဲ့ပါသည်။





# တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပူးတွဲလေ့ကျင့်မှုပြုရန် မြန်မာအားကစားအဖွဲ့ ပထမအသုတ် ပြည်ပထွက်ခွာ






● ရန်ကုန်၊ နိုဝင်ဘာလ(၁၄)ရက်။

မြန်မာ-တရုတ် နှစ်နိုင်ငံအားကစားပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့နှင့် ချန်ဆားမြို့တို့တွင် ၂၀-၁၀-၂၀၂၂ ရက်နေ့မှ ၂၅-၁-၂၀၂၃ ရက်နေ့အထိ ပူးတွဲလေ့ကျင့်မှုပြုရန်အတွက် ပြေးခုန်ပစ်အားကစားနည်းမှ အားကစားအဖွဲ့(၂၅)ဦး၊ လက်ဝှေ့အားကစားနည်းမှ အားကစားအဖွဲ့(၂၁)ဦး၊ဘော်လီဘောအားကစားနည်းမှ အားကစားအဖွဲ့(အမျိုးသား/ အမျိုးသမီး)(၃၈)ဦးနှင့် ဝူရှူးအားကစားနည်းမှ အားကစားအဖွဲ့(၁၇)ဦး စုစုပေါင်း အားကစားအဖွဲ့ဝင် (၁၀၁)ဦး သွားရောက်မည်ဖြစ်ပါသည်။




ပူးတွဲလေ့ကျင့်မှုပြုရန် သွားရောက်မည့် မြန်မာအားကစားအဖွဲ့များအနက်မှ ပထမအသုတ်အနေဖြင့် နည်းပြချုပ် ဦးလွှမ်းမိုး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဒေါ်စုမြတ်မွန်တို့နှင့် အတူ နည်းပြ(၃)ဦး၊ အမျိုးသား အားကစားသမား(၁၈)ဦး၊ အမျိုးသမီး အားကစားသမား(၁၅)ဦး စုစုပေါင်း (၃၈)ဦးတို့ပါဝင်သည့် မြန်မာဘော်လီဘော အားကစားအဖွဲ့သည် ယနေ့ နံနက်(၁၁)နာရီတွင် လေယာဉ်အမှတ် UB 805 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် မြန်မာနိုင်ငံဘော်လီဘော အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းတို့က ပို့ဆောင်နှုတ်ဆက်ခဲ့ကြပါသည်။

ဆက်လက်၍ ၁၆-၁၁-၂၀၂၂ ရက်နေ့တွင် ဒုတိယအသုတ်အနေဖြင့် မြန်မာဝူရှူး အားကစားအဖွဲ့သည်လည်းကောင်း၊ ၂၁-၁၁-၂၀၂၂ ရက်နေ့တွင် တတိယအသုတ်အနေဖြင့် မြန်မာပြေးခုန်ပစ် အားကစားအဖွဲ့နှင့် မြန်မာလက်ဝှေ့ အားကစားအဖွဲ့တို့သည်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့နှင့် ချန်ဆားမြို့သို့ ထွက်ခွာမည်ဖြစ်ကြောင်း သိရှိရသည်။

# အားကစားနှင့် ကာယပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြား





● ရန်ကုန်၊ နိုဝင်ဘာလ(၁၅)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ဝန်ထမ်းများ တွေ့ဆုံအမှာစကားပြောကြားခြင်းအခမ်းအနားကို ယမန်နေ့ နေ့လယ်(၁း၃၀)နာရီတွင် တာမွေမြို့နယ် ကျိုက္ကဆံ အားကစားကွင်းအတွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ဒုတိယကျောင်းအုပ်ကြီးများ၊ ဌာနခွဲ အလိုက်တာဝန်ခံအရာရှိများနှင့် အားကစားနည်းအလိုက်တာဝန်ခံများ တက်ရောက်ခဲ့ကြပါသည်။

ဦးစွာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက အဖွင့်အမှာစကားပြောကြားပြီးနောက် ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေက ဆွေးနွေးတင်ပြရာတွင် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ ဌာနခွဲများ၌တာဝန်ချထားပေးမှုများ၊ ဆရာ/ဆရာမများ၏ အင်အားနှင့် သင်ကြား

▶▶





▶▶

ပြသပေးမှုများ ၊ ကျောင်းသား/ကျောင်းသူများ၏ အင်အားစာရင်း၊ စားရိပ်သာတွင် စားရိပ်သာကြီးကြပ်မှုကော်မတီဝင်များအား အလှည့်ကျဂျူတီချထားမှုနှင့် ပြန်လည် Report တက်မှုများ၊ ကျန်းမာရေးအတွက် ကြပ်မတ်ဆောင်ရွက်ထားရှိမှုများ၊ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများအား ကိုဗစ်-၁၉ ကာကွယ်ဆေးကို (၂)ကြိမ်နှင့် (၂) ကြိမ်အထက် ထိုးနှံပြီးစီးမှုများ၊ လုံခြုံရေး တာဝန်ချထားမှုကိစ္စရပ်များ၊ (၄) ထပ်အိပ်ဆောင်တွင်ISPE FC MNL (ကျား/မ)ဘောလုံးအသင်းများအပြင် လက်ရွေးစင်အသင်းများနှင့် ဌာနလုပ်ငန်းဆောင်ရွက်မှုကြောင့် လာရောက်သည့် ဧည့်သည်များအတွက် ပြင်ဆင်ထားရှိ ဆောင်ရွက်ပေးမှုများ၊ နည်းပြများကို(၁)ဦးလျှင် လစဉ်ငွေကျပ်(၃)သောင်း ထောက်ပံ့ကြေးပေးနိုင်သော်လည်း၊ အိပ်ဆောင်များ၌ တာဝန်ပေးအပ်ထားသော အဆောင်မှူး၊ နည်းပြများအား ထောက်ပံ့ကြေးပေးနိုင်ခြင်း မရှိသေးသည့်အတွက် ဌာနအနေဖြင့်အဆင်ပြေလျှင် ဆောင်ရွက်ပေးစေလိုကြောင်း တင်ပြခဲ့ပါသည်။

ဆက်လက်၍ အားကစားနည်းအလိုက် တာဝန်ခံများက မိမိတို့အားကစားနည်းအလိုက် တိုးတက်မှုစံချိန်များ၊ နည်းပြလိုအပ်ချက်များ၊ အားကစားအထောက်အကူပြုပစ္စည်း ရရှိမှု အခြေအနေနှင့် အားကစားသမားများအတွက် လိုအပ်ချက်များကို အသီးသီး တင်ပြဆွေးနွေးပြီးနောက် ပညာရေးကျောင်းမှ အောင်ချက်ကောင်းမွန်အောင် သင်ကြားပေးနေမှုများ၊ ဆေးဘက်ဌာနမှ ကျန်းမာရေးအတွက် လိုအပ်ချက်များအား ကူညီဆောင်ရွက်ပေးနေမှုများ၊ စားရိပ်သာမှ အစားအသောက် ချက်ပြုတ်မှုများ၊ သန့်ရှင်းသပ်ရပ်စွာ ပြင်ဆင်ထားရှိမှုများ၊ ဂက်စ်လိုအပ်ချက်များအား တင်ပြခဲ့ကြပါသည်။



ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးမှ လိုအပ်ချက်များအား ဆက်လက်တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီးနောက် နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အားကစားနည်းတိုင်းတွင်Training Program ကိုသေချာစွာထားရှိပြီး လေ့ကျင့်မှုများကို အမြဲစစ်ဆေးရန် လိုအပ်ပါကြောင်း၊ လူရွေးချယ်ရာတွင် ပင်ကိုယ်ဗီဇကောင်းမွန်ပြီး အရပ်အမောင်း၊ ကိုယ်ခန္ဓာဖွဲ့စည်းမှု အချိုးအစားများကို အားကစားနည်း Event အလိုက် ရွေးချယ်ရန်နှင့် စံချိန်၊ စံညွှန်းကောင်းမွန်အောင် စည်းကမ်းတကျလေ့ကျင့်နိုင်ရန်၊ ဝန်ထမ်းများ ရုံးတက်/ရုံးဆင်း စည်းကမ်းရှိစေရန်၊ ဝန်ထမ်းစည်းမျဉ်း/စည်းကမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရန်၊ လေ့ကျင့်ရေးနှင့် ပညာရေးပေါင်းစပ် လုပ်ကိုင်ဆောင်ရွက်ရန်၊ ကျန်းမာရေးနှင့် ညီညွတ်သောအစားအစာများဖြစ်အောင် အားရှိပြီး အစာအုပ်စုအလိုက် အာဟာရမျှတ၍ သန့်ရှင်းသပ်ရပ်ပြီး အရသာရှိအောင် ချက်ပြုတ်ကျွေးမွေးရန်၊ ဆေးဘက်ဌာနမှ လိုအပ်သည့် ဆေးအကာအကွယ်များ ကူညီဆောင်ရွက်ပေးရန်၊ အဆောင်စည်းကမ်းများ လိုက်နာ၍ မီးဘေးအန္တရာယ် ဂရုစိုက်ရန်၊ ရေ၊ မီး၊ သန့်စင်ခန်းများ စနစ်တကျအသုံးပြုရန်၊ ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရန်အတွက် ကျောင်းသား/ကျောင်းသူများနှင့်ဝန်ထမ်းများသည် ချမှတ်ထားသည့် စည်းမျဉ်း/ စည်းကမ်းများ အတိုင်း လိုက်နာဆောင်ရွက်ကြရန်၊ လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိပြီး လုံခြုံရေးကိစ္စရပ်များကို အထူးဂရုစိုက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရပါသည်။







● ရခိုင်၊ နိုဝင်ဘာလ(၁၆)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ရခိုင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမောင်သည် ပြည်နယ်လူငယ်ပြေးခုန်ပစ်လေ့ကျင့်ရေးစခန်းမှ အုပ်ချုပ်/နည်းပြနှင့် အားကစားသမားများအတွက် အနွေးထည်များထောက်ပံ့ပေးအပ်၍ အားပေးစကားများ ပြောကြားပြီးနောက် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ယဉ်ဆန်းအားကစားပစ္စည်း အရောင်းဆိုင်မှလည်း ပြည်နယ်အားကစားတိုးတက်ဖွံ့ဖြိုးရေးအတွက် တစ်ထောင့်တစ်နေရာမှ အထောက်အကူဖြစ်စေရန် အားကစား တူညီဝတ်စုံများထောက်ပံ့ပေးအပ်

■

ဒို့သွေး ဒို့သား ပြည်သူများ
လှုပ်ရှားတူပျော် အားကစားပွဲတော်


















● မန္တလေး၊ နိုဝင်ဘာလ(၆)ရက်။

မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဆပ်ကော်မတီမှ ကြီးမှူးကျင်းပပြုလုပ်သည့် Mandalay Futsal League 2022 ပြိုင်ပွဲကို (၁၅-၁၀-၂၀၂၂)ရက်နေ့မှ (၆-၁၁-၂၀၂၂) ရက်နေ့ထိ စနေနေ့နှင့် တနင်္ဂနွေနေ့ အပတ်စဉ်တိုင်း၌ ကျင်းပပြုလုပ်ခဲ့ရာ ပြိုင်ပွဲဝင်အသင်း(၁၂)သင်းတို့ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး AKS Futsal Club မှအမှတ်အများဆုံးဖြင့် ပထမဆုငွေကျပ်သိန်း(၃၀)နှင့်တံခွန်စိုက်ဆုဖလားကို ရရှိခဲ့ပါသည်၊ အဆိုပါပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ညနေ (၃း၃၀)နာရီတွင် ကျင်းပပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ကော်မတီဝင်များမှ တက်ရောက်ဆုချီးမြှင့် ■

# တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပူးတွဲလေ့ကျင့်မှုပြုရန် မြန်မာအားကစားအဖွဲ့ တတိယအသုတ် ပြည်ပထွက်ခွာ




● ရန်ကုန်၊ နိုဝင်ဘာလ(၂၁)ရက်။

မြန်မာ-တရုတ် နှစ်နိုင်ငံအားကစားပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့တွင် ပူးတွဲလေ့ကျင့်မှုပြုရန် တတိယအသုတ်အနေဖြင့် မြန်မာပြေးခုန်ပစ်အားကစားအဖွဲ့နှင့် မြန်မာလက်ဝှေ့ အားကစားအဖွဲ့တို့သည် ယနေ့နံနက်(၁၁)နာရီတွင် လေယာဉ်အမှတ် UB 805 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ မြန်မာနိုင်ငံလက်ဝှေ့အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဌ ဦးမျိုးမြင့်နှင့် အတွင်းရေးမှူး ဦးကိုကိုအောင်တို့က ပို့ဆောင်နှုတ်ဆက်ခဲ့ကြပါသည်။

အဆိုပါ မြန်မာပြေးခုန်ပစ်အားကစားအဖွဲ့တွင် အားကစားနှင့်လူငယ်

▶▶

# ကယားပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ကြီးမှူး၍ ငလျင်ဘေးအန္တရာယ် သင်္ကြန်တူဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားကျင်းပ






● လွိုင်ကော်၊ နိုဝင်ဘာလ(၁၂)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(လွိုင်ကော်)တွင် ယနေ့နံနက်(၀၉း၀၀)နာရီ၌ ငလျင်ဘေးအန္တရာယ်သင်္ကြန်တူ ဇာတ်တိုက်လေ့ကျင့်ခန်းပြုလုပ်ခြင်း အခမ်းအနားအား ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ကယားပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊



ကယားပြည်နယ် သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များဖြစ်သည့် မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ အရာထမ်း/အမှုထမ်းများနှင့်အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်)မှ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးများနှင့် အရာထမ်း/အမှုထမ်းများ၊ ဆရာ/ဆရာမများ၊ နည်းပြများနှင့် သင်တန်းသား/သူများ စုစုပေါင်းအင်အား(၂၀၅)ဦး တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က

စာမျက်နှာ(၅၄)သို့ ▶













▶▶

ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန နည်းပြ/နည်းစနစ် ဦးကျော်ကျော်ဝင်း(အုပ်ချုပ်သူ)နှင့်အတူ နည်းပြ(၄)ဦး၊ အမျိုးသားအားကစားသမား(၁၂)ဦး၊ အမျိုးသမီးအားကစားသမား(၈)ဦးတို့ ပါဝင်ပြီး မြန်မာလက်ဝှေ့ အားကစားအဖွဲ့တွင် ဒုအရာခံဗိုလ်မြင့်ထွန်း(အုပ်ချုပ်သူ)နှင့်အတူ နည်းပြ(၂)ဦး၊ အမျိုးသားအားကစားသမား(၁၃)ဦး၊ အမျိုးသမီးအားကစားသမား(၅)ဦး၊ စုစုပေါင်း (၄၆)ဦးတို့ လိုက်ပါသွားကြောင်းသိရှိရပါသည်။

■





● မုံရွာ၊ နိုဝင်ဘာလ(၉)ရက်။

အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်ဇော်လွင်နှင့်တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် သင်တန်းသား/သူများအတွက် အားကစားနည်းအလိုက် ဝတ်စုံ/အားကစား အထောက်အကူပြုပစ္စည်းများအား ထောက်ပံ့ပေးခြင်း အခမ်းအနားကို ယနေ့နေ့လယ်(၂း၀၀)နာရီတွင် ကျောင်းစားရိပ်သာ အဆောက်အဦအသစ်၌ ကျင်းပပြုလုပ်

---

စာမျက်နှာ(၅၃)သတင်း•••မှအဆက်

အဖွင့်အမှာစကား ပြောကြားခဲ့ပြီးနောက် လျှင်ဘောအန္တရာယ်သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်းများကို အစီအစဉ်အတိုင်း သရုပ်ပြကျင်းပပြုလုပ်ခဲ့ပြီး ဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားအပြီးတွင် ပါဝင်ဆောင်ရွက်ခဲ့သော လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မီးသတ်၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်) သင်တန်းသား/သူများနှင့် ဝန်ထမ်းများအား ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်မှ ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။



















၁၄/၁၅-၁၁-၂၀၂၂ ရက်နေ့တွင် အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)ရှိ အမှုထမ်း(၁၂)ဦးနှင့် ဝန်ထမ်းမိသားစုဝင်(၃)ဦးတို့အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု၊ ရေကူးကန် တည်ဆောက်ခြင်းလုပ်ငန်း၊ အမျိုးသားအိပ်ဆောင်နှင့် အမျိုးသမီးအိပ်ဆောင်တို့အား လိုက်လံကြည့်ရှု စစ်ဆေးပြီးနောက် အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး) ပင်မဆောင် အစည်းအဝေးခန်းမတွင်အုပ်ချုပ်ရေး၊ လေ့ကျင့်ရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကျင်းပ





















# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်)တွင် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပ





● မော်လမြိုင်၊ နိုဝင်ဘာလ(၂၁)ရက်။

အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်)တွင် ကျင်းပပြုလုပ်သည့် ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ယနေ့ နေ့လယ်(၁၃း၃၀)နာရီတွင် အားကစား နှင့် ကာယပညာသိပ္ပံ (မော်လမြိုင်) အုပ်ချုပ်မှုရုံးစုပေါင်းခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ် ဆရာဝန်ကြီး(ငြိမ်း) ဒေါက်တာမောင် မောင်လွင်က ကျန်းမာရေးဆိုင်ရာ ဆေးလိပ်သောက်သုံးခြင်းနှင့် ကွမ်းယာ စားသုံးခြင်း၏ ဆိုးကျိုးများနှင့်ပတ် သက်၍ အသိပညာပေး ဟောပြောခဲ့ ပါသည်။



မြို့နယ်ဆရာဝန်ကြီး (ငြိမ်း) ဒေါက်တာမောင်မောင်လွင်မှ အား ကစားနှင့် ကာယပညာသိပ္ပံ (မော် လမြိုင်)သင်တန်းသားများအား ဆေး ရွက်ကြီး စတင်ပေါ်ပေါက်လာပုံ၊ ဆေးလိပ်သောက်သုံးခြင်းဖြင့် အဆုတ် ရောဂါ၊ အဆုတ်ပွရောဂါ၊ နှလုံးသွေး ကြောကျဉ်းရောဂါများနှင့် အခြား ဆက်စပ်ရောဂါများ ခံစားရရှိနိုင် ကြောင်း၊ ကွမ်းယာစားသုံးခြင်းဖြင့် လည်း ပါးစောင်ကင်ဆာ၊လည်ချောင်း ကင်ဆာများဖြစ်ပေါ် လာနိုင်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆေးလိပ် သောက်ခြင်းသည် ကမ္ဘာပေါ်တွင် အဆင့်(၁)နေရာတွင်ရှိပြီး အင်ဒို နီးရှားနိုင်ငံသည် အဆင့်(၂)နေရာ တွင်ရှိကြောင်း၊ ကွမ်းယာစားသုံးခြင်း သည်လည်း မြန်မာနိုင်ငံသည် ကမ္ဘာ ပေါ်တွင်အဆင့်(၁)ဖြစ်ကြောင်း၊ ဆေး လိပ်သောက်သုံးခြင်းနှင့် ကွမ်းယာ စားသုံးခြင်းကြောင့် ရရှိလာမည့်ရောဂါ ဆိုးကျိုးများ ခံစားရနိုင်ကြောင်း၊ ဆေးလိပ်နှင့် ကွမ်းယာများသုံးစွဲခြင်းမှ ကင်းဝေးစေချင်ကြောင်း၊ အားကစား နှင့် ကာယပညာသိပ္ပံ(မော်လမြိုင်) ကျောင်းအဝင်မုခ်ဦးရှိ စိုက်ထူထား သည့် "ဆေးလိပ်ငွေ့ကင်းစင်နယ်မြေ" ဆိုင်းဘုတ်အတိုင်း အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်)သည် သန့်ရှင်းသပ်ရပ်ပြီး ဆေးလိပ်ငွေ့ ကင်းစင်သည့် နယ်မြေအမှန်တကယ် ဖြစ်သည်ကို တွေ့ရှိရသည့်အတွက် ချီးကျူးပါကြောင်း ပြောကြားသွား ပါသည်။

ထို့နောက် အားကစားနှင့်ကာယ ပညာသိပ္ပံ(မော်လမြိုင်) ကျောင်းအုပ် ကြီး၊ ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်မှ ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပေးသော မြို့နယ်ဆရာဝန် ကြီး(ငြိမ်း) ဒေါက်တာမောင်မောင်လွင် အား အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်) ကျောင်းအုပ်ကြီး၊ ညွှန် ကြားရေးမှူး ဦးနေမျိုးလွင်၊ ဒုတိယ ကျောင်းအုပ်ကြီးများ၊ လက်ထောက် ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ အားကစားနှင့်ပညာရေး ပေါင်းစပ် အထက်တန်းကျောင်းမှ ကျောင်းအုပ် ဆရာမကြီး၊ အားကစားနှင့် ကာယ ပညာသိပ္ပံ(မော်လမြိုင်)မှ သူနာပြု ဆရာမများ၊ နည်းပြများနှင့်သင်တန်း သားများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။











# ၂၀၂၂ ခုနှစ်၊ ဆင္ဌမအကြိမ်မြောက် မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများ အသင်းနှစ်ပတ်လည်အခမ်းအနား ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ





● ရန်ကုန်၊ နိုဝင်ဘာလ(၂)ရက် ။

၂၀၂၂ ခုနှစ်၊ ဆင္ဌမအကြိမ်မြောက် မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်း နှစ်ပတ်လည် အခမ်းအနား ကျင်းပနိုင်ရန် အစည်းအဝေးကို ယနေ့နံနက် (၁၀)နာရီက ရန်ကုန်မြို့ တာမွေမြို့နယ်၊ ကျိုက္ကဆံ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)ရှိ မြန်မာ့လက်ရွေးစင်ဟောင်းများ အသင်းရုံး၌ ကျင်းပခဲ့သည်။



အခမ်းအနားသို့ ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ နာယက ဦးသက်ဝင်း၊ ဦးအုန်းရှိန်နှင့် ဦးတင်အောင်(ဂိုး) ဒုတိယဥက္ကဋ္ဌ ဦးအေးမောင်ကြီး၊ ဦးမောင်မြင့်၊ ဦးလှရွှေလေးနှင့် အမှုဆောင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။



ရှေးဦးစွာ ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ကမ္ဘာတည်သ၍ အားကစားဆိုတာရှိနေမှာဖြစ်ပြီး၊ အားကစားရှိနေသ၍ လက်ရွေးစင် အားကစားသမားဆိုတာ ရှိနေမှာဖြစ်တဲ့အတွက် သမိုင်းအမွေ လက်ဆင့်ကမ်းရင်း အသင်းကြီး တည်တံ့ပြန့်ပွားရေးကို ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့ပြီး၊ အတွင်းရေးမှူး ဦးစိုးသိန်းက နှစ်ပတ်လည် အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အစီစဉ်များကို အသေးစိတ်ဆွေးနွေး၍ အလှူငွေရရှိရေး၊ အခမ်းအနားဖြစ်မြောက်ရေးအတွက်ဝိုင်းဝန်းကူညီသူများကို မှတ်တမ်းနှင့်အတူ ဂုဏ်ပြုလက်ဆောင်ပေးနိုင်ရေး၊ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးရေး၊ ဖိတ်ကြားကြိုဆိုနေရာချ၊ ညှော်ခံကျွေးမွေးရေးကိစ္စများကိုတင်ပြရာ အစည်းအဝေး တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြစ်ကြီးနားအသင်း (ရန်ကုန်)သာရေးနာရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်ရွှေကူနန်းနွဲ့နွဲ့က ငွေကျပ် (၂)သိန်းအားလှူဒါန်း၍ လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ညိုနှင့် အမှုဆောင်တို့က ငွေကျပ်(၂)သိန်းအားလှူဒါန်းခဲ့ရာ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က လက်ခံရယူခဲ့သည်။

ယင်းနောက် ဦးစိုးသိန်းနှင့် ဒေါ်ဘေဘီတို့က မြစ်ကြီးနားအသင်း (ရန်ကုန်) သာရေးနာရေးကော်မတီဥက္ကဋ္ဌအား ဂုဏ်ပြုလက်ဆောင်ပေး၍လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌများက တီးဝိုင်းနှင့်အဆို ကူညီပံ့ပိုးသူများအား ဂုဏ်ပြုလက်ဆောင်များ အသီးသီးပေးအပ်ခဲ့ပြီး နေ့လယ်စာဒံပေါက်နဲ့ တည်ခင်းညှော်ခံခဲ့ကြသည်။

ဆင္ဌမအကြိမ်မြောက် မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်းနှစ်ပတ်လည် အခမ်းအနားကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၂၇)ရက်နေ့ နံနက်(၁၀)နာရီ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)NIS(1) သုဝဏ္ဏတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။






# (၆)ကြိမ်မြောက် အရှေ့အာရှသက်တမ်းအလိုက် လူငယ်တံခွန်စိုက် စစ်တုရင် ချန်ပီယံရှစ်ပြိုင်ပွဲ မြန်မာအားကစားသမား ကျော်မြတ်အောင် ကြေးတံဆိပ်ရရှိ

● ရန်ကုန်၊ နိုဝင်ဘာလ(၆)ရက်။

(၆)ကြိမ်မြောက် အရှေ့အာရှသက်တမ်းအလိုက် လူငယ်တံခွန်စိုက် စစ်တုရင်ချန်ပီယံရှစ် (6th Eastern Asia (ASEAN) Youth Chess Cham pionship) ပြိုင်ပွဲကို နိုဝင်ဘာ ၄ ရက်မှ ၁၃ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပလျက်ရှိရာ အမျိုးသားအသက်(၁၈)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် ကျော်မြတ်အောင် ကြေးတံဆိပ် ရရှိထားကြောင်း သိရသည်။ ယင်းပြိုင်ပွဲ၌ အသက်(၁၈)နှစ်အောက် ပြိုင်ပွဲတွင် မြန်မာမှ စိုင်းဟန်သီဟ၊ ကျော်မြတ်အောင်၊ ပိုင်ဇေယျာကို၊ ထိုင်းမှ လေးဦး၊ ဖိလစ်ပိုင်မှ သုံးဦး၊ ဗီယက်နမ်မှ တစ်ဦး၊ မွန်ဂိုလီးယားမှ တစ်ဦးတို့ ပွဲစဉ် ခုနစ်ပွဲ ယှဉ်ပြိုင်ကစားကြသည်။ ဗိုလ်လုပွဲသို့ မြန်မာမှ ကျော်မြတ်အောင်၊ စိုင်းဟန်သီဟ၊ ဗီယက်နမ်မှ Lai Duc Minh၊ဖိလစ်ပိုင်မှ Tisado Janmyl Dilan တို့ တက်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပြိုင်ပွဲတွင် ဗီယက်နမ်မှ ပထမ၊ ဖိလစ်ပိုင်မှ ဒုတိယ၊ မြန်မာမှ ကျော်မြတ်အောင်က တတိယရရှိခဲ့သည်။ မြန်မာအားကစားအဖွဲ့သည် အသက်(၁၆)နှစ်အောက်တွင် ဇော်ရဲထွဋ်၊ အသက်(၁၄)နှစ်အောက်တွင် သီဟဇော်၊ အသက်(၁၀)နှစ်အောက်တွင် ဟိန်းသန့်တို့ ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ (၆)ကြိမ်မြောက် အရှေ့အာရှ သက်တမ်းအလိုက် လူငယ်တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတွင် အာဆီယံ(၁၀)နိုင်ငံနှင့် ကိုရီးယား၊ တိုင်ပေ၊ ဟောင်ကောင်၊ မွန်ဂိုလီးယားနိုင်ငံတို့မှ အားကစားသမား(၈၀)ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။



# အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ အား/ကာသိပ္ပံနှင့် အား/ကာ ဦးစီးဌာနအသင်းတို့ အနိုင်ရ







● ရန်ကုန်၊ နိုဝင်ဘာလ(၇)ရက်။

၂၀၂၂ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)ပထမနေ့ကို နိုဝင်ဘာ ၇ ရက်က ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ အား/ကာ သိပ္ပံအသင်းနှင့် အား/ကာ ဦးစီးဌာနအသင်းတို့ အနိုင်ရရှိခဲ့သည်။

ပထမနေ့တွင် အား/ကာဦးစီးဌာနအသင်းက YREO အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ အား/ကာသိပ္ပံအသင်းက တနင်္သာရီအသင်းကို ၁၁ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အား/ကာ ဦးစီးဌာန အသင်းမှာမူ ၄၁မိနစ်တွင် အာဇွန်သာ သွင်းယူသည့် တစ်လုံးတည်းသောဂိုးဖြင့် YREO အသင်းကို အနိုင်ရခဲ့ခြင်းဖြစ်သည်။ YREO အသင်းသည် ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်။ အား/ကာသိပ္ပံအသင်းသည် ဇယားအောက်ဆုံးမှ တနင်္သာရီအသင်းကို ခြေအသာဖြင့် ကစားကာ နှစ်ကျော့စလုံး ဂိုးပြတ်အနိုင်ယူခဲ့ခြင်းဖြစ်သည်။ အသင်းသစ် တနင်္သာရီအသင်းသည် လက်ရှိအချိန်ထိ နိုင်ပွဲမရသေးသော်လည်း တိုးတက်မှုများရှိလာပြီး အသင်းကြီး အား/ကာ သိပ္ပံကို ပထမအကျော့ထက် ပေးဂိုးနည်းအောင် ကစားနိုင်ခဲ့သည်။ အား/ကာ သိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို ၈ မိနစ်တွင် မီမီဇင်၊ ၄၆၊ ၆၅ မိနစ်တွင် နန့်မေသဇင်၊ ၅၂၊ ၇၁၊ ၈၇ မိနစ်တွင် ခင်မာလာထွန်း၊ ၆၃၊ ၉၀+၂ မိနစ်တွင် ဆုပြည့်ပြည့်ကျော်၊ ၇၈ မိနစ်တွင် ဟေမာန်စိုးနှင့် ၈၆ မိနစ်တွင် ယဥ်လွန်းအိမ်တို့က သွင်းယူခဲ့ပြီး ကျန်တစ်ဂိုးမှာမူ ၂၈ မိနစ်တွင် တနင်္သာရီအသင်းမှ နှင်းပွင့်အေးကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။

ပွဲစဉ်(၉) နောက်ဆုံးနေ့အဖြစ် နိုဝင်ဘာ ၈ ရက်နေ့တွင် သစ္စာအားမာန်အသင်းနှင့်Young Lionesses အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

# (၁၃)ကြိမ်မြောက် ကမ္ဘာ့ကာယဗလပြိုင်ပွဲသို့ မြန်မာမှ ရဲထွန်းနောင်နှင့် ထွန်းထွန်းအောင် ဝင်ရောက်ယှဉ်ပြိုင်မည်

● ရန်ကုန်၊ နိုဝင်ဘာလ(၁၂)ရက်။

ထိုင်းနိုင်ငံ ဖူးခက်မြို့၌ ဒီဇင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ ကျင်းပမည့် (၁၃) ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲသို့ မြန်မာ ကာယဗလ အားကစားသမားများ ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်မှ သိရသည်။ အဆိုပါပြိုင်ပွဲသို့ အမျိုးသား(၆၅)ကီလိုတန်းတွင် ရဲထွန်းနောင်၊ (၆၀)ကီလိုတန်းနှင့် အသက်(၅၀) နှင့်အထက် ကီလိုတန်းတွင် ထွန်းထွန်းအောင်တို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော် ယခင်ကမ္ဘာ့ပြိုင်ပွဲတွေမှာ ရွှေ၊ ငွေ၊ ကြေးဆုရရှိခဲ့သလို ၁၉၉၇ခုနှစ်၊အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တွင် ကျင်းပခဲ့တဲ့ ဆီးဂိမ်းမှာ ရွှေတံဆိပ် ရရှိခဲ့ပါတယ်။ ပြိုင်ပွဲအတွေ့အကြုံလည်းရှိခဲ့ပါပြီ၊ လေ့ကျင့်မှုကို ပြင်းပြင်းထန်ထန် လုပ်နေရပါတယ်။ ပြိုင်ဘက်တွေက အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတွေ ဖြစ်ပါတယ်”ဟု ထွန်းထွန်းအောင်က ပြောသည်။





လက်ရွေးစင် အားကစားသမား ရဲထွန်းနောင်သည် (၃၁)ကြိမ်မြောက် ဆီးဂိမ်းတွင် ရွှေတံဆိပ် ရရှိထားပြီး ယခု ကမ္ဘာ့ပြိုင်ပွဲကို ပထမဆုံး ဝင်ရောက် ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်သည် ကမ္ဘာ့ပြိုင်ပွဲ၊ အာရှပြိုင်ပွဲ (၃၂)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲအတွက် ပဏာမ လက်ရွေးစင် အမျိုးသား(၁၉)ဦး၊ အမျိုးသမီး(၃)ဦး ရွေးချယ်ထားပြီး ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စည်ပင်ဝင်းအဖွဲ့ချုပ်ရုံး၌ စခန်းသွင်း လေ့ကျင့်လျက်ရှိကြောင်း သိရသည်။ ■

# (၆)ကြိမ်မြောက် အရှေ့အာရှ သက်တမ်းအလိုက် လူငယ်တံခွန်စိုက် စစ်တုရင် ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာ ရွှေတစ်ခု၊ ကြေးလေးခု ရရှိ

● ရန်ကုန်၊ နိုဝင်ဘာလ(၁၂)ရက်။

(၆)ကြိမ်မြောက် အရှေ့အာရှ သက်တမ်းအလိုက် လူငယ်တံခွန်စိုက် စစ်တုရင် ချန်ပီယံရှစ် ($6^{th}$ Eastern Asia (ASEAN)Youth Chess Championship) ပြိုင်ပွဲကို နိုဝင်ဘာ ၄ရက်မှ ၁၃ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပလျက်ရှိရာ နိုဝင်ဘာ ၁၂ ရက်က ပြိုင်ပွဲများပြီးဆုံး၍ မြန်မာအားကစားသမားများ ရွှေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် လေးခု ဆွတ်ခူးရရှိကြောင်း သိရသည်။



ယင်းပြိုင်ပွဲ၌ အမျိုးသား အသက်(၁၆)နှစ်အောက်Standard တစ်ဦးချင်း ဗိုလ်လုပြိုင်ပွဲတွင် ပထမ တရုတ်(တိုင်ပေ)၊ ဒုတိယ အင်ဒိုနီရှား၊ တတိယ မြန်မာမှ ဇော်ရဲထွဋ်က လည်းကောင်း၊ အသက်(၁၈)နှစ်အောက် Standard အသင်းလိုက် ဗိုလ်လုပြိုင်ပွဲတွင် ပထမ ဗီယက်နမ်၊ ဒုတိယ ထိုင်း၊ တတိယ မြန်မာမှ စိုင်းဟန်သီဟ၊ ကျော်မြတ်အောင်၊ ပိုင်ဇေယျာကိုတို့က လည်းကောင်း၊ အသက်(၁၈)နှစ်အောက် Rapid တစ်ဦးချင်းပြိုင်ပွဲတွင် ကျော်မြတ်အောင်က လည်းကောင်း၊ အသက်(၁၈)နှစ် Rapid အသင်းလိုက်ပြိုင်ပွဲတွင် ပထမ မြန်မာမှ စိုင်းဟန်သီဟ၊ ကျော်မြတ်အောင်၊ ပိုင်ဇေယျာကိုတို့ကလည်းကောင်း၊ အသက်(၁၈)နှစ် Blitz အသင်းလိုက်ပြိုင်ပွဲတွင် တတိယ မြန်မာမှ စိုင်းဟန်သီဟ၊ ကျော်မြတ်အောင်၊ ပိုင်ဇေယျာကိုတို့ ရရှိခဲ့ကြောင်း သိရသည်။

မြန်မာလူငယ် အားကစားသမား (၆)ဦးသည် အသက်(၁၆)နှစ်အောက် Standard အသက်(၁၆)နှစ်အောက် လူငယ်ပုံမှန်ပြိုင်ပွဲ၊ အသက်(၁၈)နှစ်အောက် Standard အသက်(၁၈)နှစ်အောက် လူငယ်ပုံမှန်ပြိုင်ပွဲ၊ အသက်(၁၈)နှစ်အောက် Rapid အသက်(၁၈)နှစ်အောက် လူငယ်အမြန်ရွှေ့ပြိုင်ပွဲ၊ အသက်(၁၈)နှစ်အောက် Blitz အသက်(၁၈)နှစ်အောက် လူငယ်လျှပ်တစ်ပြက်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

(၆)ကြိမ်မြောက် အရှေ့အာရှ သက်တမ်းအလိုက် လူငယ်တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတွင် အာဆီယံ (၁၀) နိုင်ငံနှင့် ကိုရီးယား၊ တရုတ်(တိုင်ပေ)၊ ဟောင်ကောင်၊ မွန်ဂိုလီးယားတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**ဇာတိသွေးမာန် ထက်သန်ရန်**
**အားကစားက အခြေခံ**

# AFF Ordinary Congress သို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့ တက်ရောက်





● ရန်ကုန်၊ နိုဝင်ဘာလ(၁၄)ရက်။

အာဆီယံဘောလုံးအဖွဲ့ချုပ် AFF Ordinary Congress ကို နိုဝင်ဘာ ၁၄ ရက်က ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ယိမြို့၌ ကျင်းပရာ အာရှဘောလုံးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းသိန်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းတို့ တက်ရောက်ခဲ့သည်။

ယင်းကွန်ဂရက်တွင် အာဆီယံဘောလုံးအဖွဲ့ချုပ်၏ ၂၀၂၂-၂၀၂၆ သက်တမ်းအတွက် ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ ပြန်လည်ရွေးချယ်ခဲ့ပြီး ဥက္ကဋ္ဌအဖြစ် Khiev Sameth က ဆက်လက်ရွေးချယ်ခံရကာ ဒုဥက္ကဋ္ဌ(၄)ဦးလည်း ရွေးချယ်တင်မြှောက်ခဲ့သည်။ထို့အပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းသည် အာဆီယံဘောလုံးအဖွဲ့ချုပ်Council Members အဖြစ် ၂၀၂၂-၂၀၂၆ သက်တမ်းအတွက် ထပ်မံရွေးချယ်တင်မြှောက်ခံခဲ့ရကြောင်း သိရသည်။

---

# ၂၀၂၂ခုနှစ်၊ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပြင်ဦးလွင်ပွဲစဉ်)ဖွင့်ပွဲကျင်းပ

● ရန်ကုန်၊ နိုဝင်ဘာလ(၁၄)ရက်။

မြန်မာနိုင်ငံထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် မြန်မာနိုင်ငံဂေါက်သီး အားကစားအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က စီစဉ်၍ Mytel Operator၊ မြဝတီဘဏ်လီမိတက်နှင့် အင်းဝဘဏ်လီမိတက်တို့က အဓိကကူညီပံ့ပိုးသည့် ၂၀၂၂ ခုနှစ်၊ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပြင်ဦးလွင် ပွဲစဉ်)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ ချယ်ရီလွင် တပ်မတော်ဂေါက်ကွင်း၌ ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တပ်မတော်အရာရှိကြီးများ၊ Mytel Operator မှတာဝန်ရှိသူများ၊မြဝတီဘဏ်လီမိတက်မှ တာဝန်ရှိသူများ၊ အင်းဝဘဏ်လီမိတက်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်၊ မြန်မာပီဂျီအေတို့မှ တာဝန်ရှိသူများ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေ ဥက္ကဋ္ဌ ဦးကိုကိုအေး၊ Mytel Operator ဥက္ကဋ္ဌ ဦးခင်မောင်စိုး၊ မြဝတီဘဏ်လီမိတက်နှင့် အင်းဝဘဏ်လီမိတက်မှတာဝန်ရှိသူများက အလှည့်ကျ ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ယှဉ်ပြိုင်သည်။ ပြိုင်ပွဲတွင် ပညာရှင်အဆင့်(၃၃)ဦး၊ ဝါသနာရှင်အဆင့် (အမျိုးသား)(၉၅)ဦး၊ ဝါသနာရှင်အဆင့်(အမျိုးသမီး)(၅၈)ဦး စုစုပေါင်း အားကစားသမား(၁၈၆)ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ယင်းပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် အမျိုးသား လက်ရည်စစ်ပြိုင်ပွဲကို ရန်ကုန်မြို့ရှိ မြို့တော်ဂေါက်ကွင်းနှင့် ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင်ဂေါက်ကလပ်တွင် အောက်တိုဘာ(၃၁)ရက်နှင့် နိုဝင်ဘာ(၁)ရက်တို့တွင် ကျင်းပရွေးချယ်ခဲ့သလို ၂၀၁၉ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ကျင်းပပြီးစီးခဲ့သည့် ပွဲစဉ်(၆)ပွဲတို့တွင် အမှတ်ပေးဇယားများအရ အဆင့်(၁)မှ (၃၀)အတွင်း ရရှိခဲ့သူများမှာမူ လက်ရည်စစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မလိုဘဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ကြောင်း သိရသည်။ ယခုပြိုင်ပွဲတွင် ပညာရှင်အဆင့် အမျိုးသား( H'cap 0-12)၊ ဝါသနာရှင်အဆင့် အမျိုးသမီး ( H'cap 0-18) ယှဉ်ပြိုင်ကစားခွင့်ပြုမည်ဖြစ်၍ ပြိုင်ပွဲကို စိန့်အင်ဒရူး ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပလျက်ရှိကြောင်း ပြိုင်ပွဲကို ပြင်ဦးလွင်မြို့ ချယ်ရီလွင် တပ်မတော်ဂေါက်ကွင်း၌ နိုဝင်ဘာ(၁၄)ရက်မှ (၁၇) ရက်အထိ (၄)ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

■

# ဆောင်းရာသီ အသင်းလိုက် ဖိတ်ခေါ် စားပွဲတင် တင်းနစ်ပြိုင်ပွဲ ကျင်းပ

● ရန်ကုန်၊ နိုဝင်ဘာလ(၂၆)ရက်။



မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ကကြီးမှူးပြီး ရှိုင်ရယ်ဒီမှ ကူညီပံ့ပိုးပြုလုပ်သည့် ၂၀၂၂ ခုနှစ် ဆောင်းရာသီ ဖိတ်ခေါ်အသင်းလိုက် စားပွဲတင် တင်းနစ်ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်း အမျိုးသား ရေကူးကန်ဝင်းရှိ မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ်၌ ကျင်းပပြုလုပ်ရာ အားကစားသမား ၂၀၀ ကျော် ဝင်ရောက် ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် တစ်သင်းလျှင် အမျိုးသား/အမျိုးသမီးစုစုပေါင်း ငါးယောက် ပါဝင်သော အသင်း ၄၅ သင်းပါဝင်ပြီး ပထမအဆင့်အုပ်စု ၁၅ စုခွဲ၍ တစ်အုပ်စုလျှင် သုံးသင်းဖြင့် အုပ်စုပတ်လည် ယှဉ်ပြိုင်ကြဖြစ်သည်။ ထို့နောက် တစ်အုပ်စုလျှင် အသင်း နှစ်သင်းတက်ကာ ပထမအဆင့် ရှုံးထွက်ပုံစံဖြင့် ကစားကြသည်။ စားပွဲတင်တင်းနစ်အားကစားနည်းကို လူအများသိရှိလာစေရန်၊ ပြိုင်ပွဲဝင်အားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရရှိစေရန်နှင့် ပြိုင်ပွဲ အတွေ့အကြုံကောင်းများ ရရှိစေရန်၊ ပြိုင်ပွဲဝင် အားကစားသမားများကျန်းမာ သန်စွမ်းလာစေရန်နှင့် မျိုးဆက်သစ်များအားလက်ဆင့်ကမ်း သင်ကြားပေးနိုင်ရန် ရည်ရွယ်ကာ ၂၀၂၂ ခုနှစ်၊ ဆောင်းရာသီဖိတ်ခေါ် အသင်းလိုက် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ဆုဖလားများ ချီးမြှင့်မည်ဖြစ်ပြီး ငွေသားဆုကြေးအဖြစ် ပထမဆု ၁၀ သိန်း၊ ဒုတိယဆု ငါးသိန်း၊ တတိယဆု သုံးသိန်းနှင့် နှစ်သိမ့်ဆု နှစ်သိန်း ပေးအပ်ချီးမြှင့်မည်ဖြစ်ကာ ပြိုင်ပွဲအား နိုဝင်ဘာ ၂၈ ရက်ထိ သုံးရက်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

# အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အား/ကာ သိပ္ပံအသင်း ဗိုလ်စွဲ

● ရန်ကုန်၊ နိုဝင်ဘာလ(၂၇)ရက်။




၂၀၂၂ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၁၄)ကို နိုဝင်ဘာ ၂၇ရက်က ကွင်းသုံးကွင်း၌ ယှဉ်ပြိုင်ကစားရာ အား/ကာသိပ္ပံအသင်း ဗိုလ်စွဲခဲ့သည်။

နောက်ဆုံးနေ့တွင် အား/ကာ သိပ္ပံအသင်းက မြဝတီအသင်းကို နှစ်ဂိုး ဂိုးမရှိ၊ အား/ကာဦးစီးဌာန အသင်းက တနင်္သာရီအသင်းကို သုံးဂိုး-ဂိုးမရှိ၊ YREO အသင်းက Young Lionesses အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲတွင် လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းက မြဝတီကို အနိုင်ယူကာ ချန်ပီယံဆု ကာကွယ်နိုင်ခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် သစ္စာအားမာန်အသင်းနှင့် ရမှတ်တူသော်လည်း ဂိုးကွာခြားချက်အသာ ရခဲ့သဖြင့် ချန်ပီယံဆု ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲဖြစ်သောကြောင့် အား/ကာသိပ္ပံအသင်းသည် အမာခံ ကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သလို မြဝတီအသင်းမှာလည်း ယခုပွဲအနိုင်ရပါက ဒုတိယနေရာရရှိမည်ဖြစ်သောကြောင့် အကောင်းဆုံး တုံ့ပြန်ကစားခဲ့သည်။ နှစ်သင်းစလုံး အပြန်အလှန် တိုက်စစ်ဆင်နိုင်သော်လည်း အခွင့်အရေးများအသုံးမချနိုင်သဖြင့် ပထမပိုင်းပြီးခါနီးမှ ဂိုးစတင်ရရှိခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် ရရှိသည့် ပယ်နယ်တီမှတ်တစ်ဆင့် ဆုပြည့်ပြည့်ကျော်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းပြီးခါနီးတွင် ဂိုးစတင်ရရှိသည့် အား/ကာသိပ္ပံ အသင်းသည် စိတ်ဓာတ်တက်သွားပြီး ဒုတိယပိုင်းတွင် ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် ဒုတိယဂိုးကို ၇၉ မိနစ်တွင် ဆုပြည့်ပြည့်ကျော်က သွင်းယူခဲ့သည်။

အား/ကာသိပ္ပံနှင့် မြဝတီအသင်း ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ သွင်းဂိုး အများဆုံးဆုရခင်မာလာထွန်း (အား/ကာသိပ္ပံ)အား ဆုတံဆိပ်နှင့်ဆုကြေးငွေကျပ် ငါးသိန်း၊ တတိယဆုရ မြဝတီအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း(၁၀၀)၊ ဒုတိယဆုရ သစ္စာအားမာန်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း (၁၂၀)၊ ပထမဆုရ အား/ကာ သိပ္ပံအသင်းအား တစ်ဦးချင်းဆုတံဆိပ် ဆုကြေးငွေကျပ်သိန်း(၁၅၀)နှင့် ဆုဖလားတို့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး ဒေါ်မော်မော်သန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ် ကော်မတီတို့မှ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ပြိုင်ပွဲအပြီးတွင် အား/ကာ သိပ္ပံအသင်းက ၁၂ ပွဲကစား ၁၀ ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ ရမှတ် ၃၁ မှတ်ဖြင့် ချန်ပီယံဆု ရရှိခဲ့ပြီး သစ္စာအားမာန်အသင်းက ၃၁ မှတ်ဖြင့် ဒုတိယ၊ မြဝတီအသင်းက ၂၆ မှတ်ဖြင့် တတိယရရှိကာ အား/ကာဦးစီးဌာနအသင်းက ၁၈ မှတ်၊ YREO အသင်းနှင့် Young Lionesses အသင်းတို့က ၉ မှတ်စီရရှိ၍ တနင်္သာရီအသင်းမှာမူ ၁၂ ပွဲစလုံး အရေးနိမ့်ပြီး အမှတ် မရရှိခဲ့ပေ။ သစ္စာအားမာန်အသင်းသည် ဂိုးကွာခြားချက်ကြောင့် ချန်ပီယံဆုနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

■

# ဆောင်းရာသီ အသင်းလိုက်ဖိတ်ခေါ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ATT အသင်း ပထမဆုဆွတ်ခူး





● ရန်ကုန်၊ နိုဝင်ဘာလ(၂၉)ရက်။

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးပြီး ရှိုင်ရယ်ဒီမှ ကူညီပံ့ပိုးမှုဖြင့် ကျင်းပသည့် ၂၀၂၂ ခုနှစ်၊ ဆောင်းရာသီဖိတ်ခေါ် အသင်းလိုက် စားပွဲတင် တင်းနစ်ဗိုလ်လုပွဲ ပြိုင်ပွဲကို ယမန်နေ့ ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းရှိ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်၌ ကျင်းပပြုလုပ်ရာ ဗိုလ်လုပွဲတွင် ATT အသင်းက Happy Zone အသင်းကို သုံးပွဲနှစ်ပွဲဖြင့် လည်းကောင်း၊ တတိယနေရာလုပွဲတွင် စိန်ပေါလ်အသင်းက မကွေးအသင်းကို သုံးပွဲ တစ်ပွဲဖြင့် လည်းကောင်း အနိုင်ရရှိသွားသည်။



အဆိုပါပြိုင်ပွဲတွင် တစ်သင်းလျှင် အမျိုးသား/အမျိုးသမီးစုစုပေါင်း ငါးယောက်ပါဝင်သော အသင်း ၄၅ သင်းပါဝင်ပြီး ပထမအဆင့်အုပ်စု ၁၅ စုခွဲ၍ တစ်အုပ်စုလျှင် သုံးသင်းဖြင့် အုပ်စုပတ်လည် ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ပထမ ATT အသင်း၊ ဒုတိယ Happy Zone အသင်း၊ တတိယ စိန်ပေါလ်အသင်း၊ အသက် အငယ်ဆုံးဆု၊ အသက်အကြီးဆုံး အားကစားသမားဆုတို့အား မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သန်းတို့က တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားများ ပေးအပ်ချီးမြှင့်ကြသည်။

“ဒီပွဲကိုကျွန်တော်တို့ ကျင်းပရတာက အဓိကကတော့ ပြိုင်ပွဲတွေလည်း နည်းနည်းလေး ဝေးကွာနေတယ်၊ ပြီးတော့ ကစားသမားတွေရဲ့ အားလုံးလိုလားနေတဲ့ တောင့်တချက်လည်းပါတယ်၊ ကျွန်တော်တို့ကလည်း ပြိုင်ပွဲကို အဆက်မပြတ် ကျင်းပချင်တာရယ်ပေါ့၊ နောက်ဒီနှစ်ဆီးဂိမ်းမှာလည်း ကျွန်တော်တို့ စားပွဲတင်တင်းနစ် အနေနဲ့က ဦးစားပေးအဆင့်ထဲမှာ မပါဘူး၊ မပါဘူးဆိုတာက ဒီနှစ်မှာ ဦးစားပေးအဆင့်က ရွှေရနိုင်တဲ့ အားကစားနည်းကိုပဲ ရွေးချယ်ပြီး အားကစားနည်း ၄၈ မျိုးထဲမှာ ၂၂ မျိုးကိုပဲ သွားရောက်ယှဉ်ပြိုင်မှာဖြစ်တယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ဆီမှာ လူငယ် လက်ရွေးစင်လည်းရှိတယ်၊ မျိုးဆက်သစ် အားကစားသမားတွေလည်းရှိတယ်၊ ဒါကြောင့် ကျွန်တော်တို့ ဒီပြိုင်ပွဲကို ကျင်းပရတာဖြစ်ပါတယ်၊ ပြိုင်ပွဲမှာ လူငယ်တွေရော လူကြီးတွေရော မြန်မာ့လက်ရွေးစင်တွေရော လက်ရွေးစင်ဟောင်းတွေရော အကုန်လုံး ယှဉ်ပြိုင်ကြပါတယ်” ဟု မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်က ပြောသည်။ ယင်းပြိုင်ပွဲတွင် အသင်း ၄၅ သင်း၊ အားကစားသမား ၂၀၀ ကျော်ပါဝင်ပြီး နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့ကြောင်းသိရသည်။





# ]]vlxkt m; upm; qi E[Jt

○ ငွေနှင်းမှုံ့က တဖွေးဖွေး
ကောင်းကင်ထက်မှ လခြမ်းကွေး
လေပြည်အေးက သဲ့သဲ့ဆင်
မောပမ်းနေခိုက် ရှုရှိုက်စဉ်
သည်းအူဘဝင် ရွှင်ရွှင်လန်း
ချွေးစိုရွဲလည်း မပင်ပမ်း။

○ ဒီထက်ပိုပြီး စိတ်ချမ်းသာ
မိသားစုများ အတူပါ
ငယ်စဉ်ကပင် စိတ်ဝင်စား
သမီးသားနဲ့ ကလေးများ
ခုန်ပေါက်ပြေးလွှား အားကစား
ကြီးလာတဲ့အခါ နိုင်ငံ့အား။

○ စနေနေ့တိုင်း ဒီဇင်ဘာ
စုပေါင်းလမ်းလျှောက် ပါဝင်ပါ
လမ်းလျှောက်ခြင်းရဲ့ ဂုဏ်ကျေးဇူး
တစ်ယောက်တစ်ပေါက် ဖွဲ့သီကျူး
ဆီးချိုသွေးတိုး ကာကွယ်မည်
သွေးသားညီညွတ် ကျန်းမာသည်
စိတ်ဝမ်းညီညီ မိတ်ဆွေတို့
နေ့စဉ်ပုံမှန် လမ်းလျှောက်စို့။

○ စုစုဝေးဝေး ပျော်စရာ
ဝဏ္ဏသိဒ္ဓိ ကွင်းကြီးမှာ
ပင်မဂိတ်ကို အခြေပြု
ဝန်ထမ်းပေါင်းစုံ တက်ရောက်စု
အလင်းပြပြ မှုန်ဝေဝေ
အချိန်ကျလို့ တာထွက်ပေ
အားကစားရုံတွေ ခုံခုံညား
နှင်းမှုံ့ထဲမှာ စတိုင်ထွား။

○ ဂိတ်နံပါတ်လေး တွေ့ပြီလေ
ရေတစ်ကွေ့ဆို ပန်းတိုင်ပေ
အစားအသောက်ကို အသာထား
ဆိုရှယ်ဂုံရှေ့ အရောက်သွား
လူတွေစုံလို့ နှိုးဆော်ပြီ
အတွဲ (၁)(၂) လေ့ကျင့်မည်
ရှေ့နောက်ညီအောင် စီကာထား
သရုပ်ပြသူနဲ့ အတူလိုက်ကစား။

○ လေ့ကျင့်ခန်းနဲ့ ကပြီးပြီ
မုန့်ထုပ်ဆွဲလို့ ရေကန်ဆီ
ခုံတန်းမှီကာ အမေပြော
ဆယ်လ်ဖီဆွဲရ ပြန်ပြီကော
"နေစမ်းပါအုံး ကောင်မရေ
နောက်အပတ်တွေ ရှိသေးအေ"
ပျော်စရာလေ သည်မြင်ကွင်း
လမ်းလျှောက်ခြင်းကြောင့် ပျော်ရခြင်း။

○ လမ်းလျှောက်ကျင့်သား ရအောင်ပေ
စနေနေ့တိုင်း ဆင်နွဲလေ
ကလေးငယ်များကို ရည်ရွယ်ထား
အနာဂတ်ရဲ့ အားကစားသမား
ဖြစ်ထွန်းလာဖို့ ရည်မှန်းကာ
ကြံ့ခိုင်မှုက စကြိုမှာ
နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ဖို့
လူထုအားကစား ဆင်နွဲစို့။

ထွေးကို (အား/ကာ)

# ၂၀၂၃ ခုနှစ်တွင်ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ဘောလုံးကွင်း(၄)ကွင်းကို ပြင်ဆင်ဆောင်ရွက်ထားမည်



ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေလ(၅)ရက်နေ့မှ (၁၇)ရက်နေ့အထိ အိမ်ရှင်အဖြစ် တာဝန်ယူဆောင်ရွက်မည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး ဘောလုံးပြိုင်ပွဲများအတွက် အမျိုးသား Morodok Techo အားကစားကွင်း၊ အမျိုးသား အိုလံပစ်အားကစားကွင်း၊ Prince Stadium of Visakha Club နှင့် တော်ဝင်ကမ္ဘောဒီးယား တပ်မတော် အားကစားကွင်း (အားကစားကွင်းအဟောင်း)တို့ဖြင့် အားကစားကွင်း (၄)ကွင်း ပြင်ဆင်ဆောင်ရွက်ပေးရန် ဆုံးဖြတ်ထားပါကြောင်း၊ ကော်မတီအနေဖြင့် (၂၀၂၃)ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အပြည်ပြည်ဆိုင်ရာဘောလုံးအဖွဲ့ချုပ်(FIFA)၏ နိုင်ငံတကာ စံသတ်မှတ်ချက်အရ အမျိုးသား အိုလံပစ်အားကစားရုံ၏ ပြုပြင်ခြင်းလုပ်ငန်းစဉ်များကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် စတင်မည်ဖြစ်ပြီး (၂၀၂၃)ခုနှစ် ဇန်နဝါရီလတွင် အပြီးသတ်နိုင်ရန် မျှော်မှန်းထားပါကြောင်းနှင့် အဆိုပါအားကစားရုံရှိ မြက်ခင်းတုများအား သဘာဝမြက်ခင်းများအဖြစ် ပြောင်းလဲပြင်ဆင်မည်ဖြစ်ပြီး ထိုင်ခုံပေါင်း(၃၅၀၀၀)တပ်ဆင်ရန်နှင့် အဆင့်မီ မီးဆိုင်းများကို တပ်ဆင်သွားမည် ဖြစ်ပါကြောင်း အတွင်းရေးမှူးချုပ် Vath Chamroeun က ပြောကြားခဲ့ပါသည်။

ဘာသာပြန်-ဒေါ်ယဉ်ငြိမ်းချမ်း၊ ဦးစီးမှူး(သုတေသန)
ဒေါ်စိုးမေဝင်း၊ ဒု-ဦးစီးမှူး(ကွန်ပျူတာ)
ဦးအောင်ပိုင်ဖြိုး(ရုံးအကူ)

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသည် ကြီးကျယ်ခမ်းနားလိမ့်မည်ဟု အာရှအိုလံပစ်ကောင်စီအကြီးအကဲက မျှော်လင့်



အောက်တိုဘာလ(၁)ရက်နေ့မှ (၅)ရက်နေ့အထိ ဖနွမ်းပင်မြို့တွင် ကျင်းပခဲ့သော (၄၁)ကြိမ်မြောက် အာရှအိုလံပစ်ကောင်စီ (OCA) အထွေထွေညီလာခံတွင် ဝန်ကြီးချုပ် ဟွန်ဆန်က ကမ္ဘောဒီးယားအမျိုးသား အိုလံပစ်ကော်မတီ (NOCC) နှင့် ကမ္ဘောဒီးယား အရှေ့တောင်အာရှ ပြိုင်ပွဲကျင်းပရေးကော်မတီ (CAMSOC) တို့အား အာရှအိုလံပစ်ကောင်စီ (OCA)အပါအဝင် အခြားသောနိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်းဖြင့် အားကစားသမားများ၏ စွမ်းရည်အဆင့်ကိုပါ မြှင့်တင်ရန် တိုက်တွန်းခဲ့ပါသည်။ အရှေ့တောင်အာရှအားကစားပြိုင်ပွဲများနှင့် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲများကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကမ္ဘောဒီးယားနိုင်ငံအား ဝိုင်းဝန်းပံ့ပိုးကူညီပေးကြပါရန် အာရှအိုလံပစ်ကောင်စီ (OCA)အဖွဲ့ဝင်နိုင်ငံများကို ကမ္ဘောဒီးယားဝန်ကြီးချုပ်က တောင်းဆိုခဲ့ပါသည်။

အာရှအိုလံပစ်ကောင်စီ(OCA) ယာယီဥက္ကဋ္ဌRaja Randhir Singh က (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသည် သမိုင်းဝင် ကြီးကျယ်ခမ်းနားသော ပြိုင်ပွဲဖြစ်လာရန် မျှော်လင့်ထားပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံသည် အနာဂတ်တွင် အာရှအားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်လိမ့်မည်ဟုယုံကြည်ပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ ၂၀၂၃ ခုနှစ်၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲများနှင့် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် ကြိုတင်ပြင်ဆင်မှုများအား အထူးအလေးထားဆောင်ရွက်မှုအပေါ် ရှင်းလင်းစွာ မြင်တွေ့ခဲ့ရပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ်အစည်းအဝေးကျင်းပရန် ကောင်းစွာစီစဉ်ထားမှုများအပေါ် "အဖက်ဖက်မှ ခြွင်းချက်မရှိအောင် ပြည့်စုံသည်"ဟု ချီးကျူးပြောကြားခဲ့ပြီး ဝန်ကြီးချုပ် ဟွန်ဆန်သည် အားကစားကို အလွန်အလေးထားပါကြောင်း၊ မိမိအနေဖြင့် ကြီးကျယ်ခမ်းနားသော လူဦးရေ (၆၀၀၀၀) ဆံ့သည့် အမျိုးသားအားကစားကွင်းသို့ သွားရောက်လေ့လာခဲ့ပြီး ဘောလုံးကွင်းနှင့် ပတ်ဝန်းကျင်ရှုခင်းသည် လည်းလှပပါကြောင်း၊ "ကမ္ဘောဒီးယား

# ကမ္ဘောဒီးယား အမျိုးသားအားကစားပွဲတော်နှင့်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် လုံခြုံရေး(၁၀၅၀)ခန့် တာဝန်ချထားရန် ပြင်ဆင်ထား

ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပမည့် တတိယအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲဖွင့်ပွဲနှင့် ပိတ်ပွဲ အခမ်းအနားများအတွက် လုံခြုံရေး(၁၀၅၀)ခန့် တာဝန်ချထားရန် အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနမှ ဆုံးဖြတ်ခဲ့ပါသည်။

ယခုအပတ်အစောပိုင်းက ဖနွမ်းပင်မြို့၌ ကျင်းပသည့် အစည်းအဝေးတွင် ကမ္ဘောဒီးယား အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ(CAMSOC) အထွေထွေအတွင်းရေးမှူး၊ ဖွင့်ပွဲ/ပိတ်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ Vath Chamroeun သည် အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန အတွင်းရေးမှူး၊ ကမ္ဘောဒီးယား တော်ဝင်တပ်မတော်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး Bun Leut တက်ရောက်သည့် အစည်းအဝေးတွင် အထက်ပါအတိုင်း ဆွေးနွေးတင်ပြခဲ့ခြင်းဖြစ်ပါသည်။



ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်ပေးခဲ့သည့် အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန၊ဒုတိယဝန်ကြီးချုပ် Tea Banh အား ကျေးဇူးတင်ရှိပါကြောင်း အထွေထွေအတွင်းရေးမှူး Chamroeun က ပြောကြားခဲ့ပါသည်။

Vath Chamroeun သည် တတိယအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲ အခမ်းအနားများတွင် ယခုကဲ့သို့ လုံခြုံရေးချထားခြင်းသည် ထူးခြားကောင်းမွန်သော ဆောင်ရွက်မှုဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

တတိယအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို နိုဝင်ဘာလ(၂၁)ရက်နေ့မှ(၃၀)ရက်နေ့အထိ လည်းကောင်း၊ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မေလ(၅)ရက်နေ့မှ (၁၇)ရက်နေ့အထိ လည်းကောင်း၊ (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကို ဇွန်လ(၃)ရက်နေ့မှ (၉)ရက်နေ့အထိလည်းကောင်း အသီးသီး ကျင်းပသွားမည်ဖြစ်ပါသည်။

ဘာသာပြန်-ဦးနိုင်လင်းထွန်း
(ဌာနခွဲစာရေး)
ဒေါ်စန်းလှိုင်(ဌာနခွဲစာရေး)
ဦးသက်နိုင်စိုး(ရုံးအကူ)

---

▶▶

နိုင်ငံသည် ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲများကိုကျင်းပရန် လအနည်းငယ်သာလိုတော့သည့်အချိန်တွင် ဒေသအတွင်းမှ ပရိသတ်များကို ကြိုဆိုရန် အဆင်သင့်ဖြစ်နေပြီး ထိုပြိုင်ပွဲနှစ်ခုစလုံးအတွက် ကောင်းစွာစီစဉ်ထားရှိမည်ဟု သုံးသပ်မိပါကြောင်း"၊ ကမ္ဘောဒီးယားနိုင်ငံသည် အနာဂတ်တွင် အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံ ကျင်းပနိုင်သော အရည်အချင်းရှိသည်ဟု အခိုင်အမာယုံကြည်ပါကြောင်း၊ "ဝန်ကြီးချုပ်ဟွန်ဆန်အနေဖြင့် ၂၀၂၉ခုနှစ်တွင် အာရှလူငယ် အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်မည်ဆိုပါက ကမ္ဘောဒီးယားနိုင်ငံသည် အနာဂတ်တွင် အာရှအားကစားပြိုင်ပွဲများကိုပါ အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်သည့် စွမ်းရည်ရှိသည်ကို လက်ခံရမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း"

ကမ္ဘောဒီးယားနိုင်ငံသည် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်မည်ဆိုပါက အာရှလူငယ် အားကစားပြိုင်ပွဲနှင့် အာရှအားကစားပြိုင်ပွဲကိုပါ လက်ခံကျင်းပနိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါပြိုင်ပွဲများကို ကျင်းပခြင်းဖြင့် စွမ်းဆောင်ရည်ကောင်းမွန်သော အားကစားသမားများနှင့် နည်းပြများ ပေါ်ထွန်းလာမည်ဖြစ်ပြီး အဆင့်မြင့် အားကစားအသုံးအဆောင်ပစ္စည်းများ ရရှိလာမည်ဖြစ်ကြောင်း၊ အာရှဒေသမှ အားကစားအဖွဲ့အစည်း(၄၅)ခု၏ ကိုယ်စားလှယ်များနှင့် အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီ၏ အခြားသောအဖွဲ့ဝင်နိုင်ငံ(၁၀)နိုင်ငံမှ လေ့လာသူများသည် ကမ္ဘောဒီးယားပြည်သူများ၏ ဖော်ရွေမှုများအပေါ် အလွန်သဘောကျကြောင်း၊ မှတ်ချက်ပြုခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

အောက်တိုဘာလ (၄)ရက်နေ့တွင် အာရှအိုလံပစ်ကောင်စီ(OCA) အထွေထွေညီလာခံ၌ ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆန်နှင့် အာရှအိုလံပစ်ကောင်စီ(OCA) ယာယီဥက္ကဋ္ဌ Singh တို့သည် မိန့်ခွန်းမပြောကြားမီ သီးသန့်တွေ့ဆုံ ဆွေးနွေးမှုရှိခဲ့ကြောင်း သိရှိရသည်။

ဘာသာပြန်-ဒေါ်နှင်းလဲ့အောင်
(ရုံးအုပ်)
ဦးမင်းဝေဖြိုး(အငယ်တန်းစာရေး)
ဒေါ်ဟန်နီဝင်း(အငယ်တန်းစာရေး)
ဦးမျိုးကိုကို(စာကူး/စက်လှည့်အကူ)

**အားကစားသည် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်**
**လူမျိုးတစ်မျိုး၏ သိက္ခာ ဖြစ်သည်။**

# ]]atmifjrifa&;twGuf Buyfvcsuf}}

☐ နံပါတ်တစ်မှာ ဦးစားပေး
တစ်မျိုးသားလုံး ကျန်းမာရေး
နိုင်ငံ့ဂုဏ်လည်း ဆောင်ဖို့ရာ
နံပါတ်နှစ်ထား ဆောင်ရွက်မှာ
လုပ်ငန်းစဉ်တွေ ကျယ်ပြန့်လှ
တစ်စုတစ်ဖွဲ့နဲ့ ဆောင်ရွက်မရ။

☐ မူဝါဒတွေ ချမှတ်ရာ
မြန်မာအိုလံပစ်ကော်မတီပါ
ဦးစီးဌာန အဖွဲ့ချုပ်များ
လိုက်ပါဖော်ဆောင် ဝတ္တရား။

☐ မြန်မာ့အားကစား တိုးတက်အောင်
ဗဟို/အဖွဲ့ချုပ် ပူးပေါင်းဆောင်
စည်းလုံးညီညာ ပေါင်းစပ်ထား
ပမာတင်စား လင်မယား။

☐ ပြည်နယ်တိုင်းများ တာဝန်မှာ
ကျေးလက်တောရွာ မကျန်ပါ
ကျန်းမာကြံ့ခိုင် အောင်နိုင်ရေး
လှည်းနေလှေအောင်း ပါဝင်ပေး။

☐ ဗဟိုမှ ဦးစီးကျင်းပရာ
ပြည်နယ်နှင့်တိုင်း ပြိုင်ပွဲမှာ
စခန်းသွင်းကာ လေ့ကျင့်ပေး
အဆင့်မီသူ ရွေးနိုင်ရေး။

☐ တဆက်တည်းပင် အရေးကြီးသည်
ပြည်နယ်နှင့်တိုင်း ပြိုင်ပွဲဆီ
သက်တမ်းညီစွာ ဝင်ပြိုင်မှ
ရေရှည်တည်တံ့ အောင်ပွဲရ။

☐ ဌာန/အထိမ်းအမှတ် ပြိုင်ပွဲတွေ
စဉ်ဆက်မပြတ် ကျင်းပလေ
ကျန်းမာရေးကို အထောက်အကူပြု
ကြံ့ခိုင်သူများ ပေါ်ထွက်တစ်မှု။

☐ ဌာနအားကစား ကော်မတီ
ပြန်လည်ဖွဲ့စည်းဖို့ လိုပြီ
မိမိဌာန အောင်မြင်ဖို့
ထူးချွန်သူများ ခန့်ထားစို့။

☐ စားဝတ်နေရေး အဆင်ပြေလာ
အားကစားသမားများ ပေါ်ထွက်မှာ
ဌာန၊ နိုင်ငံ၊ သူတို့အကျိုး
မမျှော်မှန်းနိုင်တဲ့ ရလဒ်မျိုး။

☐ အခြေခံပညာ ကျောင်းများဟာ
မျိုးဆက်သစ်များ မွေးထုတ်ရာ
ကာယချိန်များ ထားရှိပေး
အားကစားနှင့် ပညာရေး။

☐ ကလေးများအတွက် လိုအပ်တာ
ကစားခုန်စား ဝါသနာ
ကျန်းမာကြံ့ခိုင် အထောက်အကူပြု
အားကစားအတွက် အခြေခံတစ်ခု။

☐ သည်၊ 'နွေ' ၊ 'မိုး' ၊'ဆောင်း'၊ သုံးရာသီ
ဆက်စပ်သင်တန်းများ ဖွင့်ရမည်
စီမံချက်ထား သင်ကြားပေး
စဉ်ဆက်မပြတ် ထိတွေ့ရေး။

- ☐ လူထုအားကစား လှုပ်ရှားအောင်
ရပ်ကျေးမြို့နယ် အခြေဆောင်
ပြိုင်ဆိုင်မှုတွေ ပြင်းအောင်ပ
တက်ကြွသူကို ချီးမြှင့်ကြ။

- ☐ မျိုးဆက်သစ်များ ရှာဖွေရာ
လူထုထဲလည်း လိုအပ်မှာ
ရှက်ပုန်းသီးတွေ အများစု
ပြည်သူထဲတွင် အခြေပြု။

- ☐ လူထုအားကစား ဖော်ဆောင်ရာ
အနှစ် အသား လိုအပ်တာ
မျိုးဆက်သစ်များ ပေါ်ထွက်ဖို့
ပြိုင်ပွဲမျိုးစုံ ကျင်းပစို့။

- ☐ အနိုင်/အရှုံး ပေါ်ခြင်းမှာ
အချက်များစွာ မှီတည်တာ
ဆေး၊ စိတ်ပညာ၊ အာဟာရ
သိပ္ပံနည်းကျ ပံ့ပိုးမှု။

- ☐ ကွာဟချက်များ ရှိသေးသည်
အဆင့်(၇)က မတက်ပြီ
ရေတို၊ ရေရှည် စီမံလျက်
သက်တမ်းအလိုက် လိုအပ်ချက်။

- ☐ နည်းပြများလည်း လိုအပ်သည်
တဖြည်းဖြည်းနဲ့ လျော့လာပြီ
အဖွဲ့ချုပ်များ အချိန်ပေး
ဒိုင်/နည်းပြများ မွေးထုတ်ရေး။

- ☐ ရပ်ကျေးမြို့ရွာ အခြေခံကာ
ပိရမစ်ပုံ တည်ဆောက်ကာ
နည်းပြကောင်းတွေ ရှာဖွေစု
အုတ်မြစ်ကောင်းအောင် သေချာပြု။

- ☐ ရေရှည်မှုကို မျှော်ရည်ကာ
နိုင်ငံတကာကို လှမ်းကြည့်ပါ
သူ့မှု သူ့လူ ဆောင်ရွက်မှု
ယူသင့်တာယူ မြန်မာမှုပြု။

- ☐ အချုပ်အားဖြင့် ဆိုရလျှင်
မြန်မာ့အားကစား အောင်မြင်ချင်
မူဝါဒ၊ ငွေ၊ ပညာပေး
လူအဓိက မွေးထုတ်ရေး။

ထွေးကို (အား/ကာ)



# ကမ္ဘောဒီးယားနှင့် အီရန်အမျိုးသားအိုလံပစ်ကော်မတီတို့ နားလည်မှုစာချွန်လွှာရေးထိုးရန် ပဏာမဆွေးနွေးမှု ပြုလုပ်



ကမ္ဘောဒီးယား အမျိုးသားအိုလံပစ်ကော်မတီ(NOCC) ဥက္ကဋ္ဌ Thong Khon သည် မကြာသေးမီကရွေးချယ်ခံရသော အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံ(NOCIRI) အမျိုးသားအိုလံပစ်ကော်မတီဥက္ကဋ္ဌ Mahmoud Khosravi Vafa နှင့် ကမ္ဘောဒီးယားနိုင်ငံ မြို့တော်ရှိ Sokha Hotel တွင် တွေ့ဆုံခဲ့ပြီး နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးခြင်းနှင့်ပတ်သက်၍ ပဏာမဆွေးနွေးမှု ပြုလုပ်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးသို့ကမ္ဘောဒီးယားအမျိုးသားအိုလံပစ်ကော်မတီ (NOCC) အထွေထွေအတွင်းရေးမှူး Vath Chamroeun နှင့် အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံ(NOCIRI) အမျိုးသားအိုလံပစ်ကော်မတီ ဥက္ကဋ္ဌဟောင်း Seyed Reza Salehi Amiri တို့အပါအဝင် အခြားသော ထိပ်တန်းအရာရှိများ တက်ရောက်ခဲ့ကြပါသည်။

ကမ္ဘောဒီးယား အမျိုးသားအိုလံပစ်ကော်မတီ(NOCC) ဥက္ကဋ္ဌ Thong Khon မှ လာမည့်နှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်လျက်ရှိရာ ကရာတေးနှင့် နပန်းအားကစားသမားများအား အီရန်နည်းပြများမှ ကူညီမှုသည် ကမ္ဘောဒီးယားနိုင်ငံအားကစားဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့ဖြစ်စေသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင် နပန်းအားကစားနည်း၌ ရွှေတံဆိပ်ဆုရရှိခဲ့သူ Komeil Ghasemi သည် ကမ္ဘောဒီးယားနပန်းအဖွဲ့ချုပ်နှင့် လက်တွဲဆောင်ရွက်လျက်ရှိသည့် နည်းပြများအနက် တစ်ဦးဖြစ်ပါသည်။

နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုတည်ဆောက်ရန် အစီအစဉ်များ ဆောင်ရွက်ထားပါကြောင်း၊ မကြာမီကာလအတွင်း အားကစားဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးရန် စီစဉ်လျက်ရှိပါကြောင်း Chamroeun ၏ ပြောကြားမှုအား Khmer Times သတင်းဌာနမှ ဖော်ပြခဲ့ပါသည်။

မိမိတို့အနေဖြင့် နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှု ခိုင်မာစေရေးနဲ့ ပတ်သက်ပြီး အမြင်ချင်း ဖလှယ်ခဲ့ကြပါကြောင်း၊၂၀၁၂ ခုနှစ် လန်ဒန် အိုလံပစ်အားကစားပြိုင်ပွဲတွင် နပန်းအားကစားနည်း၌ ရွှေတံဆိပ်ဆုရရှိခဲ့သူအီရန်နိုင်ငံသား Komeil Ghasemi သည် ကမ္ဘောဒီးယားနိုင်ငံ နပန်းအဖွဲ့ချုပ်တွင် နည်းပြအဖြစ် ဆောင်ရွက်လျက် ရှိပါကြောင်း၊ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းဖြင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ကမ္ဘောဒီးယား၏ မျှော်လင့်ချက်များကို မြှင့်တင်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း၊ နားလည်မှုစာချွန်လွှာကို မကြာခင် လက်မှတ်ရေးထိုးနိုင်မယ်လို့ မျှော်လင့်ပါကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

အဆိုပါ နားလည်မှုစာချွန်လွှာသည် ကမ္ဘောဒီးယားနိုင်ငံ၏ အားကစား ဖွံ့ဖြိုးတိုးတက်စေရေး ကူညီပေးမည်ဖြစ်ပြီး လာမည့်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း ဆုတံဆိပ်များ ပိုမိုရရှိအောင် ကူညီပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

လာမည့်နှစ် မေလတွင် ဖနွမ်းပင်မြို့၌ ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မတိုင်မီ အောက်တိုဘာ(၄)ရက်၊ အင်္ဂါနေ့တွင် အာရှအိုလံပစ်ကော်မတီ (OCA) အထွေထွေညီလာခံကို ကျင်းပမည်ဖြစ်ပါသည်။

ကမ္ဘောဒီးယားသည် နွေရာသီအိုလံပစ်အားကစားပြိုင်ပွဲတွင် (၁၀) ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် ဆုတံဆိပ် ဆွတ်ခူးနိုင်ခြင်း မရှိသေးသည့်နိုင်ငံဖြစ်ပြီး အီရန်နိုင်ငံသည် အာရှနိုင်ငံများတွင် ရွှေ(၂၄)ခု၊ ငွေ(၂၃)ခုနှင့် ကြေး(၂၉)ခုဖြင့် အအောင်မြင်ဆုံး အာရှနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

ဘာသာပြန်-ဦးအောင်သူ
(ဌာနခွဲစာရေး)
ဒေါ်ဇင်ဖြူဖြူနှင်း(ဌာနခွဲစာရေး)
ဒေါ်အေးနန္ဒာအောင်
(ကွန်ပျူတာစီစဉ်ရေးမှူး)

# ၂၀၂၃ ခုနှစ်၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ကမ္ဘောဒီးယား ကျွမ်းဘားအဖွဲ့ချုပ်မှ ကြိုတင်ပြင်ဆင်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိ



ကမ္ဘောဒီးယား ကျွမ်းဘားအဖွဲ့ချုပ်သည် ၂၀၂၃ ခုနှစ်၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် နှစ်စဉ်ကျင်းပလျက်ဖြစ်သော (၆)ကြိမ်မြောက် အမျိုးသားကျွမ်းဘားတံခွန်စိုက်ပြိုင်ပွဲနှင့် HE Thong khon ဖလားပြိုင်ပွဲကို အောက်တိုဘာလ (၂၂)ရက်မှ(၂၇)ရက်နေ့အထိ ဖနွမ်းပင်မြို့ရှိ အမျိုးသားအိုလံပစ်အားကစားရုံတွင် ကျင်းပပြုလုပ်ခဲ့ရာ ဖနွမ်းပင်၊ Kraite နှင့် အခြားသော ပြည်နယ်များရှိ ကိုယ်စားပြုကျွမ်းဘားအဖွဲ့များမှ ကျွမ်းဘားအားကစားသမား (၆၄)ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါ

▶▶

# ကမ္ဘောဒီးယားလက်ဝှေ့ကစားသမားများ အာရှလက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲအတွက် အကြိုလေ့ကျင့်မှုပြုလုပ်ရန် ထိုင်းနိုင်ငံသို့ သွားရောက်လေ့ကျင့်မည်



ကမ္ဘောဒီးယားနိုင်ငံသည် အမျိုးသားဝိတ်တန်း(၄၈ကီလို)၊(၅၁ကီလို)၊(၅၄ကီလို)၊ (၅၇ကီလို)၊ (၆၀ကီလို)၊ (၆၃.၅ ကီလို)၊ (၆၇ ကီလို)၊ (၇၁ ကီလို)၊ (၈၆ ကီလို)၊ (၆၇ ကီလို) နှင့် အမျိုးသမီး ဝိတ်တန်း(၅၇ကီလို) မှ လက်ဝှေ့ကစားသမား(၁၁)ဦးကို ထိုင်းနိုင်ငံရှိ လေ့ကျင့်ရေးစခန်းသို့ စေလွှတ်မည်ဖြစ်ပါသည်။

ထိုင်းနိုင်ငံတွင် ၎င်းတို့လေ့ကျင့်မှုများသည် လာမည့်နှစ်တွင် ကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် အသင်း၏ကြံ့ခိုင်မှုစွမ်းရည်ကို မြှင့်တင်ရန် အဓိကထား ဆောင်ရွက်မည်ဖြစ်ပါသည်။

ထိုင်းနိုင်ငံ လေ့ကျင့်ရေးစခန်းတွင် အခြားနိုင်ငံမှ အားကစားသမားများနှင့်အတူ လေ့ကျင့်ရသည့်အတွက် ကြိုးဝိုင်းအတွေ့အကြုံများနှင့် လေ့ကျင့်ရေးနည်းစနစ်ကောင်းများ ရရှိမည်ဖြစ်ပြီး ၂၀၂၃ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အကောင်းဆုံး ပြင်ဆင်မှုများဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်မည် ဖြစ်ပါသည်။

ထိုင်းနိုင်ငံ၌ စခန်းသွင်းလေ့ကျင့်မှုအပြီးတွင် ကမ္ဘောဒီးယားလက်ဝှေ့ကစားသမား(၄)ဦးဖြစ်သည့် Sokti ၊ Rangsey ၊ Davit နှင့် Ratha တို့သည် ဂျော်ဒန်နိုင်ငံတွင် ကျင်းပမည့် အာရှအကြီးတန်း အမျိုးသား၊အမျိုးသမီး လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ဥဇဘက်ကစ္စတန်နိုင်ငံသို့ လေ့ကျင့်ရေးအစီအစဉ်အဖြစ် သွားရောက်လျက်ရှိသည့် အခြားအကြီးတန်း လက်ဝှေ့ကစားသမား (၂)ဦးသည် ဂျော်ဒန်နိုင်ငံရှိ လက်ရွေးစင်လက်ဝှေ့အသင်းနှင့် လာရောက်ပူးပေါင်းပြီး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ သို့ရာတွင် Sophornအနေဖြင့် ၎င်းတို့၏အမည်များကို လက်ရှိအချိန်တွင် ထုတ်ဖော်ပြောဆိုထားခြင်း မရှိပါ။

ဂျော်ဒန်နိုင်ငံ၌ အောက်တိုဘာလ(၃၀)ရက်နေ့မှ နိုဝင်ဘာလ(၁၃)ရက်နေ့အထိ ကျင်းပမည့် တံခွန်စိုက်ပြိုင်ပွဲသို့ စေလွှတ်မည့် လက်ဝှေ့ကစားသမား(၆)ဦးလုံးတွင် ထူးချွန်ထက်မြက်သည့် စွမ်းရည်နှင့် နည်းစနစ်များ ပိုင်ဆိုင်ထားပါကြောင်း Sophorn က ပြောကြားခဲ့ပါသည်။

ဂျော်ဒန်နိုင်ငံတွင် ကျင်းပမည့် တံခွန်စိုက်ပြိုင်ပွဲသည် အလားအလာအမြင့်မားဆုံးရှိသည်ဟု ယူဆရသည့် မိမိတို့ လက်ဝှေ့ကစားသမားများ၏ စွမ်းရည်နှင့် နည်းစနစ်များကို စမ်းသပ်မှုခံယူနိုင်မည့် အကောင်းဆုံး အခွင့်အရေးတစ်ရပ်ဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက်ပြင်ဆင်ရန် အခွင့်အရေးတစ်ခုဖြစ်ပါကြောင်းSophorn က ပြောကြားခဲ့ပါသည်။

ဘာသာပြန်-ဒေါ်ဇာလီမော်(ရုံးအုပ်)
ဒေါ်ကြည်ကြည်မေ(ဌာနခွဲစာရေး)
ဒေါ်သီသီလှိုင်(လ/ထကွန်ပျူတာ)

---

▶▶

သည်။ ပြည်ထဲရေးဝန်ကြီးဌာနနှင့် အမျိုးသားကာကွယ်ရေးဝန်ကြီး ဌာနများမှ ကိုယ်စားပြု အားကစားသမားများလည်း အဆိုပါပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါသည်။

ပြိုင်ပွဲဝင်များအနေဖြင့်Artistic နှင့် Aerobicတို့အပါအဝင် ပြိုင်ပွဲအမျိုးအစားပေါင်း(၁၃)မျိုးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။

နည်းပညာအရာရှိ(၃၀)ဦးလည်း အဆိုပါပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်ခဲ့ကြကြောင်း ပြည်တွင်းသတင်းဌာနမှ ထုတ်ပြန်ခဲ့ပါသည်။

ကမ္ဘောဒီးယား ကျွမ်းဘားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Noy Phanna က ကမ္ဘောဒီးယားနိုင်ငံမှ အိမ်ရှင်အဖြစ် တာဝန်ယူဆောင်ရွက်မည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အထူးအလေးထား ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘောဒီးယား SEA Games ပြိုင်ပွဲကို ၂၀၂၃ မေလ(၅)ရက်နေ့ကနေ(၁၇)ရက်နေ့ထိ ကျင်းပရန်စီစဉ်ထားပါကြောင်း၊ မိမိတို့အနေဖြင့် ကစားသမားများနှင့် နည်းပညာအရာရှိများကို လာမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ကောင်းမွန်စွာ ပြင်ဆင်ထားစေချင်ပါကြောင်း၊ အဖွဲ့ချုပ်အနေဖြင့် ပြီးခဲ့သည့် လအနည်းငယ်က နိုင်ငံတကာပြိုင်ပွဲ(၂)ပွဲအား ကောင်းမွန်စွာကျင်းပနိုင်ခဲ့ပါကြောင်း၊ ဗီယက်နမ် SEA Gamesတွင် ကမ္ဘောဒီးယား ကျွမ်းဘားအသင်းအနေဖြင့် ဆုတံဆိပ်များ ရယူနိုင်ခဲ့ပြီး ပထမဆုံးအကြိမ်အဖြစ် သမိုင်းဝင်စွမ်းဆောင်မှုများကို မှတ်တမ်းတင်နိုင်ခဲ့ပါကြောင်း၊ ကမ္ဘောဒီးယား ကျွမ်းဘားအားကစားသမားများသည် (၂၀၂၁)ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် စုစုပေါင်း ငွေတံဆိပ်(၃)ခုနှင့် ကြေးတံဆိပ်(၁)ခုကို ဆွတ်ခူးရရှိခဲ့ပြီး၊ စက်တင်ဘာလ(၃)ရက်နေ့မှ (၅)ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ပတ္တယားမြို့၌ ကျင်းပခဲ့သော (၇)ကြိမ်မြောက် အာရှကျွမ်းဘားတံခွန်စိုက်ပြိုင်ပွဲ၌ Aerobic Gymnastics ပြိုင်ပွဲအမျိုးအစားတွင် ငွေတံဆိပ်(၁)ခု ဆွတ်ခူးရယူနိုင်ခဲ့ပါကြောင်း၊ အဆိုပါပြိုင်ပွဲတွင် ထိုင်း၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှား၊ စင်္ကာပူ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန် အစရှိသည့် အာရှနိုင်ငံ(၁၁)နိုင်ငံမှ ကျွမ်းဘားအားကစားသမားများလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါကြောင်း၊ "အဆိုပါအောင်မြင်မှုများသည် လာမည့် SEA Games တွင် ပိုမိုအောင်မြင်မှု ရရှိအောင် ဆောက်ရွက်နိုင်ရေးနှင့် ဆုတံဆိပ်များ ပိုမိုဆွတ်ခူးရယူနိုင်ရန်အတွက် တွန်းအားတစ်ခု ဖြစ်လာခဲ့ပြီး SEA Games အတွက် မိမိတို့၏ ရည်ရွယ်ချက်များ ပိုမိုအောင်မြင်မှု ရရှိရေးအတွက် ပို၍ကြိုးစားရမည်" ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အားကစားသမားများကို နိုင်ငံရပ်ခြားသို့ ပူးတွဲလေ့ကျင့်ရေးအစီအစဉ်များ စေလွှတ်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း၊ ထိုသို့စေလွှတ်ခြင်းအားဖြင့် ၎င်းတို့အား ပိုမိုကျွမ်းကျင်စေပြီး နိုင်ငံတကာ ပြိုင်ပွဲများတွင် ဆုတံဆိပ်ပိုမိုဆွတ်ခူးနိုင်ရေးအတွက် အခွင့်အလမ်းကောင်းများ ရရှိစေနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

Kampong Chhnang နှင့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းများသည် ယခင်နှစ် အမျိုးသားကျွမ်းဘားတံခွန်စိုက်ပြိုင်ပွဲများတွင် ပထမနေရာနှင့် ဒုတိယနေရာများကို ရရှိခဲ့ပါသည်။

ဘာသာပြန်-ဒေါ်ယဉ်ငြိမ်းချမ်း၊
ဦးစီးမှူး(သုတေသန)
ဒေါ်စိုးမေဝင်း ဒု-ဦးစီးမှူး(ကွန်ပျူတာ)
ဦးအောင်ပိုင်ဖြိုး(ရုံးအကူ)

# ကမ္ဘောဒီးယား အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဖိလစ်ပိုင်အားကစား ကိုယ်စားလှယ်အဖွဲ့မှ အားကစားသမား(၈၁၄)ဦး စေလွှတ်ရန် ရည်ရွယ်ထား

ဖိလစ်ပိုင် အိုလံပစ်ကော်မတီသည် လာမည့်နှစ်မေလတွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့၌ ကျင်းပမည့်(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ အားကစားသမား(၈၁၄)ဦး စေလွှတ်ယှဉ်ပြိုင်ရန် စီစဉ်လျက်ရှိပါသည်။

အမျိုးသားအားကစားအဖွဲ့ချုပ်များနှင့် တိုင်ပင်ဆွေးနွေးမှု (၂)ကြိမ် ပြုလုပ်ခဲ့ပြီးနောက် ဖိလစ်ပိုင်အိုလံပစ်ကော်မတီဥက္ကဋ္ဌ Bambol Tolentino က အောက်တိုဘာလ(၁၀)ရက်တွင် (၂)နှစ်(၁)ကြိမ် ကျင်းပသည့် ဆီးဂိမ်းပြိုင်ပွဲအတွက် နိုင်မာအားကောင်းသည့် နိုင်ငံ့အသင်းကိုဖွဲ့စည်း၍ အင်အားအပြည့် အသင်းအဖြစ် ဖွဲ့စည်းလျက် စေလွှတ်ယှဉ်ပြိုင်ရန် ရည်ရွယ်ထားပါကြောင်း ပြောကြားခဲ့ပါသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ မေလ(၅)ရက်မှ (၁၆)ရက်နေ့အထိ ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အားကစားနည်း(၄၉)မျိုးအတွက် ရွှေတံဆိပ်(၆၀၈)ခု ပေးအပ်ချီးမြှင့်ရန် စီစဉ်ထားပါသည်။

ဖိလစ်ပိုင် အားကစားအဖွဲ့တွင် အားကစားနည်းအလိုက် အားကစားသမားများမှာ ပြေးခုန်ပစ်(၄၇)ဦး၊ ဘောလုံး(၄၆)ဦး၊ E-sports(၄၅)ဦး၊ Floorball (၄၀)ဦး၊ ရေကူး(၃၉)ဦး၊ ဘတ်စကတ်ဘော(၃၂)ဦး၊ စက်ဘီးနှင့် ဘော်လီဘော(၂၈)ဦးစီ၊ Water Polo(၂၆)ဦး၊ တိုက်ကွမ်ဒို (၂၅)ဦးတို့ ပါဝင်ကြမည်ဖြစ်ပါသည်။



ကျန်သော အားကစားနည်းများအတွက် အကအားကစားနည်း (၁၂)ဦး၊ ဓားခုတ် (၂၄)ဦး၊ ဆူတောင်ရေကူး (၉)ဦး၊ ကျွမ်းဘား (၁၃)ဦး၊ jet ski (၈)ဦး၊ Obstacle Sports(၂၀)ဦး၊ ရွက်လှေ (၈)ဦး၊ သုံးမျိုးစုံ (၁၀)ဦး၊ Diving (၂)ဦး၊ ကာယဗလ (၁၅)ဦး၊ အလေးမ(၁၄)ဦး၊ကြက်တောင် (၁၆)ဦး၊ ဘီလီယက်(၁၂)ဦး၊ ခရစ်ကတ် (၁၅)ဦး၊ ဂေါက်သီးအားကစားနည်း (၇)ဦး၊ ဟော်ကီ(၂၄)ဦး၊ ပီတန် (၁၆)ဦး၊ Soft tennis(၁၂)ဦး၊ ပိုက်ကျော်ခြင်း(၂၂)ဦး၊ စားပွဲတင်တင်းနစ် (၁၀)ဦး၊ တင်းနစ် (၁၂)ဦး၊ သဲသောင်ပြင်ဘော်လီဘော(၁၆)ဦး၊ အားနစ်(၁၂)ဦး၊ လက်ဝှေ့(၁၁)ဦး၊ Jiu Jitsu (၆)ဦး၊ ဂျူဒို (၁၀)ဦး၊ ကရာတေးဒို (၁၉)ဦး၊ ကစ်ဘောက်ဆာ(၁၂)ဦး၊ Kun bokator (၉)ဦး၊ မွေထိုင်း (၁၄)ဦး၊ Pencak silat (၁၇)ဦး၊ ဗိုဗီနမ် (၂၀)ဦး၊ နပန်း (၁၀)ဦး၊ ဝူရှူး(၂၀)ဦးတို့ အသီးသီးပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပါသည်။

ဖိလစ်ပိုင်နိုင်ငံသည် ပြီးခဲ့သည့် မေလကကျင်းပခဲ့သည့် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတွင် အားကစား(၃၈)မျိုး၌ အားကစားသမား(၆၅၆)ဦးကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး(၂၀၁၉)ခုနှစ်၊ အိမ်ရှင်အဖြစ် လက်ခံကျင်းပစဉ်က အားကစားသမား (၁၀၀၀)ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နိုင်ငံအလိုက် ပထမ ရရှိခဲ့ပါသည်။

ဖိလစ်ပိုင်နိုင်ငံသည် (၂၀၁၉) ခုနှစ်တွင် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပစဉ်က အားကစားနည်းပေါင်း(၅၆)နည်းနှင့် ပြိုင်ပွဲအမျိုးအစားပေါင်း (၅၀၃)နည်းဖြင့် အားကစားနည်းအများဆုံး လက်ခံကျင်းပခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံသည် အားကစားနည်း(၄၀)၊ ပြိုင်ပွဲအမျိုးအစားပေါင်း (၅၂၆)မျိုးဖြင့် လက်ခံကျင်းပခဲ့ပါသည်။


ဘရူနိုင်းနိုင်ငံသည် ဆီးဂိမ်းပြိုင်ပွဲကို (၁၉၉၉)ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပစဉ်က အားကစားနည်း (၂၂)နည်း၊ ပြိုင်ပွဲအမျိုးအစားပေါင်း (၂၃၃)မျိုး လက်ခံကျင်းပ၍ အိမ်ရှင်နိုင်ငံများအနက် အားကစားနည်းအနည်းဆုံးလက်ခံကျင်းပသည့်စံချိန်ကို ပိုင်ဆိုင်ထားပါသည်။

ဘာသာပြန်-ဦးအောင်နိုင်သိန်း
(ကွန်ပျူတာစီစဉ်ရေးမှူး)
ဒေါ်ထက်ထက်အောင်
(အငယ်တန်းစာရေး)
ဒေါ်ရတနာဦး
(စာကူး/စက်လှည့်ကျောထောက်)

# အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဘောလုံးဆုဖလား အရယူရန်(သို့) ရာထူးမှ နုတ်ထွက်ရန် ထိုင်းနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ ထိုင်းဒုဝန်ကြီးချုပ် Prawit က ထိုင်းဘောလုံးအဖွဲ့ချုပ်(FAT)ဥက္ကဋ္ဌ ရဲချုပ် Somyot ကို သတိပေး

ထိုင်းနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး Prawit က လာမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထိုင်းဘောလုံးအသင်းဆုဖလား မရရှိခဲ့ပါက ရာထူးမှ ထုတ်ပယ်သင့်ကြောင်း ထိုင်းဘောလုံးအဖွဲ့ချုပ်(FAT) ဥက္ကဋ္ဌ ရဲချုပ် Somyot Poompanmoung ကို ရာဇသံပေးခဲ့သည်။

အောက်တိုဘာလ(၁၁)ရက်နေ့ အင်္ဂါနေ့၌ ကျင်းပခဲ့သော ထိုင်းနိုင်ငံ အမျိုးသားအိုလံပစ်ကော်မတီ အစည်းအဝေးတွင် ဗိုလ်ချုပ်ကြီး Prawit က အစည်းအဝေးသို့ တက်ရောက်လာကြသော ထိုင်းဘောလုံးအဖွဲ့ချုပ် (FAT) ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့စဉ် အထက်ပါအတိုင်း ပြင်းပြင်းထန်ထန် သတိပေးခဲ့ခြင်းဖြစ်ကြောင်း ဘန်ကောက်ပို့စ်သတင်းစာက ဖော်ပြခဲ့ပါသည်။



အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မိမိတို့ဘောလုံးအသင်းက ရှုံးလို့မဖြစ်ပါကြောင်း၊ အကယ်၍ မိမိတို့အသင်းရှုံးနိမ့်ခဲ့မည်ဆိုပါက ထိုင်းဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌကို ရာထူးမှ ထုတ်ပစ်မည်ကို စွဲစွဲမြဲမြဲမှတ်ထားရန် ဒုတိယဝန်ကြီးချုပ် Prawitက သတိပေးခဲ့ပါသည်။

ထိုင်းနိုင်ငံဘောလုံးအသင်းသည် ပြီးခဲ့သောနှစ်က AFF Suzuki Cup ကိုဆွတ်ခူးနိုင်ခဲ့သော်လည်း အဆိုပါအချိန်ကတည်းက ထိုင်းနိုင်ငံဘောလုံးအသင်း၏ စွမ်းဆောင်ရည်သည် သာမန်မျှသာဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ ဘောလုံးအသင်းသည် ပြီးခဲ့သည့် မေလက ကျင်းပခဲ့သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ အမျိုးသား ဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်ဗီယက်နမ်ကို ရှုံးနိမ့်ခဲ့ပြီး ဆီးဂိမ်း၌ ရွှေတံဆိပ်ဆုကို ရယူနိုင်ခြင်းမရှိခဲ့ပေ။ ပြီးခဲ့သောလက ချင်းမိုင်မြို့၌ ကျင်းပခဲ့သော ထိုင်းဘုရင်ဖလားဘောလုံးပြိုင်ပွဲတွင် တတိယနေရာသာ ရရှိခဲ့ပါသည်။

လာမည့်နှစ်တွင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ

▶▶


















နောက်ကျောဖုံးသတင်း⋯မှအဆက်

ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုရ မောင်ဆက်ပိုင်ထွန်း (မကွေးတိုင်းဒေသကြီးအသင်း) ကိုလည်းကောင်း၊ တစ်ဦးချင်းအကောင်းဆုံးဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွင့်က စတုတ္ထဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းအား ငွေသားဆုကိုလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လင်းထွန်းက တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုကိုလည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုးက ပထမဆု ရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေသားဆုနှင့် အမျိုးသား တံခွန်စိုက်ဒိုင်းကို ပေးအပ်ချီးမြှင့်သည်။

■

---

အားကစားပြိုင်ပွဲကို ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည်ဖြစ်၍ ထိုင်းဘောလုံးပရိသတ်၏ ယုံကြည်မှုကို ပြန်လည်ရယူရန် ထိုင်းဘောလုံးအဖွဲ့ချုပ်(FAT)ဥက္ကဋ္ဌအား ဗိုလ်ချုပ်ကြီး Prawit က တိုက်တွန်းခဲ့ပါသည်။

ထိုင်းဘောလုံးအဖွဲ့ချုပ်(FAT) အနေဖြင့် ထိုင်းလူမျိုးများကို ထိုင်းနိုင်ငံဘောလုံးအသင်းအား ထပ်မံဂုဏ်ယူစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထိုင်းဘောလုံးအဖွဲ့ချုပ် (FAT) ဥက္ကဋ္ဌ Somyot က ဒုတိယဝန်ကြီးချုပ်၏ ပြောကြားချက်ကို ဖိအားတစ်ရပ်အနေဖြင့် မခံယူဘဲ အသင်းအောင်မြင်မှုရရှိရေးအတွက် စိတ်ခွန်အားတစ်ရပ်အနေဖြင့်ခံယူကာ ဦးဆောင်သွားမည်ဖြစ်ကြောင်း အင်္ဂါနေ့က ပြောကြားခဲ့ပါသည်။

ထိုင်းဘောလုံးအဖွဲ့ချုပ် (FAT) ဥက္ကဋ္ဌ Somyot က မိမိအနေဖြင့် ရာထူးကို ဖက်တွယ်မထားဘဲ နောင်တက်လာမည့်သူအတွက် လမ်းကြောင်းကို ပိတ်ပင်မထားပါကြောင်း ပြောကြားခဲ့ပါသည်။

ဗိုလ်ချုပ်ကြီး Prawit ၏ လမ်းညွှန်မှာကြားမှုကို ကျေးဇူးတင်ပါကြောင်း၊ လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရဲချုပ်ဟောင်းတစ်ဦးဖြစ်သော Somyot က ပြောကြားခဲ့ပါသည်။

ဘာသာပြန်-ဒေါ်အေးအေးလှိုင်၊
ဦးစီးမှူး(ကွန်ပျူတာ)
ဒေါ်နွေးနွေး(အငယ်တန်းစာရေး)
ဦးထက်သူ(ရုံးအကူ)

# ၂၀၂၂ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



● နေပြည်တော်၊ နိုဝင်ဘာလ(၃)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၂ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ (၃)နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာဗညားအောင်မိုးနှင့်ဦးရွှေကြိမ်၊ တပ်မတော်မှ အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။



ရှေးဦးစွာဗိုလ်လုပွဲ ပွဲစဉ်တွင် မကွေးတိုင်းဒေသကြီး အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မကွေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို (၄)ဂိုး-ဂိုး(မရှိ)ဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က အကောင်းဆုံးဂိုးသမားဆုရ မောင်သူရဇော် (တနင်္သာရီတိုင်းဒေသကြီးအသင်း)ကိုလည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က အကောင်းဆုံးနောက်တန်း ကစားသမားဆုရ မောင်မင်းထက်ဇော် (ကချင်ပြည်နယ်အသင်း)နှင့် အကောင်းဆုံး အလယ်တန်းကစားသမားဆုရ မောင်အောင်ခန့်ဖြိုး (ရန်ကုန်တိုင်းဒေသကြီးအသင်း)တို့ကိုလည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးက အကောင်းဆုံး ရှေ့တန်းကစားသမားဆုရ မောင်ဝင်းပြည့်မောင် (မကွေးတိုင်းဒေသကြီးအသင်း) ကို လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဖြိုးသန့်က

စာမျက်နှာ(၇၁)သို့

